ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ချမ်းသာခြင်းအကြောင်းတရား**

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည် လည်းကောင်း၊ ကိလေသာ အနိပ်စက်ခံရသူတို့အလယ်၌ ကိလေသာ အနိပ်အစက်မခံရဘဲနေခြင်းသည် လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည် လည်းကောင်း ချမ်းသာ၏။ သုခဝဂ်(ဓမ္မပဒ-၁၉၉)

၁၃၇၉ ခုနှစ် တန်ခူးလဆန်း ၁၁ ရက်၊ အင်္ဂါနေ့။ Tuesday 27 March 2018 ၉၂၄၁

# ဦးဝင်းမြင့် (တာမွေမဲဆန္ဒနယ်)အား နိုင်ငံတော်သမ္မတ အရည်အချင်းများနှင့် ပြည့်စုံမှုရှိကြောင်း အတည်ပြုကြေညာ

## နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်ပွဲ မတ် ၂၈ ရက်တွင် ကျင်းပမည်

နေပြည်တော် မတ် ၂၆

**ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့က တင်ပြသည့် ဒုတိယသမ္မတနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတအတွက် သတ်မှတ်ထားသည့် အရည်အချင်းနှင့် ပြည့်စုံခြင်း ရှိ၊ မရှိ စိစစ်ရေးအဖွဲ့၏ စိစစ်တွေ့ရှိချက်ကို လွှတ်တော်သို့ ဖတ်ကြားတင်ပြသည်။**

ထိုသို့ ဖတ်ကြားတင်ပြရာတွင် လစ်လပ်လျက်ရှိသည့် နိုင်ငံတော်သမ္မတ ရာထူးနေရာအတွက် ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့က ဦးဝင်းမြင့် (တာမွေမဲဆန္ဒနယ်)အား ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ကြောင်းကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံမှ ပြည်ထောင်စုလွှတ်တော် နာယကထံသို့ ပြည်သူ့လွှတ်တော်၏ ၂၀၁၈ ခုနှစ် မတ်လ ၂၃ ရက်စွဲပါစာဖြင့် ပေးပို့တင်ပြခဲ့ပါကြောင်း။

အဆိုပါ ဒုတိယသမ္မတအား နိုင်ငံတော်သမ္မတ အရည်အချင်းနှင့် ပြည့်စုံမှု ရှိ၊ မရှိ စိစစ်နိုင်ရန်အတွက် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှဥက္ကဋ္ဌများနှင့် ဒုတိယဥက္ကဋ္ဌများ၊ ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အစုအဖွဲ့မှ ဒေါ်ခင်စန်းလှိုင် (ပုလဲမဲဆန္ဒနယ်)၊ ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အစုအဖွဲ့မှ ဦးအောင်ကြည်ညွန့် (မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်-၄)နှင့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ❂



ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ ကျင်းပစဉ်။

### နှစ်နိုင်ငံ လွတ်လပ်သော ကုန်သွယ်ရေးသဘောတူစာချုပ် တောင်ကိုရီးယားနှင့် အမေရိကန် မူအားဖြင့် သဘောတူ

စာ » ၄

### မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ရှမ်းပြည်နယ်ရှိ မြို့များတွင် လူ့အခွင့်အရေးဆိုင်ရာ သိကောင်းစရာများ ရှင်းလင်းဆွေးနွေး

စာ » ၇

### မြန်မာအမျိုးသားလေကြောင်းလိုင်းမှ ထိုင်းနိုင်ငံ ဖူးခက်သို့ တစ်ပတ်လျှင် နှစ်ကြိမ် တိုက်ရိုက်ခရီးစဉ် စတင်ပြေးဆွဲ

စာ » ၁၀

## (၇၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုပါ၏။



ကြေးမုံ

# ပြည်သူလူထုပါဝင်မှုဖြင့် ဝိုင်းဝန်းဆောင်ရွက်

နိုင်ငံကို တည်ဆောက်ရာတွင် ပြည်သူလူထု၏ ပူးပေါင်းပါဝင်ကူညီမှုသည် အထူးလိုအပ်သည်။ ပြည်သူလူထု ပူးပေါင်းပါဝင်ကူညီသည်ဆိုရာ၌ တတ်နိုင်သည့်ဘက်မှလုပ်အားဖြင့် ပါဝင်ကူညီခြင်းဖြစ်သည်။ ပြည်သူလူထု ပူးပေါင်းပါဝင်ကူညီခြင်းသည် မြို့ပြ၊ ကျေးလက် သန့်ရှင်းသာယာလှပရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့ကဲ့သို့သော အစရှိသည့် လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းကို ဆိုလိုခြင်းဖြစ်သည်။

ဤသို့ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့်အရာမှာ အသိတရားပင်ဖြစ်သည်။ မိမိပတ်ဝန်းကျင်၊ မိမိမြို့၊ ရွာ၊ မိမိနိုင်ငံ တိုးတက်ကောင်းမွန်ရမည်ဟူသော ခံယူချက်ဖြင့် မည်သည့်တိုက်တွန်းချက်၊ မည်သည့်အမိန့်ပေးမှုမှ မပါဝင်ဘဲ ကိုယ်ပိုင်အသိစိတ်ဓာတ်ဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းကို ဆိုလိုခြင်းဖြစ်သည်။

မြန်မာနိုင်ငံရှိ ပြည်သူအများစုမှာ ပင်ကိုစိတ်ရင်းအားဖြင့် ရိုးပင်းကူညီတတ်သူများဖြစ်သည်။ ထိုသို့ ပူးပေါင်းပါဝင် ကူညီလိုစိတ်ရှိသော်လည်း အများမညီသဖြင့် ဘာသိဘာသာ နေထိုင်တတ်သည့် အလေ့အထကြောင့် ပူးပေါင်းဆောင်ရွက်ရေးတွင် အားနည်းကြသည်ကို တွေ့ရပေသည်။ အချို့ကလည်း အတ္တလွန်ကဲမှုကြောင့် အများအကျိုးတွင် ပါဝင်ဆောင်ရွက်လိုစိတ်မရှိချေ။ အများအကျိုးတွင် ပါဝင်ဆောင်ရွက်လိုစိတ်ရှိကြသူများမှာ အတ္တနည်းပါးသည့် အများပြည်သူတို့ဖြစ်ကြသည်ကို တွေ့ရပေသည်။

ရပ်ရေး၊ ရွာရေးနှင့် အများအကျိုးအတွက် ပါဝင်ဆောင်ရွက်ကြသည့် အလေ့အထနှင့်စိတ်ဓာတ်တို့ကို မြို့ပြများထက် ကျေးလက်ဒေသများတွင် အတွေ့များသည်။ မြို့ပြနေပြည်သူအများစုမှာ ပတ်ဝန်းကျင်နှင့်ပူးပေါင်းဆောင်ရွက်ရေး၌ အလေ့အထနည်းပါးပြီး မိမိအလုပ်မိမိလုပ်၍ ဘာသိဘာသာနေထိုင်တတ်ကြသည်။ ကျေးလက်နေပြည်သူအများစုမှာ ဆော်ဩသည်ဖြစ်စေ၊ မဆော်ဩသည်ဖြစ်စေ မိမိတို့ရပ်ရေးရွာရေးအကျိုးအတွက် တက်တက်ကြွကြွ ဆောင်ရွက်တတ်ကြသည်။

သာဓကအားဖြင့် မကြာသေးမီရက်ပိုင်းက မုံရွာမြို့နယ် အနောက်ပျံကျကျေးရွာသားများ ၎င်းတို့ကျေးရွာအတွင်းရှိ အမှိုက်သရိုက်များကို ကောက်ယူပြီး သတ်မှတ်ထားသည့်နေရာတွင် စနစ်တကျ စွန့်ပစ်ခဲ့ကြသည်ကို တွေ့ရသည်။ အမှိုက်ကောက်သည်မှာ မဆန်းလှသော်လည်း ဤကဲ့သို့ ရွာလုံးကျွတ် အသိစိတ်ဓာတ်ဖြင့်ဆောင်ရွက်ခဲ့မှုကို အသိအမှတ်ပြုရမည်ဖြစ်သည်။

ထိုအစီအစဉ်ကို ယင်းဒေသများရှိ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဦးဆောင်သည်ဆိုသော်လည်း စီမံကိန်းဝင်ကျေးရွာ ၂၂ ရွာ အနေဖြင့် စုပေါင်းအမှိုက်ကောက်လိုကြောင်း အဆိုပြုသောကြောင့် စီစဉ်ဆောင်ရွက်ပေးခြင်းဖြစ်ပြီး သတ်မှတ်ထားသည့် စွန့်ပစ်နေရာတွင် စနစ်တကျ စွန့်ပစ်နိုင်ရန် စီစဉ်ပေးခြင်းသာဖြစ်သည်။ ယခုအခါ ကျေးရွာများကိုယ်တိုင် လိုလိုလားလား ဆန္ဒပြုလာသောကြောင့် ယခုကဲ့သို့ ပထမဆုံးအကြိမ် စတင်ဆောင်ရွက်ခြင်းဖြစ်သည်။

အမှိုက်ကောက်သည်မှာ ထူးထူးခြားခြားအလုပ်ဟု မဆိုသာသော်လည်း ရွာသူရွာသားများအနေဖြင့် မိမိရပ်ရွာ သန့်ရှင်းသာယာလှပရေးကို အခြေခံသည့် စုပေါင်းဆောင်ရွက်ခြင်းမှသည် မိမိရပ်ရွာဖွံ့ဖြိုးရေးကို ပါဝင်ဆောင်ရွက်လိုသည့် စိတ်ဓာတ်များပြန့်ပွားရေးကို ဦးတည်ပေသည်။ ယခုကဲ့သို့ ကျေးလက်ပြည်သူများက မိမိတို့ရပ်ရွာအရေးကို နိုးနိုးကြားကြား ဆောင်ရွက်ကြသည့် အလေ့အထများမှတစ်ဆင့် နိုင်ငံအတွင်းရှိ အခြားကျေးရွာများလည်း စံနမူနာပြုအနေဖြင့် လုပ်ဆောင်လာကြကာ တစ်နိုင်ငံလုံး သန့်ရှင်းသာယာလှပရေးကို ရှေးရှုသည်ဖြစ်၍ စုစည်းညီညာခလေ့ကို ကြိုဆိုလိုက်ပါသည်။ ။

## (၇၃)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

- ☆ နိုင်ငံတော်အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်းလုံးညီညွတ်ရေးတို့ကို ပြည်သူအားလုံး စုစည်းညီညွတ်စွာဖြင့် အောင်မြင်အောင်ဆောင်ရွက်နိုင်ရန်အတွက် တပ်မတော်မှ ကူညီဆောင်ရွက်ပေးရေး။
- ☆ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းအတိုင်း ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုကြီးအဖြစ် ခိုင်ခိုင်မာမာလျှောက်လှမ်းနိုင်အောင် တပ်မတော်မှ ဆက်လက်ကြိုးပမ်းဆောင်ရွက်ရေး။
- ☆ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ထာဝရငြိမ်းချမ်းရေးရရှိအောင် နိုင်ငံရေးနည်းအရ မှန်ကန်စွာဖြေရှင်းဆောင်ရွက်မှုများတွင် ဥပဒေနှင့်အညီ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။
- ☆ တပ်မတော်ကို Standard Army ဖြစ်စေရန်အတွက် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏ လုပ်ငန်းစဉ်နှင့်အညီ စွမ်းရည်သုံးရပ်မြင့်မားရေးအား စဉ်ဆက်မပြတ် တိုးတက်အောင် လုပ်ဆောင်ရေး။

## နှလုံးသားသစ္စာ ကမ္ပည်းထိုး၏တည်း

* ငါ . . . မသေမီ . . .
တိုင်းပြည်အတွက်၊ အဖျက်တွန်းလှန်
ကျူးကျော်ရန်ကို၊ ခုခံကာကွယ်
အန္တရာယ်သတ်၊ မလစ်လပ်ခဲ့
မွန်မြတ် စိတ်ဓာတ်၊ မှတ်ကျောက်တင်။
= ငါတို့ စစ်ထွက်၊ တိုင်းပြည်တွက်မို့
မပျက်သစ္စာ၊ မြဲလိုက်နာ။
= ရောက်ရာဒေသ၊ လုပ်အားစပြီး
မိဘ မေတ္တာ၊ ခံယူကာ။
= စစ်ရေးစစ်ရာ၊ မရှိပါက
မြို့ရွာ ငြိမ်းချမ်း . . . ထမ်းပိုးမှာ။
* ငါ . . . သေသွားသော် . . .
စစ်သားသစ္စာ၊ တိုင်တည်ပါ၏
ကောင်းရာကောင်းမှု၊ အကြောင်းပြု၍
သာဓုခါခါ၊ ငါခေါ်ပါအံ့
ရောက်ရာဘဝ . . . ကမ္ပည်းတင်။
= ငါ့အရိုးကို
စည်းရိုးခြံသာ . . . ကာလိုက်ပါ။
= ငါ့အသားကို
ဆပွားမြေဆီလွှာ . . . ကျွေးလိုက်ပါ။
= ငါ့အသွေးကို
ရေအေးပမာ . . . သွန်းလောင်းပါ။
* တပ်မတော်နေ့ . . . တို့မမေ့
နေ့တိုင်းတို့ဟာ၊ မြဲမြံစွာဖြင့်
သစ္စာလေးချက်၊ မပျက်ဓိဋ္ဌာန်
အားမာန်တက်ကြွ . . . ရင်တွင်းမှ . . .
နှလုံးသားထဲက . . . ကျောက်စာကမ္ပည်းပါ။ ။

မင်းရဲကျော်

## စာပေဗိမာန်စာမူဆုရ စာအုပ်ဖြန့်ချိရောင်းချ

**နေပြည်တော် မတ် ၂၆**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ၂၀၁၅ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု၊ ပြဇာတ်စာပေ ပထမဆုရရှိသည့် ဝဇီရာဝင်းကြည်၏ "ရာမာယဏ ဆို၊ ငို၊ ပြော ဇာတ်တော်ကြီး" စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် ဆို၊ ငို၊ ပြော ဇာတ်တော်ကြီးကို အခန်း ၂၆ ခန်းဖြင့် သရုပ်ဖော်ရေးသားထားပြီး ဇာတ်တော်ဖွင့် လေပြည်နှင့် ဇာတ်သိမ်းသီချင်းတို့ ပါဝင်အောင် ရေးသားထားသည်။ မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံများတွင် ယဉ်ကျေးမှုအနုပညာတစ်ရပ်အဖြစ် ကပြလေ့ရှိသည့် ရာမဇာတ်တော်အတွက် ခိုင်မာသောဇာတ်ညွှန်းပညာဖြစ်သည့်အပြင် သုတနှင့်မှုတပါ ပြည့်ပြည့်စုံစုံ ဖန်တီးရေးသားထားသည့်အတွက် ပြဇာတ်ကို စိတ်ဝင်စားသည့်စာဖတ်ပရိသတ်များ ဖတ်ရှုသင့်သည့် စာအုပ်တစ်အုပ်ဖြစ်ပါကြောင်း တိုက်တွန်းလိုက်ပါသည်။

အဆိုပါစာအုပ်ကို ရောင်းဈေးကျပ် ၇၀၀ ဖြင့် အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း-၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈၊ အမှတ်(တ-၅၅) သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း-၀၆၇-၃၄၁၄၆၈၁၊ (၈၆)လမ်း၊ (၂၁)လမ်းနှင့်(၂၂)လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း-၀၂-၃၀၁၈၆ နှင့် အမြို့မြို့ရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန် အရောင်းဌာန ဖုန်း-၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈ တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် မတ် ၂၆**

ရန်ကုန်(ရွှေဈေး) ၉၄၅၀၀၀ - ၉၄၅၀၀၀ မန္တလေး(ရွှေဈေး) ၉၄၅၀၀၀ - ၉၄၅၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၇၉၅/၈၀၅ ကျပ် | ၈၂၀/၈၃၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၁၅/၈၂၀ ကျပ် | ၈၈၅/၈၉၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၆၅/၇၇၅ ကျပ် | ၈၃၀/၈၄၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၁၀/၈၂၀ ကျပ် | ၈၃၅/၈၅၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၇၄၀/၇၅၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၄၇/၇၅၇ ကျပ်၊
အောက်တိန်း ၉၂ တစ်လီတာ ၇၀၀/၇၁၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၃၇. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၆၅၃. ၆ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၁၁. ၆၈ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၂. ၈၉၄ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၄၁. ၅၅ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၀. ၅၇၂ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၇၃. ၈ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၃. ၇၂ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၃၂. ၆ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၁၈. ၀ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

ကြေးမုံ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း

သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သတင်းထောက် - ဒေါ်ဆုနှင်းလှဲ့

# ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ဓမ္မာစရိယပညာရေးဗဟိုအဖွဲ့နှင့် ပါဠိပထမပြန်ပညာရေးဗဟိုအဖွဲ့ ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညို

**ရန်ကုန် မတ် ၂၆**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုသည် ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေး ကုန်းမြေ သုံးထပ်ဆွမ်းစားဆောင်ခန်းမ၌ အစိုးရဓမ္မာစရိယစာမေးပွဲ ပညာရေးဗဟိုအဖွဲ့နှင့် ပါဠိပထမပြန်စာမေးပွဲ ပညာရေးဗဟိုအဖွဲ့ ဆရာတော်များအား သွားရောက်ဖူးမြော်၍ နဝကမ္မ အလှူငွေများ ဆက်ကပ်လှူဒါန်းပြီး စာမေးပွဲလျှို့ဝှက်မေးခွန်းထုတ်ခန်း၌ တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများအား ထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်သည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုသည် ဓမ္မာစရိယစာမေးပွဲပညာရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တ ဉာဏိကာဘိဝံသ အမှူးရှိသော ဆရာတော် ၁၅ ပါးနှင့် ပါဠိပထမပြန်စာမေးပွဲ ပညာရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တ သေဋ္ဌိလ ဇောတိ အမှူးရှိသော ဆရာတော် ၁၇ ပါးတို့အား ဖူးမြော်ကြည်ညို၍ သာသနာရေးဆိုင်ရာများကို လျှောက်ထားရာ ဆရာတော်ကြီးများက ဩဝါဒမိန့်ကြားပြီး တစ်ပါးလျှင် အလှူငွေကျပ် သုံးသိန်းစီဖြင့် ဆရာတော်ကြီး ၃၂ ပါးအတွက် နဝကမ္မအလှူငွေ စုစုပေါင်း ငွေကျပ် ၉၆ သိန်း ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် စာမေးပွဲပုစ္ဆာ အထောက်အကူပြု ဝန်ထမ်းများကို မိမိလုပ်ငန်းအပေါ် တာဝန်ကျေပွန်ပြီး သစ္စာရှိရန် လိုအပ်ကြောင်း မှာကြားကာ တစ်ဦးလျှင် ငွေကျပ် တစ်သိန်းစီဖြင့် ဝန်ထမ်း ၄၈ ဦးအတွက် စုစုပေါင်း ငွေကျပ် ၄၈ သိန်း ပေးအပ်ချီးမြှင့်သည်။

**သတင်းစဉ်**

## ဓမ္မာစရိယစာမေးပွဲ ဆဋ္ဌမနေ့ ကျင်းပ

**နေပြည်တော် မတ် ၂၆**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပပြုလုပ်သော ၂၀၁၈ ခုနှစ် ဓမ္မာစရိယစာမေးပွဲ (ဆဋ္ဌမနေ့)ကို ယနေ့မွန်းလွဲပိုင်းတွင် နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၅၂ ဌာနတို့တွင် ဖြေဆိုကြရာ စာဖြေသံဃာတော်နှင့် သီလရှင်များ စာရင်းသွင်း ၁၅၂၆၉ ပါးအနက် ၁၁၆၀၃ ပါး ဖြေဆိုကြသဖြင့် ၇၅ ဒသမ ၉၉ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။ **သတင်းစဉ်**

## တွံတေး၌ ရိုးရာအတာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**တွံတေး မတ် ၂၆**

၁၃၇၉ ခုနှစ် မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကို ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့၌ မြန်မာဓလေ့နှင့်လျော်ညီစွာ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကို ယဉ်ကျေးမှုဓလေ့ထုံးစံများနှင့်အညီ အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးနှင့် သင်္ကြန်ပွဲတော်ကာလအတွင်း မလိုလားအပ်သော ပြဿနာများ မဖြစ်ပွားစေရေးအတွက် ကြိုးကြပ်ဆောင်ရွက်သွားရန် မတ် ၂၆ ရက်က လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ တွေ့ဆုံရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးခိုင်ထွန်းက ပြောကြားသည်။

တွံတေးမြို့၌ မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများ ဖွဲ့စည်းထားပြီး ကော်မတီအလိုက် လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း၊ ဗဟိုမဏ္ဍပ်နေရာကို တွံတေးမြို့ ဈေးသစ်ရပ်ကွက် ဗိုလ်ချုပ်လမ်း မြို့မဈေးရှေ့တွင် နေရာရွေးချယ်သတ်မှတ်ခြင်း၊ မြို့ပေါ်ရှိ လူစည်ကားရာနေရာများတွင် ပြိုင်ပွဲဝင်မည့် ယိမ်းအဖွဲ့များ သတ်မှတ်ခြင်း၊ ဧည့်ခံဖျော်ဖြေရေး အစီအစဉ်များ ဆောင်ရွက်ခြင်း၊ မြို့ပေါ် ရှစ်ရပ်ကွက်မှ ပြိုင်ပွဲဝင်ယိမ်း ရှစ်ဖွဲ့နှင့် ဖျော်ဖြေရေးယိမ်း လေးဖွဲ့ စုစုပေါင်း ၁၂ ဖွဲ့တို့က ညပိုင်းတွင် ဧည့်ခံဖျော်ဖြေသွားမည်ဖြစ်ကြောင်း၊ ရေကစားသူများ ရေလုံလောက်စွာရရှိရေး စီစဉ်ခြင်းကို ကြိုတင်ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မျိုးလှိုင် (တွံတေး)**

# စန္ဒရား(ဦး)တင်ဝင်းလှိုင်၏ မမှန်မကန် စွပ်စွဲပုတ်ခတ်ပြောကြားမှုများနှင့် ထိုပြောကြားမှုများအပေါ် အခြေခံ၍ မမှန်မကန် ထပ်ဆင့်စွပ်စွဲချက်များကို လုပ်ဆောင်နေကြသည့် ပုဂ္ဂိုလ်များအား တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်

**အသိပေးကြေညာချက်**

၂၀၁၇ ခုနှစ်၊ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲကို ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ Myanmar Event Park ၌ ၂၀၁၈ ခုနှစ် မတ်လ ၂၃ ရက်နေ့ ညနေပိုင်းက ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါ အခမ်းအနားတွင် အကောင်းဆုံး တေးဂီတဆုရရှိခဲ့သည့် စန္ဒရား(ဦး)တင်ဝင်းလှိုင်အနေဖြင့် ကျေးဇူးတင်စကား ပြောကြားခဲ့ရာတွင် လည်းကောင်း၊ အကယ်ဒမီပွဲပြီး နောက်ပိုင်းမီဒီယာအချို့နှင့် ပြောကြားသော စကားများတွင်လည်းကောင်း ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့်ပတ်သက်၍ မမှန်မကန် စွပ်စွဲပုတ်ခတ်ပြောဆိုမှုများအပြင် ပုဂ္ဂိုလ်ရေးပုတ်ခတ်တိုက်ခိုက်ပြောဆိုမှုများပါဝင်နေပြီး ယင်းတို့ကို အွန်လိုင်းအပါအဝင် မီဒီယာများ၌ ရေးသားဖော်ပြလျက်ရှိရာ ယင်းအချက်များသည် မမှန်ကန်ကြောင်း ပြည်သူတို့ သိရှိနိုင်ရေးအတွက် ဤအသိပေးကြေညာချက်အား ထုတ်ပြန်ရခြင်း ဖြစ်ပါသည်။

စန္ဒရား(ဦး)တင်ဝင်းလှိုင်၏ မမှန်မကန် ပုတ်ခတ်တိုက်ခိုက် ပြောဆိုမှုများအနက် အဓိကကျသော အချက်များကို အောက်ပါအတိုင်းထုတ်နုတ် ရှင်းလင်းဖော်ပြအပ်ပါသည်-

(က) "ဂင်း၏ **ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ**အစီအစဉ် မလွှင့်နိုင်သည်မှာ (၁)နှစ်ရှိပြီ"ဟု ပြောကြားချက်မှာ **လုံးဝမှန်ကန်ခြင်း မရှိပါ။** ယင်းအစီအစဉ်ကို အပတ်စဉ် အင်္ဂါနေ့ ညနေတိုင်း၌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ထုတ်လွှင့်လျက်ရှိခဲ့ရာ အပိုင်း ၁၅၂ ကို ၂၀၁၈ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့တွင် နောက်ဆုံးထုတ်လွှင့်ခဲ့ပါသည်။ အသစ်ထပ်မံရိုက်ကူးနိုင်ရေး အတွက်လည်း ကာယကံရှင်၏ မိသားစုနှင့် ၂၀၁၇ ခုနှစ်၊ ဇွန်လမှစ၍ ၂၀၁၈ ခုနှစ်၊ မတ်လ ၂၂ ရက်နေ့အထိကာလများအတွင်း အကြိမ်ကြိမ် ဆက်သွယ်ခဲ့ရာ ဂင်း၏သမီးဖြစ်သူက (ဦး)တင်ဝင်းလှိုင် မျက်စိခွဲစိတ်ရန်ရှိခြင်း၊ ရုပ်ရှင်ကားကြီးများတွင် တေးဂီတတီးခတ်နေရခြင်း စသည်တို့ကြောင့်ဟုဆိုကာ အကြိမ်ကြိမ် ရွှေ့ဆိုင်းခဲ့ပြီး အကယ်ဒမီပွဲကြီးပြီးမှသာ ရိုက်ကူးနိုင်ရေး ဆက်သွယ်မည်ဟု ပြန်ကြားခဲ့ကြောင်း သိရှိရပါသည်။

(ခ) **"RCA စက်၊ အသုံးပြုသည့်အပ် တစ်ခုမှမရှိတော့"**ဟူသော ပြောကြားချက်မှာ **လုံးဝမှန်ကန်ခြင်း မရှိပါ။** မြန်မာ့အသံ၌ နှစ်ပေါင်း ၇၀ ကျော်က စတင်သုံးစွဲခဲ့သော စက်ဖြစ်ပြီး မူရင်းကုမ္ပဏီမှလည်း စက်အပိုပစ္စည်းထုတ်လုပ်ခြင်း မရှိတော့ပါ။ သို့သော်လည်း ပြန်လည်ပြင်ဆင်ထားမှုအရ ၂၀၁၇ ခုနှစ်တွင် စက် ၁ လုံး ပြန်လည်ကောင်းမွန်လာပြီး အသုံးပြုသည့် အပ်ကိုလည်း ရှာဖွေပြုပြင်ပြီး သုံးစွဲနိုင်ခဲ့ပြီး ဖြစ်ပါသည်။ ယင်းအပြင် ဓာတ်ပြားနှင့် အသံသွင်းတိပ်များထဲမှ သီချင်းများပျောက်ပျက်မသွားစေရေးအတွက် ခေတ်မီစက်များ အသုံးပြု၍ ဒစ်ဂျစ်တယ်စနစ်ဖြင့် ကူးယူထိန်းသိမ်းလျက်ရှိရာ ယနေ့အထိ မဟာဂီတ၊ ခေတ်ဟောင်း၊ နှောင်းခေတ်ကာလပေါ်တေးသီချင်းနှင့် အငြိမ့်၊ ဇာတ်သဘင် ဆက်စပ်အစီအစဉ်များ စုစုပေါင်းပုဒ်ရေ ၁၂၃၁၄၈ ကျော် ကူးယူနိုင်ခဲ့ပြီးဖြစ်ပါသည်။ ဆက်လက်၍လည်းဒစ်ဂျစ်တယ်မှတ်တမ်းအဖြစ် ကူးယူထိန်းသိမ်းလျက်ရှိပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်လျက်ရှိသော ရုပ်မြင်သံကြားနှင့် ရေဒီယိုအစီအစဉ်များတွင် ပုံမှန်ထုတ်လွှင့်ပေးလျက်ရှိပါသည်။ သို့ဖြစ်ရာ **"ဗမာ့အသံမြေကြီးထဲမြုပ်သွားတော့မယ်"**ဟူသော ပြောကြားချက်မှာ **လုံးဝမှန်ကန်ခြင်း မရှိပါ။**

(ဂ) **"သီချင်းခွေကူးရာတွင် ပိုက်ဆံအရမ်းပေးရတယ်၊ ရေအရမ်းလျှံရတယ်၊ ပိုက်ဆံမပေးရင် လူအဟောင်းတွေနဲ့ ဘယ်ဝန်ကြီးဌာနမှာမှ မရဘူး၊ ပိုက်ဆံပေးရတာချည်းပဲ"**ဟူသော ပြောကြားချက်မှာ အဖွဲ့အစည်းတစ်ခုကိုသာမက နိုင်ငံတော်အစိုးရတစ်ရပ်လုံး၏ ဝန်ကြီးဌာနများကို သိမ်းကျုံးပုတ်ခတ် စွပ်စွဲပြောကြားချက်ဖြစ်နေပါသည်။ အကယ်၍ ပိုက်ဆံပေးရသည်ဆိုပါက သက်ဆိုင်ရာဝန်ကြီးဌာန (သို့မဟုတ်) အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် အပါအဝင် အထက်အဖွဲ့အစည်းအဆင့်ဆင့်ကို တိုင်ကြားနိုင်ပါသည်။ တိုင်ကြားမှုများကိုလည်း စိစစ်ပြီး လိုအပ်သလို အရေးယူဆောင်ရွက်လျက်ရှိပါသည်။ ထို့သို့ **ယေဘုယျဆန်သောစွပ်စွဲချက်ဖြင့် အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများအားလုံးကို အခြေအမြစ်မရှိ ပုတ်ခတ်စွပ်စွဲပြောဆိုခြင်းမျိုးကို လုံးဝလက်ခံနိုင်မည် မဟုတ်ပါ။**

(ဃ) စန္ဒရား (ဦး)တင်ဝင်းလှိုင်မှ **"ပြည်ထောင်စုဝန်ကြီးနား ကပ်လို့ မရဘူး"**ဟူသော ပြောကြားချက်မှာ **လုံးဝမှန်ကန်ခြင်း မရှိပါ။** ဂင်းအနေဖြင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှတစ်ဆင့် ဖြစ်စေ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးသို့ဖြစ်စေ၊ ပြန်ကြားရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ ဦးစီးဌာနတစ်ခုခုမှဖြစ်စေ၊ အခြားအဖွဲ့အစည်းများမှတစ်ဆင့် ဖြစ်စေ ၊ ပြန်ကြားရေးဝန်ကြီးဌာနရှိ အရာထမ်း၊ အမှုထမ်း တစ်ဦးဦးမှဖြစ်စေ **ပြည်ထောင်စုဝန်ကြီးနှင့် တွေ့ဆုံနိုင်ရေးအတွက် စာဖြင့်သော်လည်းကောင်း၊ နှုတ်ဖြင့်သော်လည်းကောင်း၊ တယ်လီဖုန်းဖြင့်သော်လည်းကောင်း၊ အီးမေးလ်ဖြင့်သော် လည်းကောင်း၊ ကိုယ်တိုင်လာရောက်၍သော် လည်းကောင်း ဆက်သွယ်ပြောဆိုခြင်း လုံးဝမရှိခဲ့ပါ။** ဝန်ကြီးဌာနမှ တာဝန်ရှိသူများအနေဖြင့်လည်း တွေ့ဆုံမှုကို ပိတ်ပင်ခဲ့ခြင်း၊ တားဆီးခဲ့ခြင်း၊ မျက်ကွယ်ပြုခဲ့ခြင်း လုံးဝမရှိပါကြောင်း အထောက်အထားများအရ သိရှိရပါသည်။

(င) ဂင်း၏ ပြန်ပြောကြားချက်များတွင် **လူပုဂ္ဂိုလ်ဆိုင်ရာ စော်ကားမှုအပြင် တပ်မတော်မှ နယ်ဘက်သို့ လွှဲပြောင်းအမှုထမ်းဆောင်နေသော ပုဂ္ဂိုလ်များနှင့်ပတ်သက်၍လည်း မတရားစွပ်စွဲပြောဆိုမှုများ ပြုလုပ်ခဲ့သည်မှာ လုံးဝသင့်လျော်မှုမရှိပါ။** ဂင်းဝန်ထမ်းများသည် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ တာဝန်ထမ်းဆောင်ခြင်း မရှိပါက မထမ်းဆောင်သည့်သူများကို အမည်နှင့်တကွ တိကျစွာ ဖော်ထုတ်၍တိုင်ကြားနိုင်ပါသည်။ ထို့သို့ **ယေဘုယျဆန်သော စွပ်စွဲချက်ဖြင့် နယ်ဘက်တာဝန်လွှဲပြောင်းထမ်းဆောင်သူ တပ်မတော်သားအားလုံးကို ပုတ်ခတ်စွပ်စွဲပြောဆိုခြင်းသည် အခြေအမြစ်မရှိသည့် ပြောကြားချက်များ**သာ ဖြစ်ပါသည်။

ထို့သို့ စန္ဒရား(ဦး)တင်ဝင်းလှိုင်၏ မမှန်မကန် စွပ်စွဲပုတ်ခတ်ပြောကြားမှုများနှင့် ထိုပြောကြားမှုများအပေါ် အခြေခံ၍ လူမှုကွန်ရက်အပါအဝင် မီဒီယာများတွင် ထပ်ဆင့်စွပ်စွဲပြောကြားမှုများ၊ မှန်ကန်မှုမရှိသည့် အကြောင်းအရာများကို ထပ်ဆင့်ဖော်ပြနေမှုများနှင့်ပတ်သက်၍ ပြည်သူအများ ထင်ယောင်ထင်မှား မဖြစ်စေရေးအတွက် ဖြစ်စဉ်အမှန်ကို သက်ဆိုင်ရာအဖွဲ့အစည်းမှ အိတ်ဖွင့်ပေးစာရေးသားခြင်း၊ သတင်းစာရှင်းလင်းပွဲများ ပြုလုပ်ခြင်း၊ သက်ဆိုင်ရာနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များအား တွေ့ဆုံမေးမြန်းခြင်းများဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ထို့အပြင် ဂင်း၏ မမှန်မကန် ပြောကြားခဲ့မှုများ၊ ယင်းပြောကြားခဲ့မှုများအပေါ် အခြေခံ၍ မမှန်မကန် ထပ်ဆင့်စွပ်စွဲချက်များကို လုပ်ဆောင်နေကြသည့် သက်ဆိုင်သူပုဂ္ဂိုလ်များအား တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာနပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့**

၂၆-၃-၂၀၁၈



# နှစ်နိုင်ငံ လွတ်လပ်သော ကုန်သွယ်ရေးသဘောတူစာချုပ် တောင်ကိုရီးယားနှင့် အမေရိကန် မူအားဖြင့် သဘောတူ

**ဆိုးလ် မတ် ၂၆**

နှစ်နိုင်ငံလွတ်လပ်သောကုန်သွယ်ရေးသဘောတူစာချုပ်(အက်ဖ်တီအေ)နှင့် သံမဏိဆိုင်ရာ သွင်းကုန်ခွန် ကောက်ခံရေးကိစ္စတို့နှင့် ပတ်သက်၍ မိမိတို့မူအားဖြင့် သဘောတူညီမှုတစ်ရပ်ရရှိခဲ့ကြကြောင်း တောင်ကိုရီးယားကုန်သွယ်ရေးဝန်ကြီး ကင်ဟွန်ချုံက အမေရိကန်ခရီးစဉ်မှ ပြန်လည်ရောက်ရှိလာချိန်တွင် ပြောကြားလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက မတ် ၂၆ ရက်တွင် သတင်းထုတ်ပြန်သည်။

နှစ်နိုင်ငံ အက်ဖ်တီအေ သဘောတူညီချက် ချုပ်ဆိုနိုင်ရေးနှင့် သံမဏိသွင်းကုန်ခွန် ကောက်ခံရေးကိစ္စတို့နှင့် ပတ်သက်၍ အမေရိကန်နှင့်ဆွေးနွေးပွဲတစ်ရပ်ပြုလုပ်ခဲ့ပြီးနောက် တောင်ကိုရီးယား ကုန်သွယ်ရေးဝန်ကြီး ကင်သည် မတ် ၂၅ ရက်တွင် အင်ချွန်းနိုင်ငံတကာလေဆိပ်သို့ ဆိုက်ရောက်လာစဉ် သတင်းထောက်များအား အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

နှစ်နိုင်ငံ လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက် ချုပ်ဆိုနိုင်ရေးအတွက် အသေးစိတ်ဆွေးနွေးမှုများ ဆက်လက်ပြုလုပ်သွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ သို့ရာတွင် မကြာမီမှာပင် သဘောတူညီချက်ရရှိနိုင်ကြောင်း ဝန်ကြီး ကင်က ပြောကြားသည်။

**အေအက်ဖ်ပီ**

# ကာတာလိုနီးယား ခေါင်းဆောင်ဟောင်း ဂျာမနီ၌ အဖမ်းခံရမှု စပိန်၌ ကန့်ကွက်ဆန္ဒပြ

**ဘွန်း မတ် ၂၆**

ကာတာလိုနီးယားဒေသ၏ ခေါင်းဆောင်ဟောင်း ကားလက်စ်ပစ်ဒီမောင့်ကို မတ် ၂၆ ရက်တွင် ဂျာမနီနိုင်ငံရှိ တရားရုံး တစ်ရုံးသို့ ရုံးထုတ်မည်ဖြစ်ကြောင်း၊ ဂျာမနီနိုင်ငံတွင် ပစ်ဒီမောင့် အဖမ်းခံခဲ့ရပြီးနောက် စပိန်နိုင်ငံ၌ ၎င်းအားထောက်ခံသူများက ကန့်ကွက်ဆန္ဒပြပွဲများကို ဆက်တိုက်ပြုလုပ်ခဲ့ကြပြီး ဆန္ဒပြပွဲများအတွင်း ရဲတပ်ဖွဲ့ဝင်များနှင့် ထိပ်တိုက်ရင်ဆိုင်တွေ့ခဲ့ကြကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

ဂျာမနီရဲတပ်ဖွဲ့သည် မတ် ၂၅ ရက်က ပစ်ဒီမောင့်ကို ဖမ်းဆီးခဲ့သည်။ ၎င်းသည် ဖင်လန်ခရီးစဉ်မှအပြန် ဒိန်းမတ်နိုင်ငံမှနေ၍ နယ်စပ်ဒေသကို ကားဖြင့် ဖြတ်ကျော်ဝင်ရောက်လာချိန်တွင် အဖမ်းခံခဲ့ရသည်။ စပိန်နိုင်ငံက ထုတ်ပေးသည့် ဥရောပ ဖမ်းဝရမ်းအရ ရဲတပ်ဖွဲ့က ဖမ်းဆီးခြင်းဖြစ်သည်။

ပစ်ဒီမောင့်သည် စပိန်ဗဟိုအစိုးရအဖွဲ့၏ သတိပေးချက်ကို အာခံကာ နိုင်ငံအရှေ့မြောက်ပိုင်းရှိ ကာတာလိုနီးယားဒေသ ခွဲထွက်ရေးအတွက် လူထုဆန္ဒခံယူပွဲပြုလုပ်ခဲ့ပြီး ဒေသန္တရလွှတ်တော်က လွတ်လပ်ရေးကို ကြေညာခဲ့သဖြင့် ဆန္ဒပြမှုများ ဖြစ်ပွားခဲ့ရာတွင် ရဲတပ်ဖွဲ့၏ အကြမ်းဖက်ဖြိုခွင်းမှုကို တွေ့ကြုံခဲ့ရသည်။ စပိန်ဗဟိုအစိုးရအဖွဲ့ကလည်း ကာတာလိုနီးယားဒေသကို တိုက်ရိုက်အုပ်ချုပ်မှု ပြန်လည်ပြုလုပ်ခဲ့သည်။

ပစ်ဒီမောင့်သည် ထိုအချိန်မှစ၍ ထွက်ပြေးတိမ်းရှောင်နေခဲ့ပြီး နိုင်ငံတော်ပုန်ကန်မှုနှင့်နိုင်ငံတော်သစ္စာဖောက်မှုတို့ဖြင့် စပိန်အစိုးရ ရှေ့နေများ၏ တရားစွဲဆိုမှုမှ လွတ်မြောက်အောင် ငါးလကြာမျှ ရှောင်တိမ်းနေခဲ့သည်။

ကာတာလိုနီးယားဒေသကို စပိန် ဗဟိုအစိုးရအဖွဲ့က တိုက်ရိုက်အုပ်ချုပ်မှုစတင်ပြုလုပ်ခဲ့ပြီးနောက် ဘယ်လ်ဂျီယမ်နိုင်ငံသို့ ပစ်ဒီမောင့် ထွက်ပြေးခဲ့ကြောင်း ၎င်း၏ ရှေ့နေ ယွာမေအလွန်ဆိုကျူဗီလပ်စ်က ပြောကြားသည်။ ပစ်ဒီမောင့်အား ဂျာမနီ တရားသူကြီးတစ်ဦး၏ ရှေ့မှောက်သို့ မတ် ၂၆ ရက်တွင် ရုံးထုတ်သည့်အခါ ၎င်းအား စပိန်နိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးအပ်ချိန်အထိ ဆက်လက်ထိန်းသိမ်းထားရန် သင့်၊ မသင့် တရားသူကြီးက ဆုံးဖြတ်ရမည်ဖြစ်သည်။

ပစ်ဒီမောင့် အဖမ်းခံခဲ့ရပြီးနောက် ကာတာလိုနီးယားဒေသရှိ လမ်းများပေါ်သို့ ထွက်ကာ ဆန္ဒပြခဲ့ကြရာ ရဲတပ်ဖွဲ့နှင့် အဓိကရုဏ်းများ ဖြစ်ပွားခဲ့သည်။ စပိန်နိုင်ငံ မြို့တော်ဘာစီလိုနာတွင်လည်း ချီတက်ဆန္ဒပြမှုများ ဖြစ်ပွားခဲ့ရာတွင် ခွဲထွက်ရေးလိုလားသူများနှင့် အဓိကရုဏ်းနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များအကြား ရုန်းရင်းဆန်ခတ်ဖြစ်မှုကြောင့် လူ ၅၀ ခန့် ဒဏ်ရာရခဲ့သည်။

**အေအက်ဖ်ပီ**






# ဆိုက်ဘေးရီးယားဒေသရှိ ကုန်တိုက်ကြီးတစ်ခု မီးလောင်မှုကြောင့် ၅၆ ဦးထက်မနည်းသေဆုံး

**မော်စကို မတ် ၂၆**

ရုရှားနိုင်ငံ ဆိုက်ဘေးရီးယားဒေသ ကီမီရိုဗိုမြို့ရှိ ကုန်တိုက်ကြီးတစ်ခုတွင် မတ် ၂၅ ရက်က မီးလောင်မှုဖြစ်ပွားရာ သေဆုံးသူ ၅၆ ဦးထက်မနည်းရှိကြောင်း စုံစမ်းစစ်ဆေးရေးကော်မတီက မတ် ၂၆ ရက်တွင် ထုတ်ပြန်ကြေညာသည်။

မတ် ၂၅ ရက် မွန်းလွဲပိုင်းတွင် မီးစတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး ရှာဖွေကယ်ဆယ်ရေးသမားများက မီးလောင်လျက်ရှိသော အဆောက်အအုံ၏ အပေါ်ပိုင်းအထပ်များသို့ ရောက်ရှိရေးအတွက် ကြိုးပမ်းခဲ့ကြသည်။

အထပ်လေးထပ်ရှိသည့် အဆိုပါ အဆောက်အအုံ၏ ခေါင်မိုးမှာ မီးလောင်ကျွမ်းမှုကြောင့် ပြိုကျခဲ့ပြီးဖြစ်သည်။

မီးလောင်ကျွမ်းမှုကြောင့် ထိခိုက်ဒဏ်ရာရသူ ၄၄ ဦးကို ဆေးရုံသို့ တင်ပို့ပေးခဲ့ပြီး ၎င်းတို့အနက် ၁၀ ဦးမှာ ဆိုက်ဘေးရီးယားဒေသ ကီမီရိုဗိုမြို့ရှိ ဆေးရုံတွင် ဆေးကုသမှုခံယူနေကြရဆဲဖြစ်ကြောင်း စုံစမ်းစစ်ဆေးရေးကော်မတီ၏ ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

မီးလောင်ကျွမ်းမှုဖြစ်ပွားစဉ် အဆိုပါအဆောက်အအုံ၏ လေးထပ်တွင် ရှိနေသည့် ၁၁ နှစ်အရွယ် ယောက်ျားလေးတစ်ဦး ပြတင်းပေါက်မှခုန်ချခဲ့မှုကြောင့် ဒဏ်ရာပြင်းထန်စွာရခဲ့ကြောင်း ကျန်းမာရေးဝန်ကြီး ဗာရိုနီကာဆက်ဗိုဆိုဗာက ပြောကြားသည်။

မီးလောင်မှုကြောင့် ပျောက်ဆုံးနေသူများ၏စာရင်းကို အတိအကျမသိရသေးသော်လည်း ကနဦးပေါ်ထွက်လာသည့် သတင်းများအရ လူ ၆၄ ဦးပျောက်ဆုံးနေပြီး ၎င်းတို့ထဲမှ ၄၁ ဦးမှာ ကလေးငယ်များဖြစ်သည်ဆို၏။

မီးလောင်ကျွမ်းမှုဖြစ်ပွားသည့် ဝင်းတားချယ်ရီအမည်ရှိ ကုန်တိုက်အဆောက်အအုံမှ ထွက်ရှိလာသည့် မီးခိုးလုံးများကို ရုပ်မြင်သံကြားသတင်းတွင် တွေ့မြင်ရသည်။

မီးလောင်ကျွမ်းမှုအတွင်း လူပေါင်း ၆၆၃ ဦးက ကယ်ဆယ်ရေးနှင့် ရှာဖွေရေးလုပ်ငန်းတွင် ပါဝင်ကြောင်း အရေးပေါ်လုပ်ငန်းဝန်ကြီးဌာနက ပြောကြားသည်။

အပူချိန်မြင့်မားခြင်း၊ မီးခိုးများထူထပ်စွာ ထွက်ရှိခြင်းနှင့် ဓာတ်ငွေ့များကြောင့် ကယ်ဆယ်ရေးလုပ်ငန်းများကို ခက်ခက်ခဲခဲလုပ်ကိုင်ရကြောင်း အရေးပေါ်လုပ်ငန်းဝန်ကြီးဌာနကြေညာချက်တွင် ဖော်ပြသည်။

**ဆင်ဟွာ**

# အစ္စရေးနိုင်ငံ မြောက်ပိုင်းကို အနာဂတ်စစ်ပွဲမှ ကာကွယ်ပေးရေး ကာကွယ်ရေးဝန်ကြီးပြော

**ဂျေရုဆလင် မတ် ၂၆**

ဆီးရီးယားနိုင်ငံတွင် အီရန်က စစ်ဘက်ဆိုင်ရာအဆောက်အအုံများ တည်ဆောက်ခြင်းကို အစ္စရေးက ခွင့်ပြုမည်မဟုတ်ကြောင်း၊ အစ္စရေးနိုင်ငံမြောက်ပိုင်းဒေသကို အနာဂတ်စစ်ပွဲမှ ကာကွယ်ပေးနိုင်ရန် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း အစ္စရေးကာကွယ်ရေးဝန်ကြီး အေဝစ်ဒါ လီဘာမင်းက အစ္စရေးနိုင်ငံထူထောင်မှု နှစ် (၇၀) ပြည့် နှစ်ပတ်လည်နေ့ဖြစ်သော မတ် ၂၅ ရက်တွင် ပြောကြားလိုက်သည်။

မြို့တော်ဂျေရုဆလင်၌ မတ် ၂၅ ရက်က အစ္စရေးသတင်းစာ ယေဒေ့ါ အာသွန်နော့က ကမကထပြု ကျင်းပသည့် ဆွေးနွေးပွဲတွင် ယင်းသို့ ပြောကြားခြင်းဖြစ်သည်။ အီရန်နိုင်ငံအနေဖြင့် အဏုမြူ လက်နက်ပိုင်ဆိုင်ခြင်းနှင့် ဆီးရီးယားတွင် စစ်ဘက်ဆိုင်ရာ အဆောက်အအုံများ တည်ဆောက်ခြင်းကို ခွင့်ပြုမည်မဟုတ်ကြောင်း ၎င်းက ပြောကြားသည်။

အစ္စရေးနိုင်ငံမြောက်ပိုင်းဒေသသည် စစ်ပွဲအတွက် အသင့်အနေအထားတွင် မရှိသဖြင့် ယင်းဒေသ၌ စစ်ရေးတည်ဆောက်မှုများ ပြုလုပ်နိုင်ရန် လာမည့်ငါးနှစ်တာကာလအတွင်း အစ္စရေးအစိုးရက နှစ်စဉ် အမေရိကန်ဒေါ်လာ ၂၈၇ သန်းထက်မနည်း အသုံးပြုသင့်သည်ဟု ၎င်းက ပြောကြားသည်။

အီရန်သည် ဆီးရီးယားအစိုးရကို ထောက်ခံအားပေးနေပြီး လက်ဘနွန် ဟစ္စဘိုလာအဖွဲ့နှင့် ပါလက်စတိုင်းဟားမားစ်အဖွဲ့တို့ကို ကူညီထောက်ပံ့ခြင်းဖြင့် ဒေသတွင်းအခြေအနေ ဆိုးရွားအောင်ပြုလုပ်နေကြောင်း ၎င်းက ပြောကြားသည်။

အစ္စရေးလူဦးရေ၏ လေးပုံတစ်ပုံခန့် နေထိုင်ရာ နိုင်ငံမြောက်ပိုင်းဒေသကို ကာကွယ်စောင့်ရှောက်ပေးရန် လိုအပ်ကြောင်း၊ အီရန်နိုင်ငံ နျူကလီးယား လက်နက်ပိုင်ဆိုင်ခွင့်ကို မိမိတို့နိုင်ငံ လုံးဝခွင့်ပြုနိုင်မည် မဟုတ်သည့်အပြင် ဆီးရီးယားတွင်လည်း ယင်းနိုင်ငံက စစ်ရေးအရ ခြေကုပ်ပြုမှုကို လက်ခံနိုင်မည်မဟုတ်ကြောင်း ဝန်ကြီး လီဘာမင်းက ပြောကြားသည်။

**ဆင်ဟွာ**

# စန္ဒရားတင်ဝင်းလှိုင်သို့ အိတ်ဖွင့်ပေးစာ

**သို့**

**ဆရာ စန္ဒရားတင်ဝင်းလှိုင်ခင်ဗျား-**

၁။ ၂၃-၃-၂၀၁၈ ရက်နေ့ ညပိုင်းက ရန်ကုန်မြို့ Myanmar Event Park မှာ ပြုလုပ်တဲ့ ၂၀၁၇ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးအပ်ပွဲ အခမ်းအနားမှာ ကျေးဇူးတင်စကားပြောကြားစဉ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(MRTV)နဲ့ ပတ်သက်ပြီး ထည့်သွင်းပြောကြားခဲ့တဲ့အချက်တွေနဲ့ ပတ်သက်လို့ အခြေအနေမှန်ကို သိစေချင်လို့ အခုလို စာရေးသားလိုက်ရခြင်းဖြစ်ပါတယ်။

၂။ ဆရာပြောတဲ့အထဲက ဗမာသံ မြေကြီးထဲ မြုပ်မသွားအောင်ဆိုတာနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ MRTV က လုပ်နေတာတွေ အများကြီး ရှိပါတယ်။ ဆရာသတိမထားမိလို့ဖြစ်မှာပါ။ အဲဒီအထဲက အကျဉ်းလောက် ထုတ်နုတ်ပြောပြရရင် ရေဒီယိုမှာဆိုရင် ၁၉၄၆ ခုနှစ် ဗမာ့အသံဆိုပြီး စတင်ထုတ်လွှင့်ကတည်းက မြန်မာ့အနုသုခုမဆိုင်ရာများနဲ့ မြန်မာသံ တေးသီချင်းတွေကို စဉ်ဆက်မပြတ်ထုတ်လွှင့်လျက်ရှိပြီး မဟာဂီတ သီချင်းကြီး အစီအစဉ်၊ မြန်မာ့ဇာတ်သဘင်၊ တစ်ခေတ်တစ်ခါက အနှစ်သာရ၊ ဗုဒ္ဓဝင်ဇာတ်တော်ကြီးများ၊ ဇာတ်သဘင်အဖွဲ့ဖျော်ဖြေခန်းများ၊ ဆိုင်းအဖွဲ့ဖျော်ဖြေခန်းများ၊ မြန်မာ့ဓလေ့တေးသံများ၊ သီချင်းကြီး သရုပ်ဖော်၊ မြန်မာတို့ရဲ့ တေးအစမဟာဂီတ၊ မြန်မာ့အနုသဘင်၊ ဂီတသမား ဂီတစကား၊ ခံစားနားဆင် မြန်မာတေးသံစဉ်၊ မြတ်နိုးစရာကျေးရွာ တေးကဗျာ၊ သူ့ခေတ်သူ့အခါ တေးကမ္ဘာ၊ ရေဒီယိုမူရင်း ရွှေသီချင်းကြေးမုံစတဲ့ အစီအစဉ်တွေကို တစိုက်မတ်မတ် တစ်နိုင်ငံလုံးကို ထုတ်လွှင့်ပေးနေပါတယ်။

ရုပ်မြင်သံကြားမှာဆိုရင်လည်း ၁၉၈၀ ပြည့်နှစ်က ရောင်စုံရုပ်မြင်သံကြား အစီအစဉ်တွေ စတင်ထုတ်လွှင့်ချိန်မှစပြီး မြန်မာသံ မြန်မာ့ယဉ်ကျေးမှု အနုလက်ရာများနဲ့ ပတ်သက်တဲ့အစီအစဉ်တွေကို ထုတ်လွှင့်ပေးလျက်ရှိရာမှာ ဆို၊ က၊ ရေး၊ တီး သီချင်းကြီး၊ ဇာတ်တော်ကြီး၊ ဇာတ်ပြောကွက်စိပ်၊ ရုပ်သေးတင်ဆက်ဖျော်ဖြေမှု၊ မှတ်သားစရာ ပြည်သူ့နီတိကျင့်ဝတ်များ၊ (၃၈)ဖြာမင်္ဂလာ၊ ပန်းဆယ်မျိုး၊ အနုပညာအစီအစဉ်များ၊ ဂန္ထဝင်ခေတ်ဟောင်းတေးများ၊ ဂီတသမား ဂီတစကား၊ နေမဝင်အလှများ၊ ကာလပေါ်တေးများ၊ အနုပညာခန်းရိပ်သာ၊ သုခုမအငြိမ့်သဘင်၊ ၁၂ လရာသီ အငြိမ့်သဘင်၊ မြန်မာ့အသံခေတ်ပေါ်တေးဂီတ၊ မှတ်မှတ်ထင်ထင် မြန်မာ့ရုပ်ရှင်၊ သမိုင်းကို ဖော်ပြနေသော ဝါကျများအပြင် ဆရာကိုယ်တိုင်ပါဝင်တဲ့ ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာ အစီအစဉ်တွေကို အစဉ်တစိုက် ကြိုးစားဆောင်ရွက် ထုတ်လွှင့်လျက်ရှိပါတယ်။ ဆရာစိုးရိမ်သလို ဗမာသံမြေကြီးထဲ မြုပ်မသွားအောင် ဌာနက ဆောင်ရွက်နေတာလေးသိအောင် အကျဉ်းမျှ ပြောပြတာပါ။

၃။ နောက်တစ်ခုက ဆရာပြောသွားတဲ့ RCA ဆိုတဲ့ ဓာတ်ပြားအကြီးကြီးတွေဖွင့်တဲ့စက်၊ တိပ်ခွေဖွင့်တဲ့စက် နှစ်ခုမရှိတာ၊ ရေအိုးတွေပဲ တင်ထားတာ ဆယ်စုနှစ်ကျော်သွားပါပြီဆိုတာနဲ့ ပတ်သက်လို့ ပြောပြရရင် ဓာတ်ပြားအကြီး (၁၆ လက်မအရွယ်)ကိုဖွင့်တဲ့ RCA စက်က လွန်ခဲ့တဲ့ နှစ်ပေါင်း ၇၀ ကျော်ကတည်းက မြန်မာ့အသံမှာ သုံးခဲ့တဲ့စက်ဖြစ်ပါတယ်။ စက်နဲ့ ပတ်သက်တဲ့ အပိုပစ္စည်းကို မူရင်းကုမ္ပဏီက လုံးဝမထုတ်တော့ပါဘူး။ ဒါပေမယ့် မိမိတို့ဌာနဝန်ထမ်းတွေနဲ့ ပြင်ပပညာရှင်တွေ ပူးပေါင်းပြီး ပြုပြင်ထားတာ ရှိတဲ့စက်နှစ်လုံးမှာ ၂၀၁၇ ခုနှစ်ကတည်းက တစ်လုံးပြန်ကောင်းနေပါပြီ။ အဲဒီစက်မှာသုံးတဲ့ အပ်ကိုလည်း မူရင်းမရပေမယ့် သုံးလို့ရတဲ့အပ်ကို ရှာဖွေထားတာ ထိုက်သင့်သလောက်ရှိပြီး အသုံးပြုနေပါပြီ။ ဒါ့အပြင် ကျန်တဲ့ဓာတ်ပြားဆိုဒ် အသေးမျိုးစုံ (၇ လက်မ၊ ၁၀ လက်မ၊ ၁၂ လက်မ)ကိုကူးတဲ့ စက်ဆိုရင်လည်း ခေတ်မီတဲ့စက်တွေနဲ့ အစားထိုးပြီး ဓာတ်ပြားတွေကို ကူးယူပြီး ဒစ်ဂျစ်တယ်စနစ်နဲ့ Archive ပြုလုပ်လျက်ရှိပါတယ်။ မြန်မာ့အသံက ဓာတ်ပြားနဲ့ အသံသွင်းတိပ်များမှ သီချင်းတွေကိုကူးယူပြီး ဒစ်ဂျစ်တယ်မှတ်တမ်းအဖြစ် Archive လုပ်ထားတာမှာ မဟာဂီတ၊ ခေတ်ဟောင်း၊ နှောင်းခေတ်ကာလပေါ် တေးသီချင်းနှင့် အငြိမ့်၊ ဇာတ်သဘင် ဆက်စပ်အစီအစဉ်များ စုစုပေါင်း အပုဒ်ရေ ၁၂၃၁၄၈ ရှိနေပြီ ဖြစ်ပါတယ်။ ဒီနေ့အထိလည်း နေ့စဉ် ဒစ်ဂျစ်တယ်မှတ်တမ်းအဖြစ် ကူးယူ ထိန်းသိမ်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။

၄။ ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာ အစီအစဉ်ကို မလွှင့်နိုင်တာ တစ်နှစ်ရှိပြီလို့ ပြောသွားတာနဲ့ ပတ်သက်ပြီး MRTV အနေနဲ့ ဆရာရဲ့ အစီအစဉ်သစ်များ ရိုက်ကူးမထုတ်လွှင့်နိုင်သေးခင် စပ်ကြားမှာ ယခင်ရိုက်ပြီးသား ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာ (ဂီတရိပ်သာ- ၁၉၂) ပိုင်းနဲ့ ၎င်းနဲ့ ဆက်စပ်ဂီတရိပ်သာစတဲ့ အခြားသီချင်းတွေကို စုစည်းတင်ဆက်မှု အစီအစဉ်များအပါအဝင် စုစုပေါင်း အစီအစဉ် ၂၀၉ ခု ရှိပါပြီ။ ဆရာနောက်ဆုံးရိုက်ကူးတဲ့ အစီအစဉ်ထုတ်လွှင့်တဲ့ ၃-၇-၂၀၁၇ ရက်(အင်္ဂါနေ့)နောက်ပိုင်းကစတင်လို့ အပတ်စဉ် ယခင်ရိုက်ကူးပြီး အစီအစဉ်တွေကို အင်္ဂါနေ့ ညနေ ၄ နာရီခွဲ အချိန်တိုင်းမှာ ယနေ့အထိ ထုတ်လွှင့်ပြသလျက်ရှိတာကို ဆရာသိလျက်နဲ့ မလွှင့်နိုင်တာ တစ်နှစ်ရှိပြီလို့ ထည့်သွင်းပြောခဲ့၊ ဆိုခဲ့တဲ့အပေါ်မှာ နားမလည်နိုင်ဘဲ ဖြစ်ရပါတယ်။ ယခုနှစ် ကျင်းပခဲ့တဲ့ အကယ်ဒမီပေးပွဲကြီးမကျင်းပမီ သုံးရက်အလို ၂၀-၃-၂၀၁၈ ရက်နေ့ကလည်း ဂီတရိပ်သာအပိုင်း ၁၅၂ ကို ထုတ်လွှင့်ခဲ့ပါသေးတယ်။

ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ အစီအစဉ်သစ်များ ရိုက်ကူးထုတ်လွှင့်ဖို့အတွက် MRTV က ဆရာ့ဆီ အစဉ်တစိုက် ဆက်သွယ်နေခဲ့ပါတယ်။ ၂၇-၆-၂၀၁၇ ရက်နေ့က ဆရာ့သမီးဖြစ်သူနဲ့ အဆက်အသွယ်ရချိန်မှာ ဆရာမျက်စိခွဲစိတ်ကုသဖို့ရှိလို့ တစ်လခန့်ကြာမှာဖြစ်လို့ မရိုက်ဖြစ်သေးကြောင်း ပြောခဲ့ပါတယ်။ ၂၇-၇-၂၀၁၇ ရက်နေ့မှာ ထပ်မံဆက်သွယ်တော့ မျက်စိမခွဲစိတ်ဖြစ်သေးပေမယ့် ရုပ်ရှင်ကားကြီးအတွက် တေးဂီတများ တီးခတ်ပေးနေရတယ်၊ ရိုက်ကူးမယ်ဆိုရင် ဆက်သွယ်မယ်လို့ ဆရာ့သမီးက ပြောပါတယ်။ ဒါပေမယ့် ထပ်မံဆက်သွယ် လာခြင်းမရှိလို့ ဌာနက အကြိမ်ကြိမ် ဆက်သွယ်ခဲ့ရာမှာ ၂၂-၃-၂၀၁၈ ရက်နေ့မှာ ဆရာ့သမီးနဲ့ ဖုန်းဆက်သွယ်မှုထပ်မံရရှိပြီး အကယ်ဒမီပွဲကြီးပြီးမှ ရိုက်ကူးမယ်လို့ အကြောင်းပြန်ကြားလာပါတယ်။ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ အစီအစဉ်ကို MRTV မှာ ရိုက်ကူးခဲ့ရာမှာလည်း သီချင်းသုံးပုဒ်ပါ အစီအစဉ်တစ်ခုကို ယခင်က ငွေကျပ် တစ်သိန်းသာ ညဏ်ပူဇော်ခချီးမြှင့်ခဲ့ရာမှ ၂၀၁၇ ခုနှစ် နှစ်ဆန်းပိုင်းကစပြီး အစီအစဉ်တစ်ခုကို ညဏ်ပူဇော်ခ လေးသိန်းအထိ တိုးမြှင့်ပြီး ချီးမြှင့်ပေးနေပါတယ်။

၅။ နောက်စွပ်စွဲချက်တစ်ခုဖြစ်တဲ့ သီချင်းတွေ ပြန်ကူးတဲ့အခါ ပိုက်ဆံအရမ်း ပေးရတယ်၊ ရေအရမ်းလျှံရတယ်ဆိုပြီး စွပ်စွဲပြောဆိုမှုနဲ့ ပတ်သက်လို့ ပြင်ပအနုပညာရှင်များက သီချင်းတွေလာကူးရင် တရားဝင်စာတင်ပြီး ခွင့်ပြုချက်ရပါက ချက်ချင်းကူးပေးပါတယ်။ ခွေကူးခအနေနဲ့လည်း သီချင်းသုံးလေးပုဒ်ပါ အစီအစဉ်တစ်ခုကို ငွေကျပ် ၂၀၀၀ ပဲ ပေးသွင်းဖို့ တရားဝင်သတ်မှတ်ထားပါတယ်။ ဌာနအတွက် အစီအစဉ်လာရိုက်ကူးတဲ့သူတွေက သီချင်းကူးယူရင်၊ ဌာနအစီအစဉ်အတွက်သုံးရင်တော့ အခမဲ့ ဆောင်ရွက်ပေးပါတယ်။ ဆရာ့အနေနဲ့ ငွေအများကြီးပေးရတယ်ဆိုရင်လည်း ဘယ်သူ့ကို ဘယ်လောက်၊ ဘာကိစ္စအတွက်၊ ဘယ်တုန်းက ပေးရတယ်ဆိုတာကို အထောက်အထားနဲ့ တိတိကျကျ တိုင်ကြားရင် အရေးယူပေးမှာ ဖြစ်ပါတယ်။

၆။ ဆရာပြောတဲ့အချက်တွေထဲက ဆီးသီးဗန်းမှောက်တယ်ဆိုတာနဲ့၊ ပိုက်ဆံမပေးရင် လူဟောင်းတွေနဲ့သွားနေတဲ့ ဘယ်ဝန်ကြီးဌာနမှာမှ မရဘူး၊ ပိုက်ဆံပေးရတာချည်းပဲဆိုတဲ့စကားနဲ့ ပတ်သက်ပြီးတော့ လာဘ်ပေးလာဘ်ယူမှုရှိတယ်ဆိုရင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် အပါအဝင် သက်ဆိုင်ရာဌာနများကို တိတိကျကျ တိုင်ကြားလို့ရပါတယ်။ အဲဒီလိုမတိုင်ကြားဘဲ ဝန်ကြီးဌာနအားလုံးကဝန်ထမ်းတွေကို သိမ်းကျုံးပြီး အခုလို စွပ်စွဲပြောဆိုတာကတော့ ဌာနအသီးသီးနဲ့ ဝန်ထမ်းတွေရဲ့ ဂုဏ်သိက္ခာ ထိခိုက်နစ်နာအောင် ပြုလုပ်တယ်ဆိုတာကို ဆရာ့အနေနဲ့ သတိပြုသင့်ပါတယ်။

၇။ MRTV နဲ့ ပတ်သက်ပြီး အခုလို စွပ်စွဲပြောကြားခဲ့တဲ့အချက်တွေနဲ့ ပတ်သက်လို့ MRTV က တာဝန်ရှိသူတစ်ဦးဦးကို နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆရာဆက်သွယ် မေးမြန်းဆွေးနွေးပြောကြားခဲ့ဖူးခြင်း ရှိပါသလား။ အဲဒီလို ဆက်သွယ်ပြောကြားခဲ့ပါလျက်နဲ့ ဌာနဘက်က ဖြေရှင်းဆောင်ရွက်ပေးမှု မရှိခဲ့တာလားဆိုတာကိုလည်း ကွဲကွဲပြားပြား သိလိုပါတယ်။

၈။ ဒီနေ့အချိန်မှာ ဌာနတစ်ခုကိုပဲဖြစ်စေ၊ လူပုဂ္ဂိုလ်တစ်ဦးကိုဖြစ်စေ လွတ်လပ်စွာ ပြောဆိုနိုင်တဲ့နေရာတွေ၊ လွတ်လပ်စွာပြောဆိုနိုင်တဲ့ အခွင့်အရေးတွေ၊ အခြားနည်းလမ်းတွေ အများကြီးရှိနေပါလျက်နဲ့ ယခုကဲ့သို့ ရုပ်မြင်သံကြားလိုင်းပေါင်းများစွာမှ တိုက်ရိုက်(Live)ထုတ်လွှင့်နေချိန်မှာ ချင့်ချိန်နိုင်မှုအားနည်းစွာနဲ့ ထင်မြင်ရာ စွပ်စွဲပြောဆိုခဲ့တာဟာ ဆရာရဲ့ ဂုဏ်သိက္ခာကိုလည်း ထိခိုက်နစ်နာမှုဖြစ်စေတယ်လို့ မြင်ပါတယ်။ MRTV မှ ဝန်ထမ်းတွေဟာ ဝန်ထမ်းစည်းမျဉ်းစည်းကမ်း၊ ကျင့်ဝတ်တွေကို အစဉ်တစိုက်လိုက်နာပြီး ကျွမ်းကျင်ရာလိမ္မာ၊ ဝါသနာ၊ ပညာ၊ စေတနာအရင်းခံပြီး နိုင်ငံနဲ့လူမျိုး အကျိုးအတွက် ပြန်ကြားပေးခြင်း၊ ပညာပေးခြင်း၊ ဖျော်ဖြေပေးခြင်းတို့အပြင် မြန်မာ့ဂီတဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်း ဖြည့်စွက်ပြောကြားလိုပါတယ်။

၉။ MRTV နဲ့ ဆရာတို့ဟာ နှစ်ဦးနှစ်ဖက် ဆက်ဆံရေးရှည်လျားခိုင်မာစွာ ရှိလျက်နဲ့ ယခုကဲ့သို့ မဟုတ်မမှန် စွပ်စွဲပြောဆိုခဲ့ခြင်းအပေါ် ပြန်လည်ဖြေရှင်းပေးဖို့ တောင်းဆိုလိုက်ပါတယ်။

**မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဝန်ထမ်းများ**

## သက္ကရာဇ် ၁၃၇၉-၁၃၈၀ ခုနှစ် မဟာသင်္ကြန် အကျ-အကြတ်-အတက်-နှစ်ဆန်း ၁ ရက်နှင့် ဝါဆို-ဝါကပ်-လထပ်ရက်နှင့် နေ့များ

**၁။ မဟာသင်္ကြန်ကျရက်**

- ဇေယျတု-မြန်မာသက္ကရာဇ်-၁၃၇၉ ခုနှစ်၊ နှောင်းတန်ခူး လပြည့်ကျော် ၁၄ ရက်
- ရခိုင်သက္ကရာဇ်-၁၃၇၉ ခုနှစ်၊ ပထမ တာကူးလပြည့်ကျော် ၁၄ ရက်
- ခရစ်နှစ် ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၄ ရက် စနေနေ့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ မြန်မာစံတော်ချိန် နံနက် စက် ၁၁ နာရီ ၉ မိနစ် ၅ စက္ကန့် အချိန်တွင် မဟာသင်္ကြန်ကျပါသည်။

**၂။ မဟာသင်္ကြန်အကြတ်ရက်**

- မြန်မာသက္ကရာဇ် ၁၃၇၉ ခုနှစ်၊ ကဆုန်လဆန်း ၁ ရက်
- ရခိုင်သက္ကရာဇ် ၁၃၇၉ ခုနှစ်၊ ဒုတိယတာကူးလဆန်း ၁ ရက်
- ခရစ်နှစ် ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၅ ရက် တနင်္ဂနွေနေ့သည် မဟာသင်္ကြန်အကြတ်ရက် ဖြစ်ပါသည်။

**၃။ မဟာသင်္ကြန်အတက်ရက်**

- မြန်မာသက္ကရာဇ် ၁၃၇၉ ခုနှစ်၊ ကဆုန်လဆန်း ၂ ရက်
- ရခိုင်သက္ကရာဇ် ၁၃၇၉ ခုနှစ်၊ ဒုတိယတာကူးလဆန်း ၂ ရက်
- ခရစ်နှစ် ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၆ ရက် တနင်္လာနေ့ မြန်မာစံတော်ချိန် နေလွဲည စက် ၃ နာရီ ၁၃ မိနစ် ၄၇ စက္ကန့် အချိန်တွင် မဟာသင်္ကြန်တက်ပါသည်။

**၄။ မြန်မာ-ရခိုင်-နှစ်ဆန်း ၁ ရက်**

- မြန်မာသက္ကရာဇ် ၁၃၈၀ ပြည့်နှစ်၊ ဦးကဆုန်လဆန်း ၃ ရက်
- ရခိုင်သက္ကရာဇ် ၁၃၈၀ ပြည့်နှစ်၊ ဒုတိယတာကူးလဆန်း ၃ ရက်
- ခရစ်နှစ် ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၇ ရက် အင်္ဂါနေ့သည် မြန်မာ-ရခိုင်နှစ်ဆန်း ၁ ရက် နေ့ဖြစ်ပါသည်။

**၅။ ရဟန်းတော်များအတွက် ဝါဆို-ဝါကပ်-လ-ရက်များ**

ဤ ၁၃၈၀ ပြည့်နှစ်တွင် အမိမာသ လလွန် လထပ်ရက်ရှိပါ၍ ဗုဒ္ဓဘာသာ သာသနာတော်ဝန်ထမ်း၊ ရဟန်းတော်အရှင်မြတ်တို့မှာ

မြန်မာသက္ကရာဇ် ၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁ ရက်၊ ရခိုင်သက္ကရာဇ် ၁၃၈၀ ပြည့်နှစ်၊ ဝါဆိုလပြည့်ကျော် ၁ ရက်၊ ခရစ်နှစ် ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက် စနေနေ့တွင် ပထမ ပုရိမဝါ ကပ်ဆိုတော်မူကြရမည် ဖြစ်ပါသည်။

ဒုတိယပစ္ဆိမဝါကို မြန်မာ-ရခိုင် ဝါခေါင်လပြည့်ကျော် ၁ ရက်၊ ခရစ်နှစ် ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက် တနင်္လာနေ့တွင် ကပ်ဆိုတော်မူကြရမည်ဖြစ်ပါသည်။

## ကြိမ်ထည် လက်မှုသက်မွေးအခြေခံပညာ သင်တန်းဖွင့်လှစ်

**ရန်ကုန် မတ် ၂၆**

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လှိုင်သာယာမြို့နယ်ရုံး Community Centre ခန်းမ၌ ဒေသခံပြည်သူများ၏ စားဝတ်နေရေး အခက်အခဲများ၊ အလုပ်အကိုင်ရှားပါးမှု အခက်အခဲများ ဖြေရှင်းနိုင်ရေးနှင့် လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ရည်ရွယ်၍ ယနေ့နံနက် ၉ နာရီက မြန်မာနိုင်ငံ ကြိမ်နှင့် ဝါးလုပ်ငန်းရှင်များအသင်းနှင့် တော်ဝင်ရွှေလက်ရာအဖွဲ့တို့ပူးပေါင်းပြီး ကြိမ်နှင့်ပတ်သက်သည့် လက်မှုပညာအခြေခံသင်တန်းကို ဖွင့်လှစ်ခဲ့သည်။

ဆက်လက်၍ လှိုင်သာယာမြို့နယ် တိုင်းဒေသကြီး(၂) လွှတ်တော်ကိုယ်စားလှယ် ဦးမြတ်မင်းသူက အဖွင့်အမှာစကားပြောကြားပြီး လှိုင်သာယာမြို့နယ် ပြန်/ဆက်ဦးစီးမှူး ဒေါ်တင်သန်းက အလုပ်အကိုင်မရှိသူများအတွက် သင်တန်းမှလက်မှုပညာများရရှိပြီး ကိုယ်ပိုင်တစ်နိုင်တစ်ပိုင် အသေးစား၊ အလတ်စားလုပ်ငန်းများအထိ လုပ်ကိုင်လာနိုင်၍ ဝင်ငွေပိုမိုတိုးတက်ရရှိစေရန်နှင့် မြန်မာ့လက်မှုပညာ မတိမ်ကော မပပျောက်နိုင်ကြောင်း၊ အရည်အသွေးကောင်းမွန်လာပါက ပြည်တွင်းပြည်ပ ဈေးကွက်များအထိ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်လာနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ ကြိမ်နှင့်ဝါးလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးကျော်သူက နိုင်ငံတော်အတွက် အခွန်ဝင်ငွေ တိုးတက်လာပြီး ကြိမ်ကို စနစ်တကျ စိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် သဘာဝပတ်ဝန်းကျင်အား ထိန်းသိမ်းသွားနိုင်မည်ဖြစ်ကြောင်းနှင့် မြန်မာ့သဘာဝသယံဇာတများဖြစ်သော ကြိမ်နှင့်ဝါး၏အသုံးဝင်မှု ပိုမိုတန်ဖိုးထား မြတ်နိုးနိုင်ရေးအတွက်လည်းကောင်း၊ တော်ဝင်ရွှေလက်ရာ အမှုဆောင် ဒါရိုက်တာ ဦးလင်းနိုင်က အသုံးပြုလိုက်သော ကုန်ကြမ်းများအတွက် ကုန်ဆုံးသွားသော ကြိမ်၊ ဝါး၊ သစ်တောများကို အစားထိုးပြန်လည်စိုက်ပျိုးသွားခြင်းဖြင့် ရေရှည်တည်တံ့မည့် သဘာဝစနစ်ကို ထိန်းသိမ်းထားမည် ဖြစ်ကြောင်းနှင့် ဤသင်တန်းအား ပရိဘောဂများ ပြုလုပ်နိုင်သည်အထိ ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

သင်တန်းကို မတ် ၂၅ ရက်မှ ဧပြီ ၃ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ရာ နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ၁၀ ရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းသား ၂၀ တက်ရောက်ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မြန်မာစရိုက်နှင့်ထပ်တူ ကြက်ခြေနီအခြေခံမှု

ဒေါက်တာအောင်စိုး(ခ) အောင်ကျော်မိုး

**သမိုင်းအထောက်အထားများက ဖော်ညွှန်း**

ဆင်းရဲနွမ်းပါးသူကို ထောက်ပံ့ခြင်း၊ ဒုက္ခရောက်နေသူကို အားပေးကူညီခြင်း၊ မိမိပတ်ဝန်းကျင်နှင့် အများကောင်းကျိုးအတွက် ဝိုင်းဝန်းသယ်ပိုးဆောင်ရွက်ခြင်းတို့သည် မြန်မာတို့၏ ပင်ကိုစိတ်ဓာတ်နှင့် ပရဟိတလူမှုဝတ္တရားများဖြစ်နေပေရာလူမှုကရုဏာနှင့် စာနာထောက်ထားခြင်း၊ ခွဲခြားမှုမရှိခြင်း၊ ကြားနေခြင်း၊ လွတ်လပ်ခြင်း၊ စေတနာ့ဝန်ထမ်းအကျိုးဆောင်ခြင်း၊ စည်းလုံးညီညွတ်ခြင်းနှင့် ကမ္ဘာတစ်လွှား ပျံ့နှံ့ခြင်းစသည့် ကြက်ခြေနီအဖွဲ့ကြီး၏ အခြေခံမူဝါဒ ခုနစ်ချက်တို့သည် မြန်မာတို့၏ ဓလေ့စရိုက်နှင့် နီးစပ်ဆင်တူလျက်ရှိသည်။ ကြက်ခြေနီလုပ်ငန်းစဉ်များကို ကမ္ဘာအနှံ့အပြားတွင် ဆောင်ရွက်နေသကဲ့သို့ စေတနာရှင် မြန်မာ့ကြက်ခြေနီမောင်မယ်များသည်လည်း ပြည်သူများအား နွေးထွေးပျူငှာစွာ ဆက်ဆံကူညီဆောင်ရွက်နေခြင်းကို ဂုဏ်ယူစွာ ဖော်ပြလိုပါသည်။

ကြက်ခြေနီလှုပ်ရှားမှုများသည် ကနဦးကစစ်ပွဲများအတွင်း ထိခိုက်ဒဏ်ရာရသူများ၊ နာမကျန်းဖြစ်သူ စစ်သည်တော်များအား ပြုစုစောင့်ရှောက်ရန်ရည်ရွယ်ဖော်ဆောင်ခဲ့သော်လည်း နောင်ခေတ်အဆက်ဆက်တွင် လူသားအားလုံး၏ လူမှုဒုက္ခအဝဝ နည်းပါးသက်သာစေရန် တက်ညီလက်ညီ ဆောင်ရွက်လာခဲ့သည့် လူမှုကရုဏာလုပ်ငန်းများဖြစ်လာခဲ့သည်။ ထိုကဲ့သို့သယ်ပိုးဆောင်ရွက်ခဲ့သည်မှာ နှစ်ပေါင်း ၁၅၀ ခန့်ရှိခဲ့ပြီဖြစ်ကြောင်း သမိုင်းအထောက်အထားများက ဖော်ညွှန်းလျက်ရှိသည်။

အထက်တွင်ဖော်ပြခဲ့သည့် ကြက်ခြေနီ၏ အခြေခံမူဝါဒများကိုမဏ္ဍိုင်ပြုကာ မြန်မာနိုင်ငံကြက်ခြေနီအသင်း အသင်းဝင်များ၏ ကိုယ်ကျိုးနှင့် အနစ်နာခံမှု၊ ထက်မြက်သော စွမ်းဆောင်ရည်များသည် နိုင်ငံတကာတွင်ပါ ထည်ဝါဝင့်ကြွားဂုဏ်ယူစရာဖြစ်သည်။ ကမ္ဘာ့ကြက်ခြေနီအမြင့်ဆုံး ဟင်နရီဒူးနန့် တံဆိပ်ပိုင်ရှင် ကြက်ခြေနီတပ်ကြပ်ကြီး စိုင်းအောင်လှိုင်မြင့် ၁၉၇၇၊ ဖလောရင့်နိုင်တင်ဂေးဆုပိုင်ရှင် သူနာပြုအုပ် ဒေါ်ခင်အုန်းမြ ၁၉၆၃၊ သူနာပြုဦးစီးအရာရှိ ဒေါ်အမ်ယောနမ် ၁၉၉၃၊ သားဖွားဆရာမ ဒေါ်သိန်းရီ ၁၉၉၅ နှင့် သူနာပြု ဦးစနိုင်နိုင်ထွန်း ၂၀၁၅ တို့သည် မြန်မာနိုင်ငံသားများမဟုတ်ပါလား။

**အဘက်ဘက်မှ အားပေးကူညီ**

မှတ်တမ်းများအရ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကို ၁၉၂၀ ပြည့်နှစ်တွင် စတင်ဖွဲ့စည်းခဲ့ကာ ၁၉၁၉ ခုနှစ် ဂျီနီဗာသဘောတူစာချုပ်များကို ၁၉၉၂ ခုနှစ် ဩဂုတ်လ ၂၅ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့သည်။

❛ အထက်တွင်ဖော်ပြခဲ့သည့် ကြက်ခြေနီ၏ အခြေခံမူဝါဒများကို မဏ္ဍိုင်ပြုကာ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း အသင်းဝင်များ၏ ကိုယ်ကျိုးနှင့် အနစ်နာခံမှု၊ ထက်မြက်သော စွမ်းဆောင်ရည်များသည် နိုင်ငံတကာတွင်ပါ ထည်ဝါဝင့်ကြွား ဂုဏ်ယူစရာဖြစ်သည်။ ကမ္ဘာ့ကြက်ခြေနီ အမြင့်ဆုံး ဟင်နရီဒူးနန့်တံဆိပ်ပိုင်ရှင် ကြက်ခြေနီတပ်ကြပ်ကြီး စိုင်းအောင်လှိုင်မြင့် ၁၉၇၇၊ ဖလောရင့်နိုင်တင်ဂေးဆုပိုင်ရှင် သူနာပြုအုပ် ဒေါ်ခင်အုန်းမြ ၁၉၆၃၊ သူနာပြု ဦးစီးအရာရှိ ဒေါ်အမ်ယောနမ် ၁၉၉၃၊ သားဖွားဆရာမ ဒေါ်သိန်းရီ ၁၉၉၅ နှင့် သူနာပြု ဦးစနိုင်နိုင်ထွန်း ၂၀၁၅ တို့သည် မြန်မာနိုင်ငံသားများမဟုတ်ပါလား ❜

အသင်းကြီးသည် ဆင်းရဲဒုက္ခနည်းပါးသက်သာစေရန် ရည်ရွယ် ဖွဲ့စည်းထားခြင်းဖြစ်ရာ ဒေသအလိုက် ကျန်းမာရေးမြှင့်တင်ရေး၊ ရောဂါတားဆီးရေးနှင့် ဘေးဒုက္ခရောက်သူများအား ကူညီရေးလုပ်ငန်းစဉ်များကို ပြည်နယ် ပြည်မ၊ တောင်ပေါ် မြေပြန့်၊ မြို့ပြ ကျေးရွာ၊ ဆင်းရဲချမ်းသာ၊ လူမျိုးဘာသာ၊ အသားအရောင်မခွဲခြားဘဲ ကြီးကြပ်မှုကော်မတီအဆင့်ဆင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီး ကြက်ခြေနီကော်မတီများ၊ ခရိုင် ကြက်ခြေနီကော်မတီများ၊ မြို့နယ် ကြက်ခြေနီအသင်းနှင့် ကောလိပ်သိပ္ပံအပြင် ရပ်ကွက်၊ ကျေးရွာနှင့် မူလတန်းကျောင်းများတွင်လည်း ကြက်ခြေနီ အသင်းခွဲများ ဖွဲ့စည်းလှုပ်ရှားဆောင်ရွက်လျက်ရှိသည်။ လူမှုကရုဏာလုပ်ငန်းများတွင် စွမ်းစွမ်းတမံ ထူးချွန်ထက်မြက်စွာ သယ်ပိုးဆောင်ရွက်နိုင်သူ ကြက်ခြေနီ မောင်မယ်များကိုလည်း ခေတ်အဆက်ဆက်ကပင် နိုင်ငံတော်က အဘက်ဘက်မှ အားပေးကူညီပံ့ပိုးလျက်ရှိသည်။

၂၀၀၈ ခုနှစ်က မြန်မာနိုင်ငံတွင် လူတစ်သိန်းခွဲနီးပါး သေကျေပျက်စီး၊ ပျောက်ဆုံးခဲ့သည့် နာဂစ်မုန်တိုင်းကို မြန်မာတို့ မေ့ပျောက်လို့မရနိုင်ချေ။ ထိုစဉ်က မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် လက်တွဲလျက် ကမ္ဘာ့ကြက်ခြေနီနှင့် လခြမ်းနီအဖွဲ့နှင့်တကွ ကမ္ဘာအနှံ့အပြားမှ ကြက်ခြေနီအဖွဲ့များ၏ ကယ်ဆယ်ရေး၊ ကူညီထောက်ပံ့မှုများကို မြန်မာများက အစဉ်အမြဲ သတိရကျေးဇူးတင်လျက်ရှိကြမည်ဖြစ်သည်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းသည် နာဂစ်မုန်တိုင်းတွင် ရေဘေး၊ လေဘေးသင့်ပြည်သူများအတွက် ကျန်းမာရေး၊ လူမှုကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးစသည့် လုပ်ငန်းများကို ၂၀၀၈ ခုနှစ် မေလ မုန်တိုင်းတိုက်ခတ်ပြီးခါစ အချိန်မှစတင်၍ အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီ၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စသည်တို့နှင့်အတူ ဆောလျင်စွာ စတင်ဆောင်ရွက်ခဲ့ကြောင်း အသင်းကြီး၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

**အသိပညာပို့ချခြင်းတို့ကို ဝိုင်းဝန်းဆောင်ရွက်**

ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖြစ် မိုးရာသီမကျရောက်မီ စံပြနေအိမ် အစီအစဉ်နှင့် ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ် ၁၁ ခုမှ လေဘေးသင့် အိမ်ထောင်စုတစ်သောင်းအတွက် အမိုးအကာထောက်ပံ့သည့် အစီအစဉ်တို့ကို အမေရိကန်ဒေါ်လာ သုံးသိန်း (တစ်အိမ်ထောင်လျှင် အမေရိကန်ဒေါ်လာ ၄၀၀ခန့်) အကုန်အကျခံပြီး ကနဦး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ လုပ်ငန်းစီမံချက်နှင့် အိမ်ထောင်စုအမည်စာရင်းများကို သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ကျေးရွာအုပ်စု ပြန်လည်ထူထောင်ရေး ကော်မတီများထံ တောင်းခံဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ မုန်တိုင်းဒဏ်ကြောင့် လူအများအလုပ်လက်မဲ့ ဖြစ်နေချိန်တွင် ရပ်ရွာလူထုဝင်ငွေရရှိစေရန် အလုပ်အကိုင် ဖန်တီးပေးသည့် Cash for work အစီအစဉ်ကို ကြက်ခြေနီမှ ၂၀၀၈ ခုနှစ် နိုဝင်ဘာလမှစ၍ မြို့နယ်ပေါင်း ၁၁ မြို့နယ်တွင် လုပ်ငန်း ၄၄ ခုဖြင့် လေဘေးသင့် အိမ်ထောင်စု ၂၅၀၀ အား ရက်သတ္တလေးပတ်မှ ခြောက်ပတ်အထိ ဆောင်ရွက်ပေးခဲ့သည်။ ထိုလုပ်ငန်း ၄၄ ခုတွင် ရွာတွင်း လမ်းချင်းဆက်လမ်း၊ တာတမံ၊ လှေဆိပ်၊ တံတား၊ စိုက်ပျိုးမြေ၊ ရေသွင်းမြောင်းနှင့် ရေတံခါးပြုပြင်ခြင်းတို့ ပါဝင်ခဲ့သည်။

ကျန်းမာရေးနှင့် လူမှုရေးလုပ်ငန်းအများအပြားကိုလည်း ကြက်ခြေနီမှ ဆောင်ရွက်ခဲ့သည်။ မော်လမြိုင်ကျွန်းမြို့နယ်ဆေးရုံ၊ ကျိုက်ပိကျေးရွာ တိုက်နယ်ဆေးရုံတို့အတွက် ဆေးပစ္စည်းကိရိယာ ၃၅ မျိုး ထောက်ပံ့ခြင်း၊ ကျိုက်ပိတိုက်နယ်ဆေးရုံ၏ အမိုးရေစီးစနစ်နှင့် အညစ်အကြေးစွန့်ပစ်မှုစနစ်ပြုပြင်ရေးလုပ်ငန်း၊ ငှက်ဖျား၊ သွေးလွန်တုပ်ကွေးကာကွယ်ရေးလုပ်ငန်း၊ စိတ်ပိုင်းဆိုင်ရာအားပေးကူညီမှုလုပ်ငန်း၊ မြို့နယ် ငါးမြို့နယ်အတွင်း သောက်ရေသန့်များ၊ ရေသန့်စက်များ ဖြန့်ဖြူးခြင်း၊ ရေတွင်း ရေကန်များ သန့်ရှင်းခြင်း၊ ရေလှောင်တိုင်ကီများ တပ်ဆင်ခြင်း၊ မိုးရေခံယူစည်များတည်ဆောက်ခြင်း၊ ယင်လုံအိမ်သာများဆောက်လုပ်ခြင်း၊ မြစ်ချောင်းများ၊ ရေကန်များ၏ ပင်လယ်ရေအငန်ဓာတ်ပါဝင်မှု တိုင်းတာခြင်း၊ ရေသန့်စက်မောင်းနှင်မှုနှင့် အင်တေကန် တည်ဆောက်မှုသင်တန်းများပေးခြင်း၊ မြေရေစစ်အိုးများ ဖြန့်ဝေခြင်း၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး၊ အသိပညာပို့ချခြင်းတို့ကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဝိုင်းဝန်းဆောင်ရွက်ပေးခဲ့သည်။

နာဂစ်မုန်တိုင်းအလွန်ကာလတွင် လေဘေးသင့်ပြည်သူများ လွတ်ရာကျွတ်ရာသို့ ခြေဦးတည့်ရာ ပြေးလွှားတိမ်းရှောင်ခြင်း၊ ရေနှင့် မျောပါသွားခြင်း၊ မျက်စိလည်၍ လမ်းပျောက်ခြင်းတို့ကြောင့် ကလေး၊ လူကြီးအပါအဝင် မိသားစုဝင်များ သေကွဲကွဲခဲ့ကြသလို ရက်လကြာရှည်စွာ ရှင်ကွဲကွဲခဲ့ကြသည်မှာ ရင်နင့်ဖွယ်ရာပင်။ မိသားစုပြန်လည်ဆက်သွယ်ခြင်းလုပ်ငန်းတစ်ရပ်ကို ကြက်ခြေနီမှ ဆန်းသစ်စွာ ဆောင်ရွက်ခဲ့သည်။ ပုသိမ်၊ ဘိုကလေး၊ လပွတ္တာ၊ ငပုတောမြို့နယ်များတွင် ၂၀၀၈ ခုနှစ် မေလ ၆ ရက်နေ့မှ စတင်၍ အကြောင်းကြားစာ၊ တယ်လီဖုန်း၊ သတင်းအချက်အလက်ကြေညာခြင်း၊ ကျေးရွာအရောက် စာဖြန့်ဝေခြင်းတို့ဖြင့် ဆောင်ရွက်ခဲ့ရာ ၂၀၀၉ ခုနှစ် မတ်လအထိ ကလေးလူငယ် ၁၂ ဦးအပါအဝင် ကံမကုန်လို့ ပြန်ဆုံကြသူ ၄၄၇ ဦး ရှိခဲ့ကြောင်း သိရှိရသည်။

**အခြေခံမူ ခုနစ်ချက်ကို လေးစားလိုက်နာရန် သတ်မှတ်ထား**

အသင်းကြီးသည် အမျိုးသားအဆင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးဗဟိုကော်မတီ၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့နှင့် ညှိနှိုင်းပြီး မူလတန်းကျောင်းများ၊ ကျန်းမာရေးဌာနများ၊ မုန်တိုင်းဒဏ်ခံအဆောက်အအုံများ တည်ဆောက်ရန် စီစဉ်ဆောင်ရွက်ခဲ့ပြီး၊ ကြက်ခြေနီ လူသားချင်းစာနာထောက်ထားမှုဖြင့် လူမှုကရုဏာလုပ်ငန်းများကိုလုပ်ဆောင်ရာတွင် အခြေခံမူ ခုနစ်ချက်ကို လေးစားလိုက်နာရန် သတ်မှတ်ထား၏။ ကြက်ခြေနီလုပ်ငန်းများအတွက် အခြေခံမူများ လိုအပ်ကြောင်းကို ၁၈၆၂ ခုနှစ်တွင် ဟင်နရီဒူးနန့် ရေးသားခဲ့သော “ဆိုဖာရီနို သတိရဖွယ်” စာအုပ်တွင် ဖော်ပြခဲ့သည်။

အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီသည် ၁၉၂၁ ခုနှစ်တွင် ပြဋ္ဌာန်းသောစည်းမျဉ်းဥပဒေ၌ ဆင်းရဲနွမ်းပါးသူများအား ကူညီခြင်း၊ ကမ္ဘာတစ်ဝန်းပျံ့နှံ့ခြင်း၊ လွတ်လပ်ခြင်းနှင့် ခွဲခြားမှုမရှိခြင်းစသည့်အချက်များကို မူဝါဒအဖြစ် ရေးဆွဲရာတွင် ထည့်သွင်းခဲ့၏။

၁၉၄၈ ခုနှစ်တွင် အမျိုးသားကြက်ခြေနီအသင်းများ အသိအမှတ်ပြုရေးအတွက် အခြေခံအချက်အလက်များကို ပြင်ဆင်သတ်မှတ်ရာ၌ ဖော်ပြပါအခြေခံမူ လေးချက်ကို ထည့်သွင်းခဲ့သည်။ ၁၉၄၉ ခုနှစ် ဂျီနီဗာ အများသဘောတူ စာချုပ်များတွင် ယင်းမူဝါဒများကို ပုဒ်မ ၄၄/၁ နှင့် ၆၃/၄ တို့တွင် ဖော်ပြထားရှိသည်။

၁၉၅၅ ခုနှစ်တွင် ဂျင်ပစ်တေးဆိုသူက နောက်ထပ်အချက်အလက်များကို ဖြည့်စွက်၍ အခြေခံမူများကို ပြင်ဆင်သတ်မှတ်လိုက်သည့်အခါ လက်ရှိကျင့်သုံးနေသော ကြက်ခြေနီလှုပ်ရှားမှု၏ အခြေခံမူ ခုနစ်ချက် အဖြစ်ပေါ်ထွက်ခဲ့သည်။

အဆိုပါ အခြေခံမူ ခုနစ်ချက်ကို ၁၉၆၅ ခုနှစ် ဗီယင်နာမြို့တွင် ပြုလုပ်သော အကြိမ် (၂၀) မြောက်၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီညီလာခံတွင် ကြက်ခြေနီနှင့် လခြမ်းနီလှုပ်ရှားမှု၏ အခြေခံမူများအဖြစ် အတည်ပြုပြဋ္ဌာန်းခဲ့သည်။

၁၉၈၆ ခုနှစ်တွင် ကျင်းပသော (၂၅) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီညီလာခံတွင် အဆိုပါမူများကို ကြက်ခြေနီနှင့် လခြမ်းနီလှုပ်ရှားမှုနည်းဥပဒေ၏ နိဒါန်းတွင်ထည့်သွင်းပြီး အမျိုးသားကြက်ခြေနီနှင့် လခြမ်းနီအသင်းများအနေဖြင့် လေးစားလိုက်နာရန်၊ ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် အများသိရှိအောင် အသိပညာပေးရန် တာဝန်ပေးအပ်ခဲ့၏။

အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်းတို့ပူးပေါင်း၍ မုန်တိုင်းသင့် ခုနစ်မြို့နယ်မှ အခြေခံပညာ မူလတန်းကျောင်း ၂၄ ကျောင်း၊ ဂျပန်နိုင်ငံ ကြက်ခြေနီအသင်းနှင့် ပူးပေါင်း၍ မုန်တိုင်းဒဏ်ခံအဆောက်အအုံအဖြစ် အသုံးပြုနိုင်မည့် ကျောင်းအချို့ အပါအဝင် မူလတန်းကျောင်း ၇၀ တည်ဆောက်ရန် လည်းကောင်း၊ စင်ကာပူနိုင်ငံ ကြက်ခြေနီအသင်းနှင့်ပူးပေါင်း၍ ကျန်းမာရေးဌာန ကိုးခုနှင့် မုန်တိုင်းဒဏ်ခံအဆောက်အအုံ သုံးခု၊ တရုတ်၊ ထိုင်ဝမ်ကြက်ခြေနီအသင်းနှင့်ပူးပေါင်း၍ ဒေသကျန်းမာရေးဌာန ၁၀ ခု တည်ဆောက်ရန် လည်းကောင်း၊ ၂၀၀၉ ခုနှစ် ဧပြီလမှ စတင်ဆောင်ရွက်ပြီးစီးခဲ့ကြောင်း ကြက်ခြေနီအသင်းကြီး၏ ၂၀၁၂ ခုနှစ် အစီရင်ခံစာတစ်ခုအရ သိရှိရသည်။

ပုဂ္ဂိုလ်ခင်ရင် တရားမင်သည် ဆိုရိုးစကားသည် အလွန်မှန်ပေစွ။ လွန်လေပြီးသော ဆယ်စုနှစ် လေးခုကျော် ကာလက ရောင်စုံလက်နက်ကိုင်အဖွဲ့များ ကြီးစိုးရာ ရခိုင်ရိုးမတောင်ခြေရှိ ဝေးလံခေါင်သီသော မြို့နယ်တစ်ခုတွင် မြို့နယ်ဆရာဝန်များ Transfer ခေါ် ပခုံးလွှဲပြောင်းတာဝန်ထမ်းဆောင်ခြင်း ကွင်းစက်အဝင် အထွက်တွင် မိမိကြုံတွေ့ရသည့် ပုဂ္ဂိုလ်မှာ တခြားမဟုတ်ပေ။ ဒေါက်တာ ဦးအောင်ထွန်းမတိုင်ခင်က မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကြီး၏ အတွင်းရေးမှူး ဒေါက်တာလှဖေ (ယခင် ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်)ပင် ဖြစ်သည်။ နောက်နောင်တွင် ဗဟိုအဆင့် ကျောင်းကျန်းမာရေးအလုပ်ရုံဆွေးနွေးပွဲ၊ ကျန်းမာရေးဝန်ကြီးဌာန ခြောက်လပတ် ညှိနှိုင်းအစည်းအဝေးစသည်များတွင် ဆုံကြရင်း ရင်းနှီးရပါသော ဒေါက်တာ လှဖေထံမှ ကြက်ခြေနီအသင်းကြီး၏ တိကျမှန်ကန်သော ကိန်းဂဏန်းများ၊ အချက်အလက်များကို ရယူကာ မိမိကိုယ်ပိုင်အတွေ့အကြုံများနှင့် ပေါင်းစပ်ပြီး စာနယ်ဇင်းများ၌ ဆောင်းပါးများရေးသားခဲ့ပါကြောင်း တင်ပြရင်း မြန်မာနိုင်ငံ ကြက်ခြေနီအသင်း စိန်ရတုအထိမ်းအမှတ် မဂ္ဂဇင်းအား ကြိုဆိုလိုက်ပါသည်။ ။

# မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ရှမ်းပြည်နယ်ရှိ မြို့များတွင် လူ့အခွင့်အရေးဆိုင်ရာ သိကောင်းစရာများ ရှင်းလင်းဆွေးနွေး

**ရန်ကုန် မတ် ၂၆**

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ပြည်သူလူထုအတွင်း လူ့အခွင့်အရေးဆိုင်ရာ အသိပညာများ ပိုမိုပြန့်ပွားစေရန်နှင့် လူ့အခွင့်အရေးကို မှန်မှန်ကန်ကန်သိရှိပြီး လေးစားလိုက်နာ၍ မှန်မှန်ကန်ကန်ကျင့်သုံးလာနိုင်စေရန် ရည်ရွယ်လျက် ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင်နှင့် ကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်လေးတို့သည် မတ် ၂၀ ရက်မှ ၂၂ ရက်အထိ ရှမ်းပြည်နယ် တောင်ကြီးခရိုင်နှင့် လွိုင်လင်ခရိုင်တို့အတွင်းရှိ ညောင်ရွှေ၊ တောင်ကြီး၊ ဟိုပုံး၊ လွိုင်လင်နှင့် ပင်လုံမြို့တို့သို့ သွားရောက်၍ လူ့အခွင့်အရေးဆိုင်ရာ သိကောင်းစရာများ ရှင်းလင်းဆွေးနွေးသည်။

ရှေးဦးစွာ ကော်မရှင်ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့သည် မတ် ၂၀ ရက် နံနက် ၉ နာရီတွင် ညောင်ရွှေမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ လူ့အခွင့်အရေးဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းဆွေးနွေးကြသည်။ အခမ်းအနားသို့ စုစုပေါင်းအင်အား ၂၀၇ ဦး စိတ်ပါဝင်စားစွာ တက်ရောက်ခဲ့ကြသည်။



အလားတူ ရှင်းလင်းဆွေးနွေးပွဲများကို ကျင်းပရာ တောင်ကြီးမြို့တွင် စုစုပေါင်းအင်အား ၁၈၈ ဦး၊ ဟိုပုံးမြို့တွင် ၂၄၀၊ လွိုင်လင်မြို့တွင် ၁၉၃ ဦးနှင့် ပင်လုံမြို့တွင် ၂၅၀ တို့ တက်ရောက်ခဲ့ကြသည်။

အဆိုပါအခမ်းအနားများတွင် ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင်က လူ့အခွင့်အရေးဆိုင်ရာ အခြေခံအယူအဆများ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များအကြောင်းကိုလည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်လေးက ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း အကြောင်းကိုလည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသူများ၏ သိရှိလိုသည့် မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

လူ့အခွင့်အရေးဆိုင်ရာ သိကောင်းစရာ ရှင်းလင်းဆွေးနွေးပွဲများသို့ ရှမ်းပြည်နယ် အင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာထွန်းလှိုင်၊ သက်ဆိုင်ရာမြို့နယ်များမှ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ မြို့မိမြို့ဖများ၊ အရပ်ဘက်အဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်များနှင့် စိတ်ပါဝင်စားသော ဒေသခံတိုင်းရင်းသား ပြည်သူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**



# အင်းဝဘဏ်လီမိတက် အောင်မြေသာစံဘဏ်ခွဲဖွင့်

**မန္တလေး မတ် ၂၆**

(၇၃)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အင်းဝဘဏ်လီမိတက် အောင်မြေသာစံဘဏ်ခွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါ ဘဏ်ခွဲ ပရဝဏ်၌ ကျင်းပရာ အခမ်းအနားသို့ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်စွာလင်း၊ မန္တလေးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်မင်း၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်း ဒုတိယ ဦးဆောင်ညွှန်ကြားရေးမှူး ဦးအုံ့ဇော်၊ အင်းဝဘဏ်လီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးအောင်ငွေဦးနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်ကျော်မင်း၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်း ဒုတိယ ဦးဆောင်ညွှန်ကြားရေးမှူး ဦးအုံ့ဇော်နှင့် အင်းဝဘဏ်လီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးအောင်ငွေဦးတို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်စွာလင်းက အင်းဝဘဏ်လီမိတက် အောင်မြေသာစံဘဏ်ခွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။ ထို့နောက် တိုင်းမှူးက ဘဏ်ခွဲကမ္ပည်းမော်ကွန်းဆိုင်းဘုတ်နှင့် ဘဏ်ကောင်တာတို့ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကာ အခမ်းအနားသို့ တက်ရောက်လာသောဧည့်သည်တော်များနှင့်အတူ ဘဏ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။ ယနေ့ ဖွင့်လှစ်လိုက်သော အင်းဝဘဏ်လီမိတက် အောင်မြေသာစံဘဏ်ခွဲသည် အင်းဝဘဏ်လီမိတက်၏ ၄၈ ခုမြောက် ဘဏ်ခွဲဖြစ်ပြီး မန္တလေးတိုင်းဒေသကြီး (၂၆)လမ်းနှင့် (၆၆)လမ်းထောင့်ရှိ Mandalay Call Center (မြေညီထပ်)တွင် ဖွင့်လှစ်ထားရှိကာ အပ်ငွေများလက်ခံခြင်း၊ ငွေစုဘဏ်လုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ငွေလွှဲလုပ်ငန်းများဆောင်ရွက်ပေးခြင်း၊ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ချေးငွေများ ထုတ်ချေးပေးခြင်း၊ ငွေပေးအမိန့်လွှာ (Payment Order)များ ထုတ်ပေးခြင်း၊ ဘဏ်အာမခံ(Bank Guarantee) အမျိုးမျိုးထုတ်ပေးခြင်း၊Debit Card များ ထုတ်ပေးခြင်း စသည့် ဘဏ်ဝန်ဆောင်မှု လုပ်ငန်းများကို ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အင်းဝဘဏ်လီမိတက်အနေဖြင့် ပြည်တွင်းငွေလွှဲဝန်ဆောင်မှုလုပ်ငန်းများအပြင် ငွေစုဘဏ်အပ်ငွေအပေါ် အတိုးနှုန်း ၉ ရာခိုင်နှုန်းနှင့် စာရင်းသေအပ်ငွေအပေါ် ငွေစုဆောင်းသူများ၏ သဘောဆန္ဒအလျောက် စုဆောင်းသည့် အချိန်ကာလအပိုင်းအခြားအလိုက် မူတည်၍ ၁၀ ရာခိုင်နှုန်းအထိ အတိုးနှုန်းများ ပေးအပ်လျက်ရှိပြီး စီးပွားရေးလုပ်ငန်းမတည်ရင်းနှီးလုပ်ကိုင်လိုသူများအတွက် ချေးငွေများ ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ကာဗွန်ထုတ်လုပ်မှုလျှော့ချခြင်း လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရာတွင် မူဝါဒ၊ ဥပဒေနှင့် မူဘောင်များအား ဆန်းစစ်သုံးသပ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် မတ် ၂၆**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနနှင့် UN–REDD Programme တို့ ပူးပေါင်း၍ မြန်မာနိုင်ငံ သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစား ကျဆင်းခြင်းမှ ကာဗွန်ထုတ်လုပ်မှုလျှော့ချခြင်း လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရာတွင် မူဝါဒ၊ ဥပဒေနှင့် မူဘောင်များအား ဆန်းစစ်သုံးသပ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အမရာဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်က မြန်မာနိုင်ငံသည် သစ်တောပြုန်းတီးမှုများကို ထိထိရောက်ရောက် တားဆီးရန်နှင့် သစ်တောများ ပြန်လည်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားကျဆင်းခြင်းမှ ကာဗွန်ထုတ်လုပ်မှုလျှော့ချခြင်း (REDD+) ကို အကောင်အထည်ဖော်ရန် ကတိကဝတ်ပြုထားသည့် နိုင်ငံဖြစ်ပါကြောင်း၊ သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားကျဆင်းခြင်းမှ ကာဗွန်ထုတ်လုပ်မှုလျှော့ချခြင်းသည် ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ မူဘောင်ကွန်ဗင်းရှင်းအောက်တွင် အဆိုပြုခဲ့ကြသည့် လုပ်ထုံးလုပ်နည်းတစ်ခုဖြစ်ပြီး ကမ္ဘာတစ်ဝန်းတွင် လူများဖန်တီးသည့် ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုအများအပြားကို လျှော့ချခြင်းအားဖြင့် ရာသီဥတုပြောင်းလဲမှု လျော့ပါးသက်သာစေရေး နိုင်ငံတကာ ကြိုးပမ်းအားထုတ်မှုများတွင် ပါဝင်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ခြင်း ဖြစ်ပါကြောင်း။

သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားကျဆင်းခြင်းမှ ကာဗွန်ထုတ်လုပ်မှုလျှော့ချခြင်း လုပ်ငန်းစဉ်များသည် ရာသီဥတုပြောင်းလဲမှုနှင့် ကမ္ဘာကြီးပူနွေးလာမှုကို လျှော့ချနိုင်မည့် နည်းလမ်းကောင်း တစ်ခုဖြစ်သည့်အပြင် ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုများဖြစ်သည့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းခြင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ခြင်း စသည့် အကျိုးကျေးဇူးများကိုလည်း ရရှိစေနိုင်မည်ဖြစ်ပြီး ဖွံ့ဖြိုးဆဲနိုင်ငံများသာမက ဖွံ့ဖြိုးပြီးနိုင်ငံများမှပါ စိတ်ဝင်စားစွာ အကောင်အထည်ဖော် အားပေးဆောင်ရွက်လာသည့် လုပ်ငန်းစဉ်ဖြစ်ပါကြောင်း။

အလုပ်ရုံဆွေးနွေးပွဲတွင် တက်ရောက်လာကြသူများက လက်ရှိ ပြုစုထားရှိသည့် မူဝါဒ၊ ဥပဒေနှင့် မူဘောင်များအပေါ် ရရှိထားသော သုံးသပ်ချက်များနှင့် ကွာဟချက်များအပေါ် ပူးပေါင်းဆွေးနွေးသုံးသပ် အကြံပြုပေးကြရန်ဖြစ်ပါကြောင်း ပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားကျဆင်းခြင်းမှ ကာဗွန်ထုတ်လုပ်မှုလျှော့ချခြင်း နည်းပညာဆိုင်ရာလုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များ၊ သစ်တောဦးစီးဌာနမှ အရာရှိကြီးများ၊ ဖိတ်ကြားထားသော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် UN-REDD Programme မှ တာဝန်ရှိသူများ တက်ရောက်ကြောင်း သိရသည်။

**သတင်းစဉ်**




မီးဘေး
အန္တရာယ်
ကြိုတင်
ကာကွယ်

# မြစိမ်းရောင်စီမံကိန်း သုံးသပ်ဆွေးနွေးပွဲနှင့် ဆုချီးမြှင့်ပွဲ ပြုလုပ်

**ပဲခူး မတ် ၂၆**

ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်စီမံကိန်းသုံးသပ်ဆွေးနွေးပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကိုပဲခူးမြို့ သီရိဟံသာခန်းမ၌ မတ် ၂၃ ရက်က ပြုလုပ်သည်။

ရှေးဦးစွာ ပဲခူးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်မော်သန်းက အဖွင့်အမှာစကားပြောကြားပြီး ပဲခူးမြို့နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်နေသော ကျေးရွာများအား သုံးသပ်ဆွေးနွေးပွဲနှင့် ဆုချီးမြှင့်ပွဲပြုလုပ်ရခြင်းနှင့် ပတ်သက်၍ မြို့နယ်ဦးစီးမှူး ဦးမောင်မောင်နိုင်မင်းက ရှင်းလင်းပြောကြားသည်။

ထို့နောက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် မြစိမ်းရောင်ကျေးရွာစီမံကိန်းစံပြကျေးရွာဆုရသော ရွာဟောင်းကျေးရွာ၊ ကော်မတီဝင်များ စည်းလုံးညီညွတ်မှုဆုရသော ပေပင်ချောင်ကျေးရွာနှင့် စာရင်းဇယား မှန်ကန်မှုဆုရရှိသော ပေါက်တောကျေးရွာတို့အား ပဲခူးခရိုင် ဦးစီးမှူးနှင့် မြို့နယ်ဦးစီးမှူးတို့က ဆုများအသီးသီး ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပဲခူးမြို့နယ်အတွင်းရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်နေသော ကျေးရွာ ၃၃ ရွာမှ ကော်မတီဝင်များအား အုပ်စုခြောက်အုပ်စုခွဲ၍ သုံးသပ်ဆွေးနွေးချက် ၂၀ ကို ဆွေးနွေးကြပြီး ဆွေးနွေးချက်များအား အုပ်စုခေါင်းဆောင်များက ဆွေးနွေးမေးမြန်းတင်ပြကြရာ မြို့နယ်ဦးစီးမှူး ဦးမောင်မောင်နိုင်မင်းက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ကျော်ကျော်(ဒိုက်ဦး)**

## ပြည်တွင်းရေးရာ

❂ **ရှေ့ဖုံးမှ**

အစုအဖွဲ့မှ ဗိုလ်ချုပ်သန်းစိုးတို့ပါဝင်သည့် စိစစ်ရေးအဖွဲ့ကို ပြည်ထောင်စုလွှတ်တော်ရုံး၏ ၂၀၁၈ ခုနှစ် မတ်လ ၂၃ ရက် အမိန့်ကြော်ငြာစာအမှတ် (၂၂/၂၀၁၈)နှင့် ထုတ်ပြန်ဖွဲ့စည်းခဲ့ပါကြောင်း။

အဆိုပါ နိုင်ငံတော်သမ္မတ အရည်အချင်းနှင့် ပြည့်စုံမှု ရှိ၊ မရှိ စိစစ်ရေးအဖွဲ့ အစည်းအဝေးကို ယနေ့ ၂၀၁၈ ခုနှစ် မတ်လ ၂၆ ရက် နံနက် ၉ နာရီတွင် ပြည်ထောင်စုလွှတ်တော်နာယက နားနေခန်းတွင် ပြုလုပ်ခဲ့ပါကြောင်း၊ စိစစ်တွေ့ရှိမှုများအရ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့က ရွေးချယ်တင်မြှောက်ထားသည့် ဦးဝင်းမြင့် (တာမွေမဲဆန္ဒနယ်) သည် နိုင်ငံတော်သမ္မတ အရည်အချင်းများနှင့် ပြည့်စုံမှုရှိသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် နာယကက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အစုအဖွဲ့က ရွေးချယ်တင်မြှောက်ပေးသည့် ဒုတိယသမ္မတတစ်ဦးကို စိစစ်အတည်ပြုပြီးဖြစ်သည့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇၃ ပုဒ်မခွဲ(ဃ)၊ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၄၇ နည်းဥပဒေခွဲ(ခ)တို့အရ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အားလုံးပါဝင်သော နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့က ဒုတိယသမ္မတ သုံးဦးအနက်မှ မိမိတို့ကြိုက်နှစ်သက်သောပုဂ္ဂိုလ်ကို နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းကို ဆက်လက်ဆောင်ရွက်ပေးရမည် ဖြစ်ပါကြောင်း။

ထို့ကြောင့် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲကို ၂၀၁၈ ခုနှစ် မတ်လ ၂၈ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီအချိန်တွင် ကျင်းပမည်ဖြစ်ကြောင်း နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၃၄ နှင့်အညီ ကြေညာသည်။

ထို့နောက် လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော **တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေး ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အတည်ပြုချက်ရယူပြီး ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်ထောင်စုလွှတ်တော် နာယကက အသိပေးကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့် **ဆောက်လုပ်ရေးဝန်ကြီးဌာန မဟာမဲခေါင်ဒေသအတွင်းရှိ လမ်းမကြီးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအတွက် အာရှဖွံ့ဖြိုးရေးဘဏ်နှင့် အာဆီယံအခြေခံအဆောက်အအုံ ရန်ပုံငွေတို့ထံမှ အမေရိကန်ဒေါ်လာသန်း ၃၆၀ ချေးယူရန်ကိစ္စ**နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးအကြံပြုချက်များအပေါ် **ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်း**က အာရှဖွံ့ဖြိုးရေးဘဏ်(ADB)မှ ချေးငွေရယူဆောင်ရွက်မည့်လမ်းစီမံကိန်း သုံးခုအနက် ရန်ကုန်-ပုသိမ်လမ်းသည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) ခွင့်ပြုချက်အရ Oriental Highway ကုမ္ပဏီမှ BOT စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသော လမ်းဖြစ်ပါကြောင်း၊ အဆိုပါလမ်းအား လမ်းအဆင့်မြှင့်တင်ဆောင်ရွက်ရန်အတွက် BOT လုပ်ပိုင်ခွင့်ပေးထားသည့် Oriental Highway ကုမ္ပဏီထံမှ လုပ်ငန်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ပြန်လည်လွှဲပြောင်းရယူပြီး Step in/ Step Out Method ဖြင့် ဆောင်ရွက်ရန် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ကိုလည်း ညှိနှိုင်းထားပြီး သဘောတူညီချက်များကို ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ အတည်ပြုချက်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ADB ချေးငွေ ရယူဆောင်ရွက်မည့် နောက်တစ်လမ်းမှာ ရန်ကုန်-မန္တလေး အမြန်လမ်း၊ ရန်ကုန်မှ ဘောနက်ကြီးအပိုင်း မိုင် ၄၀ အရှည်သည် နောင်တစ်ချိန်ဖြစ်ပေါ်လာမည့် အပြည်ပြည်ဆိုင်ရာ ဟံသာဝတီလေဆိပ်နှင့် ဆက်စပ်အကောင်အထည်ဖော်ရန် လျာထားဆောင်ရွက်လျက်ရှိသည့် လမ်းတစ်လမ်းဖြစ်ပါကြောင်း၊ Yangon Inner Ring Road မှတစ်ဆင့် ရန်ကုန်-မန္တလေး အမြန်လမ်းကို ဆက်စပ်အသုံးပြုခြင်းဖြင့် ရန်ကုန်မြို့လယ်မှ အချိန်တိုအတွင်း အပြည်ပြည်ဆိုင်ရာ ဟံသာဝတီလေဆိပ်သို့ ဆက်သွယ်သွားလာနိုင်ရန် စီမံဆောင်ရွက်ထားခြင်း ဖြစ်ပါကြောင်း၊ Yangon Inner Ring Road ဆောင်ရွက်ခြင်းဖြင့် ရန်ကုန်မြို့ ယာဉ်ကြောကျပ်တည်းမှုကို ပြေလည်စေမည်ဖြစ်ပြီး ရန်ကုန်မြို့တွင်းမှ ရန်ကုန်-မန္တလေး အမြန်လမ်းရှိ ၁၅ မိုင်မှတစ်ဆင့် ဟံသာဝတီလေဆိပ်အထိ ခရီးသွားလာချိန် တစ်နာရီအတွင်း ရောက်ရှိနိုင်မည်ဖြစ်ပါကြောင်း။

ရန်ကုန်မြို့ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအရ ရန်ကုန်မြို့၏မြောက်ဘက်သို့ တိုးချဲ့ရန် လျာထားခြင်း၊ ရန်ကုန်-မန္တလေး အမြန်လမ်း၏ ရန်ကုန်- ဘောနက်ကြီး လမ်းအပိုင်းတစ်ဝိုက်တွင် ကိုရီးယားနိုင်ငံမှ စက်မှုဇုန်များနှင့် Green City ထူထောင်ရန် စီမံကိန်းများလျာထားခြင်း၊ ရန်ကုန်-ဘောနက်ကြီး အမြန်လမ်းပိုင်းမှတစ်ဆင့် သထုံ-ဘားအံ-မြဝတီသို့ ဆက်သွယ်နိုင်မည်ဖြစ်ခြင်း စသည့်အချက်များကြောင့် ရန်ကုန်မှ ဘောနက်ကြီးလမ်းပိုင်းသည် အရှေ့အနောက် စီးပွားရေးစင်္ကြံလမ်းမကြီး၏ အစိတ်အပိုင်းတစ်ခု မလွဲမသွေဖြစ်လာနိုင်သည့်အတွက် ရန်ကုန်-ဘောနက်ကြီး လမ်းအပိုင်း မိုင် ၄၀ ကို နိုင်ငံတော်မှ Concession ရာနှုန်းပြည့်ပိုင်ဆိုင်ထားရန်လည်း လိုအပ်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ADB ချေးငွေနှင့် ယခုလမ်းအပိုင်းကို လမ်းအဆင့်မြှင့်တင်ရန်အတွက် တင်ပြရခြင်းဖြစ်ပါကြောင်း။

ADB ချေးငွေ ရယူဆောင်ရွက်မည့် ပဲခူး-သန်လျင်လမ်းသည် အရှေ့အနောက် စီးပွားရေးစင်္ကြံလမ်းမကြီး၏ ဆက်စပ်နေသော အစိတ်အပိုင်းတစ်ရပ်ဖြစ်ပြီး ပဲခူးမှတစ်ဆင့် သီလဝါစက်မှုဇုန်သို့ လွယ်ကူချောမွေ့စွာ သွားလာနိုင်ရန်၊ သီလဝါစက်မှုဇုန်နှင့် မဟာမဲခေါင်ဒေသတွင်းနိုင်ငံများအကြား ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းများကို အထောက်အကူပြုလာနိုင်မည် ဖြစ်ပါကြောင်း။

မဟာမဲခေါင်ဒေသတွင်းနိုင်ငံများ၏ အရှေ့အနောက် စီးပွားရေးစင်္ကြံလမ်းမကြီးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံသည် အစိတ်အပိုင်းတစ်ရပ်အနေဖြင့် မဖြစ်မနေပါဝင် ဆောင်ရွက်သွားရမည်ဖြစ်ပြီး Cross Border Transport Agreement ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ၏ လူမှုရေး၊ စီးပွားရေး၊ သယ်ယူပို့ဆောင်ရေး ကဏ္ဍများတွင် ယခင်က ထက် များစွာဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါကြောင်း၊ ထို့အချက်များကို အထောက်အကူဖြစ်စေမည့် လမ်းပိုင်း သုံးခု၏ လမ်းအဆင့်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အာရှဖွံ့ဖြိုးရေးဘဏ်(ADB)နှင့် အာဆီယံ အဆောက်အအုံ ရန်ပုံငွေတို့မှ အမေရိကန်ဒေါ်လာ သန်း ၃၆၀ ချေးယူမည့် အစီအစဉ်အား ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် တင်ပြခြင်းဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။



ဒုတိယဝန်ကြီး ဦးကျော်လင်း



ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း

ယင်းနောက် **အဆိုပါ အမေရိကန်ဒေါ်လာ သန်း ၃၆၀ ချေးယူရန်ကိစ္စ**နှင့် စပ်လျဉ်း၍ လွှတ်တော်က အတည်ပြုကြောင်း ပြည်ထောင်စုလွှတ်တော်နာယကက ကြေညာသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှပေးပို့သည့် **ဆောက်လုပ်ရေးဝန်ကြီးဌာန ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် Neighbouring Countries Economic Development Cooperation Agency (NEDA) ထံမှ ထိုင်းဘတ် ၄ ဒသမ ၅ ဘီလီယံ ချေးယူရန်ကိစ္စ**နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ မြန်မာအထူးစီးပွားရေးဇုန် ဗဟိုစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်တို့က ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

**ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်**က ထိုင်းနိုင်ငံ NEDA သည် အိမ်နီးချင်းနိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးအဖြစ် နိုင်ငံအစိုးရချင်းကိုသာ ချေးငွေပေးခြင်း ဖြစ်ပါကြောင်း၊ ထို့ကြောင့် ချေးငွေကို အီတာလျံ-ထိုင်းက ချေး၍မရပါကြောင်း၊ မြန်မာအစိုးရကိုသာ အထူးသက်သာသောနှုန်းဖြင့် ချေးခြင်းဖြစ်ပါကြောင်း။

ချေးငွေစည်းကမ်းအရ ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူ၍ ဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီအနေဖြင့် နှစ်လမ်းသွား ကားလမ်းအတွက် အီတာလျံ-ထိုင်း ကုမ္ပဏီအုပ်စုမှ ကုမ္ပဏီနှင့် ချုပ်ဆိုထားသည့် Concession Agreement ကို ပြန်လည်ပြင်ဆင်ချုပ်ဆိုရေးကို စနစ်တကျ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယခုလမ်းသည် ထားဝယ် အထူးစီးပွားရေးဇုန်၏ ပြင်ပတွင်တည်ရှိပြီး ဆက်စပ်လုပ်ငန်းအဖြစ်သာ ပါဝင်ပါကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူ၍ ဆောင်ရွက်ခြင်းဖြင့် နိုင်ငံပိုင်လမ်းအနေဖြင့် ပြည်သူများအတွက် သင့်တင့်မျှတသောနှုန်းထားဖြင့် သွားလာနိုင်မည်ဖြစ်ပါကြောင်း။

ယခုကားလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို အမြန်ဆောင်ရွက်လိုက်ခြင်းဖြင့် အခြားသောစီမံကိန်းများနှင့် ဆက်စပ်ဒေသများကိုပါ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည့်အပြင် ထားဝယ်အထူးစီးပွားရေးဇုန်နှင့် တနင်္သာရီတိုင်းဒေသကြီး၏ အလားအလာကို ပိုမိုကောင်းမွန်ပြီး နိုင်ငံ၏စီးပွားရေးနှင့် အစိုးရ၏ပုံရိပ်များကိုလည်း ပိုမိုကောင်းမွန်လာနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း**က ယခုချေးယူမည့် ထိုင်းနိုင်ငံ Neighbouring Countries Economic Development Cooperation Agency (NEDA) ထံမှ ချေးငွေထိုင်းဘတ် ၄ ဒသမ ၅ ဘီလီယံရယူရာတွင် အတိုးနှုန်းမှာ ဝ ဒသမ ၁ ရာခိုင်နှုန်းဖြစ်ပြီး Management Fee အဖြစ် ဝ ဒသမ ၁၅ ရာခိုင်နှုန်း ထိုင်းဘတ် ၆ ဒသမ ၇၅ သန်းကို တစ်ကြိမ်တည်းပေးချေရမည် ဖြစ်ပါကြောင်း၊ အဆိုပါ Management Fee ကိုပါ ထည့်သွင်းတွက်ချက်ပါက တစ်နှစ်လျှင် အတိုးနှုန်း ဝ ဒသမ ၁၀၅ ရာခိုင်နှုန်းခန့်ကျသင့်မည်ဖြစ်ပါကြောင်း၊ အဆိုပါချေးငွေ၏ Grant Element တွက်ချက်ရရှိမှုမှာ ၆၁ ဒသမ ၄၀ ရာခိုင်နှုန်းဖြစ်သဖြင့် သက်သာသောချေးငွေဖြစ်ပါကြောင်း၊ ချေးငွေပြန်လည်ပေးဆပ်မှု အချိန်ဇယားအရ ဆိုင်းငံ့ကာလ ၁၀ နှစ်အတွင်း နှစ်စဉ်အတိုး ထိုင်းဘတ် ၄ ဒသမ ၅ သန်း(ကျပ် ၁၉၃ သန်းခန့်)နှင့် ဆိုင်းငံ့ကာလကျော်လွန်ပါက ပြန်ဆပ်ကာလ နှစ် ၂၀ အတွင်း နှစ်စဉ် အတိုးအရင်းပေါင်း ထိုင်းဘတ် ၂၂၉ ဒသမ ၅ သန်း(ကျပ် ၉၈၄၇ သန်းခန့်) ပေးဆပ်သွားရမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါ **ထိုင်းဘတ် ၄ ဒသမ ၅ ဘီလီယံ ချေးယူရန်ကိစ္စ**နှင့်စပ်လျဉ်း၍ လွှတ်တော်က အတည်ပြုကြောင်း ပြည်ထောင်စုလွှတ်တော် နာယကက ကြေညာသည်။

ထို့နောက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှပေးပို့သည့် **၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေနှင့်စပ်လျဉ်း၍ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာအပေါ် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ (၅/၂၀၁၈)** နှင့်စပ်လျဉ်း၍ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို၊ ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးအောင်သိုက်၊ သိန်းနီမဲဆန္ဒနယ်မှ ဦးစိုင်းဦးခမ်း၊ မိုင်းတုံမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဦး၊ မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း၊ တောင်သာမဲဆန္ဒနယ်မှ ဦးစစ်အေး၊ လေရှီးမဲဆန္ဒနယ်မှ ဦးကျော်ငွေး၊ ပေါက်တောမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဇံ၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးငွေတင်း၊ သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးညဏ်ဟိန်း၊ ပလက်ဝမဲဆန္ဒနယ်မှ ဦးစိန်အောင်၊ မြစ်သားမဲဆန္ဒနယ်မှ ဒေါက်တာလင်းလင်းကျော်၊ ဒလမဲဆန္ဒနယ်မှ ဒေါက်တာစိန်မြအေး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးတင်အောင်ထွန်း၊ နန်းယွန်းမဲဆန္ဒနယ်မှ ဦးဝမ်းလှ၊ မိုးမောက်မဲဆန္ဒနယ်မှ ဦးဝင်းအောင်၊ ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးအာမိုးဆီ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၇)မှ ဦးကျော်တုတ်၊ ရွှေကူမဲဆန္ဒနယ်မှ ဦးဇာနည်မင်း၊ လှည်းကူးမဲဆန္ဒနယ်မှ ဦးသိန်းတန်၊ ဒေးဒရဲမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်ညို၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးလားလ်မင်းထန်၊ ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ်၊ ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးဦးထွန်းမောင်၊ မြန်အောင်မဲဆန္ဒနယ်မှ ဦးခင်မောင်လတ်၊ အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို၊ ကသာမဲဆန္ဒနယ်မှ ဦးမြင့်ကြည်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးဇော်ဟိန်းနှင့် တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါ်နီနီမေမြင့်တို့က အကြံပြုဆွေးနွေးကြသည်။

**လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို**က အစီရင်ခံစာပါ တွေ့ရှိချက်များအရ ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများတွင် မူလသတ်မှတ်ထားသည့် လုပ်ငန်းနှင့် အမှန်ဆောင်ရွက်မှု မတူညီမှု၊ ပြီးစီးကြောင်းတင်ပြသော်လည်း အမှန်တကယ်ဆောင်ရွက်မထားမှု၊ လုပ်ငန်းပြီးစီးမှုအတွက် အစီရင်ခံစာ မတင်ပြမှု၊ မျက်မြင်စစ်ဆေးရာတွင် လုပ်ငန်းသုံးပစ္စည်းလက်ကျန်များ ကျန်ရှိနေမှု၊ စစ်ဆေးချက်များအရ လုပ်ငန်းပမာဏ၊ ဈေးနှုန်း၊ ပစ္စည်းအမျိုးအစား စသည့် အကြောင်းအမျိုးမျိုးကြောင့် ပိုထုတ်ငွေများဖြစ်ပေါ်၍ နိုင်ငံတော်ကို ပြန်လည်သွင်းရခြင်း၊ သတ်မှတ်အချိန်မီ မဆောင်ရွက်နိုင်၍ ခွင့်ပြုငွေပြန်သွင်းရခြင်း၊ ဆောင်ရွက်ပြီးလုပ်ငန်းများသည် အကြောင်းအမျိုးမျိုးကြောင့် ပြန်ပြီးပျက်စီး၊ ပျောက်ဆုံးသည်များကိုလည်း တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် နိုင်ငံပိုင်ငွေများ သုံးစွဲရာတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့် (၁၅/၂၀၁၇)ပါ ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ လိုက်နာဆောင်ရွက်ရေးနှင့် အဆင့်ဆင့်ကြီးကြပ်မှုများ ပြုလုပ်ဆောင်ရွက်သင့်ပါကြောင်း၊ ဆောင်ရွက်ပြီးလုပ်ငန်းများနှင့်ပတ်သက်၍ မြို့နယ်စာရင်းချုပ်အဖြစ် သတ်မှတ်ပုံစံများနှင့်အညီ အချိန်မီတင်ပြရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

**အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို**က ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများအသုံးအနှုန်းအစား လွှတ်တော်ဆိုင်ရာဖွံ့ဖြိုးရေးလုပ်ငန်းများဟု ပြောင်းလဲ၍ ပြည်ထောင်စုနယ်မြေရှိ မြို့နယ်များအတွက် ပြည်ထောင်စုလွှတ်တော်ရုံး၏ ဘတ်ဂျက်မှလည်းကောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ မြို့နယ်များအတွက် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်ရုံးများ၏ ဘတ်ဂျက်မှလည်းကောင်း ထောက်ပံ့ငွေအသုံးစရိတ်အဖြစ် လျာထားဆောင်ရွက်သင့်၊ မသင့်အပေါ် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ လုပ်နည်းစနစ်များအတိုင်းသာ ဆက်လက်ဆောင်ရွက်သင့်ပါကြောင်း ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ သုံးသပ်ချက်နှင့် သဘောထားမှတ်ချက်ကိုထောက်ခံပြီး ဖွံ့ဖြိုးရေးရန်ပုံငွေ ခွင့်ပြုရာတွင် နယ်မြေကျယ်ဝန်းပြီး ဖွံ့ဖြိုးမှုလိုအပ်ဆဲဖြစ်သည့် မြို့နယ်များကို လက်ရှိခွင့်ပြုငွေထက် ပိုမိုတောင်းခံခွင့်ပြုရန်ဆိုသည့် ပြည်ထောင်စုစာရင်းစစ်ချုပ်၏ အကြံပေးချက်ကိုလည်း ထည့်သွင်းစဉ်းစားသင့်ပါကြောင်း ဆွေးနွေးသည်။

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ အကြံပြုဆွေးနွေးချက်များအပေါ် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်က အတည်ပြုခြင်းတို့ကို ပြည်ထောင်စုလွှတ်တော် (၂၀)ရက်မြောက်နေ့ အစည်းအဝေးတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်ထောင်စုလွှတ်တော်နာယကက ကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၂၀ ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်ကို ကြိုတင်အသိပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သူရဇော်၊ အေးအေးသန့်(သတင်းစဉ်)**

## ထူးခြားသည့် နေ့အပူချိန်များ

၂၆-၃-၂၀၁၈

| | |
|---|---|
| ချောက် | ၄၁ ဒီဂရီ စင်တီဂရိတ် |
| ပျဉ်းမနား | ၄၀ ဒီဂရီ စင်တီဂရိတ် |
| အောင်လံ | ၄၀ ဒီဂရီ စင်တီဂရိတ် |
| တောင်တွင်းကြီး | ၄၀ ဒီဂရီ စင်တီဂရိတ် |
| ပြည် | ၄၀ ဒီဂရီ စင်တီဂရိတ် |
| ဖြူး | ၄၀ ဒီဂရီ စင်တီဂရိတ် |
| ဟသ္သာတ | ၄၀ ဒီဂရီ စင်တီဂရိတ် |
| ဘော်လခဲ | ၄၀ ဒီဂရီ စင်တီဂရိတ် |
| သိမ်ဇရပ် | ၄၀ ဒီဂရီ စင်တီဂရိတ် |

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ပုံတူပန်းပုရုပ်တု ပေးအပ်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် မတ် ၂၆**

(၇၃)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ပုံတူပန်းပုရုပ်တု ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တပ်မတော်စစ်သမိုင်းပြတိုက်၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်လက်ခံရယူသည်။

ရှေးဦးစွာ အလှူရှင်များကိုယ်စား ဦးကျော်ကျော်က ပိတောက်ကျီးပေါင်းသားဖြင့် ထုလုပ်ထားသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ပုံတူပန်းပုရုပ်တုကို ပေးအပ်လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အလှူရှင်များက ပုံတူပန်းပုရုပ်တုကို ပေးအပ်လှူဒါန်းရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လက်ခံရယူပြီး အလှူရှင် ဦးစောလှအေးနှင့်အဖွဲ့ဝင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ အထိမ်းအမှတ်တံဆိပ်နှင့် လက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်သည်။**(ယာပုံ)**

အဆိုပါရုပ်တုကို မြိုင်ကြီးငူဒေသ မြန်မာ-ထိုင်းနှစ်နိုင်ငံနယ်စပ်အနီး ပေါက်ရောက်လျက်ရှိသည့် နှစ် ၁၀၀ ကျော်သက်တမ်းရှိ ပိတောက်ပင်၏ ကျီးပေါင်းသားဖြင့် ထွင်းထုထားခြင်းဖြစ်ပြီး သစ်အလှူရှင် ဦးစောလှအေး လှူဒါန်းသည့် ကျီးပေါင်းသားပေါ်တွင် ဦးကျော်ကျော်၏ စီစဉ်မှုဖြင့် ပန်းပုဆရာ ဦးရဲရင့်နောင်လတ်က နှစ်လခန့်အချိန်ယူ ထုဆစ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ ကျီးပေါင်းပန်းပုရုပ်တုမှာ အလေးချိန်အားဖြင့် တစ်တန်ခန့်ရှိပြီး ကာလတန်ဖိုးငွေကျပ်သိန်း ၁၀၀၀ ခန့်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ (၄၇)နှစ်မြောက် လွတ်လပ်ရေးနေ့နှင့် အမျိုးသားနေ့အထိမ်းအမှတ် ညည့်ခံပွဲအခမ်းအနားကို ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့်ဇနီး ပါမောက္ခ ဒေါက်တာမြသီတာတို့အား မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော H.E.Mr. Manjurul Karim Khan Chowdhury က ကြိုဆိုနှုတ်ဆက်စဉ်။ သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် သီလဝါဆိပ်ကမ်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ရန်ကုန် မတ် ၂၆**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် ယမန်နေ့ မွန်းလွဲပိုင်းတွင် သီလဝါမြန်မာ့ဆိပ်ကမ်းအာဏာပိုင် မြေကွက်အမှတ် (၂၅)၊ (၂၆)တွင် ဂျပန်နိုင်ငံ၏ ODA Loan ချေးငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် သီလဝါကမ်းနားဆိပ်ကမ်းဒေသတွင် ရန်ကုန်ဆိပ်ကမ်းများ တိုးချဲ့တည်ဆောက်ရေး စီမံကိန်းပထမအဆင့်လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေနှင့် ဆိပ်ခံတံတားတည်ဆောက်ပြီးစီးမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဆိပ်ကမ်းရုံး၌ အထွေထွေမန်နေဂျာ ဦးမင်းကြည်နှင့် တာဝန်ရှိသူများက ဆိပ်ခံတံတားတွင် နိုင်ငံခြားသင်္ဘောကြီးများ ဝင်ရောက်ဆိုက်ကပ်မှုအခြေအနေ၊ ပို့ကုန်သွင်းကုန်များ တင်ချဆောင်ရွက်နေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ငြိမ်းချမ်းရေးတွဲလက်များ Wheel Chair ရထားခရီးစဉ်အဖွဲ့ ထားဝယ်မြို့တွင် ငြိမ်းချမ်းရေးလှုံ့ဆော်မှုလုပ်ငန်းများ ဆောင်ရွက်

**ထားဝယ် မတ် ၂၆**

ရန်ကုန်မြို့ ခဝဲခြံမျက်မမြင်ကျောင်းမှ အမြင်အာရုံ မသန်စွမ်းသူများနှင့် အခြားမသန်စွမ်းသူများ ပါဝင်သည့် ငြိမ်းချမ်းရေးတွဲလက်များ Wheel Chair ရထားခရီးစဉ် အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့အတွင်း ငြိမ်းချမ်းရေးလှုံ့ဆော်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထို့နောက် ငြိမ်းချမ်းရေးတွဲလက်များ Wheel Chair ရထားခရီးစဉ်အဖွဲ့သည် ယနေ့နံနက် ၇ နာရီခွဲတွင် ထားဝယ်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းရှေ့၌ ငြိမ်းချမ်းရေးတွဲလက်များ Wheel Chair ရထားတို့ လိုချင်သည့် "ငြိမ်းချမ်းရေး နှုတ်ကဖွင့်ဟပေး" "Speak Out For Peace That We Want" မြန်မာပြည်ကြီးငြိမ်းချမ်းပါစေ ဆိုင်းဘုတ် ဖွင့်ပွဲအခမ်းအနားကို ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်မျက်မမြင်များကျောင်း (ခဝဲခြံ)မှ ကျောင်းအုပ်ကြီး ဦးသိန်းလွင်က ငြိမ်းချမ်း မေတ္တာစကား ပြောကြားရာတွင် ငြိမ်းချမ်းရေး တွဲလက်များ Wheel Chair ရထားခရီးစဉ်သည် တိုင်းဒေသကြီး၊ ပြည်နယ်များသို့ လှည့်လည်၍ ဒေသခံပြည်သူများထံမှ ငြိမ်းချမ်းရေးလက်မှတ်များ စုဆောင်းလျက်ရှိကြောင်း၊ ငြိမ်းချမ်းရေးခရီးတစ်လျှောက်တွင် ယခုလို မြေစိုက်ပိုစတာ စိုက်ထူခြင်းအများဆုံးဖြစ်ကြောင်း၊ တိုင်းဒေသကြီးသည် ငြိမ်းချမ်းသည့် နေရာဖြစ်သော်လည်း ယခုအတိုင်းမနေဘဲ စစ်ပွဲများဖြစ်နေသည့် နေရာများအတွက် ငြိမ်းချမ်းသော နယ်မြေများမှ ပြည်သူများသည်လည်း ယခုလို တာဝန်သိ၊ တာဝန်ရှိစွာဖြင့် တက်ရောက်လာကြသည့်အတွက် အထူးပင် ကျေးဇူးတင်ရှိကြောင်း၊ ငြိမ်းချမ်းရေးကို မမေ့မပျောက်စေရန်နှင့် အမြဲသတိရ ဆောင်ရွက်နိုင်စေရန် ပိုစတာစိုက်ထူရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ထားဝယ်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလင်းသန့်က ကျွန်တော်တို့ဒေသသည် ငြိမ်းချမ်းရေးအသီးအပွင့်များကို ရရှိနေသည်မှာ ကြာပြီဖြစ်သော်လည်း တစ်တိုင်းပြည်လုံး ငြိမ်းချမ်းရေးအတွက် ကျွန်တော်တို့ မြို့သူမြို့သားများက ဆက်လက်ပြီး ဝိုင်းဝန်း၍ လိုအပ်သည့် ကွက်လပ်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြရန် လိုကြောင်း ပြောကြားပြီး တိုင်းဒေသကြီး လူမှုရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဟိုပင်၊ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီချိုနှင့် တာဝန်ရှိသူများက ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ "အမုန်းများ. . . ရပ်၊ စစ်ပွဲတွေ. . . ရပ်၊ မြန်မာပြည်ကြီး. . . ငြိမ်းချမ်းပါစေ" ဟူ၍ တက်ရောက်လာသူများနှင့် သံပြိုင်ဟစ်ကြွေးသည်။

ဆက်လက်၍ ငြိမ်းချမ်းရေးတွဲလက်များ Wheel Chair ရထားအဖွဲ့က အာဇာနည်လမ်းအတိုင်း ရုံးကြီးလမ်းဆုံ၊ ငှက်မှတစ်ဆင့် အလယ်လမ်း ဈေးတောင်ဘက်လမ်းရှိ မြို့နယ်စည်ပင်သာယာဈေးကြီး တစ်ဝိုက်၌ ဒေသခံပြည်သူများထံမှ ငြိမ်းချမ်းရေးလက်မှတ်များ ကောက်ခံရယူခဲ့သည်။ ညနေပိုင်းတွင် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းဝင်း၌ အမြင်အာရုံ မသန်စွမ်းသူများက ငြိမ်းချမ်းရေး တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြခြင်း၊ ငြိမ်းချမ်းရေးကဗျာ ရွတ်ဆိုခြင်း၊ ငြိမ်းချမ်းရေး တည်ဆောက်မှုအကြောင်းအရာများ ဟောပြောခြင်း၊ ငြိမ်းချမ်းရေး လိုလားသူပြည်သူများ၏ ဆန္ဒလက်မှတ်များ ကောက်ယူခြင်းနှင့် ရင်တွင်းဖြစ်စကားသံများ စုဆောင်းခြင်းများ ဆောင်ရွက်ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



# မြန်မာအမျိုးသားလေကြောင်းလိုင်းမှ ထိုင်းနိုင်ငံ ဖူးခက်သို့ တစ်ပတ်လျှင် နှစ်ကြိမ် တိုက်ရိုက်ခရီးစဉ် စတင်ပြေးဆွဲ

**ရန်ကုန် မတ် ၂၆**
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာအမျိုးသားလေကြောင်းမှ ပဉ္စမမြောက် နိုင်ငံတကာခရီးစဉ်တစ်ခုအဖြစ် ထိုင်းနိုင်ငံ ဖူးခက်မြို့သို့ စတင်ပြေးဆွဲလိုက်ပြီဖြစ်ပြီး တစ်ပတ်လျှင် နှစ်ကြိမ် ပြေးဆွဲမည်ဖြစ်ကြောင်း အဆိုပါ လေကြောင်းလိုင်းမှ သိရသည်။

အဆိုပါ ခရီးစဉ်သစ်ကို ၂၀၁၈ မတ် ၂၅ ရက်မှစတင်ကာ တစ်ပတ်လျှင် နှစ်ကြိမ် (တနင်္ဂနွေနေ့နှင့် သောကြာနေ့)တို့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် Terminal 2 မှ စတင်ပြေးဆွဲလျက်ရှိပြီး အသွားအပြန် လေယာဉ်လက်မှတ်ခ နှုန်းထားမှာ အမေရိကန်ဒေါ်လာ ၂၅၀ မှ စတင်မည်ဖြစ်ကြောင်း အဆိုပါလေကြောင်းလိုင်းမှ သိရသည်။

မြန်မာအမျိုးသားလေကြောင်းလိုင်းသည် နိုင်ငံပိုင်လေကြောင်းလိုင်းဖြစ်ပြီး နိုင်ငံတကာခရီးစဉ်အဖြစ် ၂၀၁၅ ဩဂုတ်လတွင် ရန်ကုန်-စင်ကာပူခရီးစဉ်၊ ၂၀၁၅ ဒီဇင်ဘာလတွင် ရန်ကုန်-ဟောင်ကောင် ခရီးစဉ်၊ ၂၀၁၆ ဖေဖော်ဝါရီလတွင် ရန်ကုန်-ဘန်ကောက်ခရီးစဉ်၊ ၂၀၁၆ နိုဝင်ဘာလတွင် ရန်ကုန်-ချင်းမိုင်ခရီးစဉ်တို့သို့ ပြေးဆွဲခဲ့ပြီးဖြစ်ပြီး ယခု ၂၀၁၈ မတ် ၂၅ ရက်မှ စတင်ကာ ရန်ကုန်-ဖူးခက်ခရီးစဉ်ကို ဆက်လက်ပြေးဆွဲခဲ့ခြင်းဖြစ်သည်။

နိုင်ငံပိုင် မြန်မာအမျိုးသားလေကြောင်းလိုင်းသည် မြန်မာနိုင်ငံလွတ်လပ်ရေးရရှိခဲ့သည့် ၁၉၄၈ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး မြန်မာနိုင်ငံလေကြောင်းသယ်ယူပို့ဆောင်ရေး (ပ. လ. သ. ဖ) Union of Burma Airways အမည်ဖြင့် စတင်တည်ထောင် ပြေးဆွဲခဲ့သည်။ စတင်ချိန်တွင် De Havilland Dove လေယာဉ်ဖြင့် ပြည်တွင်းရှိ လေဆိပ်ပေါင်း ၁၉ ခုသို့ ပျံသန်းနိုင်ခဲ့ပြီး ၁၉၅၀ ပြည့်နှစ်တွင် ဘန်ကောက်၊ ကိုးလ်ကတ္တား၊ စစ်တကောင်းမြို့တို့သို့ ပျံသန်းမှုစတင်ခဲ့သည်ဟု သိရသည်။ ၁၉၉၃ ခုနှစ်တိုင်သည်အထိ စင်ကာပူ၊ ခတ်မန်တူ၊ ဘန်ကောက်၊ ကိုးလ်ကတ္တား၊ ဒါကာ၊ ဟောင်ကောင်နှင့် ဂျကာတာမြို့တို့သို့ ပျံသန်းနိုင်ခဲ့သည်။ ၁၉၈၉ ခုနှစ်တွင် မြန်မာ့လေကြောင်း Myanma Airways အမည်သို့ ပြောင်းလဲကာ မြို့ပေါင်း ၂၀ မြို့သို့ ပြေးဆွဲခဲ့သည်။ ပြီးခဲ့သည့် ၂၀၁၄ ခုနှစ်တွင် ကော်ပိုရေးရှင်းသို့ ပြောင်းလဲကာ နိုင်ငံပိုင် လေကြောင်းလိုင်း မြန်မာအမျိုးသားလေကြောင်းလိုင်းအမည်ဖြင့် ပြည်တွင်းခရီးစဉ်များအပြင် နိုင်ငံတကာခရီးစဉ်များကို စတင်ပြန်လည်ပြေးဆွဲခဲ့ခြင်းဖြစ်သည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဧပြီလမှ ပြီးခဲ့သည့် မိုးတွင်းကာလအတွင်းခရီးသည် ခြောက်သိန်း နီးပါး သယ်ဆောင်နိုင်ခဲ့ပြီး ပွင့်လင်းရာသီနှင့် ဘဏ္ဍာနှစ်အကုန်တွင် ခရီးသည် ၁ ဒသမ ၅ သန်းသယ်ယူပို့ဆောင်နိုင်ရန် Myanmar National Airlines MNA အနေဖြင့် ရည်မှန်းထားကြောင်း သိရသည်။ **၀၀၁**

# မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်ဖက်ညှိနှိုင်း၍ လှည့်ကင်းများ ဆောင်ရွက်

**နေပြည်တော် မတ် ၂၆**
မြန်မာနိုင်ငံ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များနှင့် ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့်ရဲတပ်ဖွဲ့ကင်းစခန်းမှ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မတ် ၂၅ ရက်တွင် နိုင်ငံအသီးသီးအတွင်းရှိ နယ်စပ်ခြံစည်းရိုးလမ်းအတိုင်း နယ်ခြားမှတ်တိုင် ၄၀ မှ ၄၁ အထိ နှစ်ဖက်ညှိနှိုင်း၍ လှည့်ကင်းဆောင်ရွက်ခဲ့သည်။

နှစ်နိုင်ငံ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ကုန်းမြေနယ်နိမိတ်တွင် နှစ်ဖက်ညှိနှိုင်းချက်အရ Coordinated Patrol ကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်မှ ၂၆ ရက်အထိ နယ်ခြားမှတ်တိုင် ၄၂ မှ ၅၅ ထိ ၁၄ ကြိမ်၊ မတ် ၁၁ ရက်တွင် နယ်ခြားမှတ်တိုင် ၃၁ မှ ၃၄ အထိ တစ်ကြိမ်၊ မတ် ၁၅ ရက်တွင် နယ်ခြားမှတ်တိုင် ၃၄ မှ ၃၆ အထိ တစ်ကြိမ်၊ မတ် ၁၈ ရက်တွင် နယ်ခြားမှတ်တိုင် ၃၆ မှ ၃၈ အထိ တစ်ကြိမ်၊ မတ် ၂၀ ရက်တွင် နယ်ခြားမှတ်တိုင် ၃၈ မှ ၃၉ အထိ တစ်ကြိမ်၊ မတ် ၂၂ ရက်တွင် နယ်ခြားမှတ်တိုင် ၃၉ မှ ၄၀ အထိ တစ်ကြိမ်၊ မတ် ၂၅ ရက်တွင်နယ်ခြားမှတ်တိုင် ၄၀ မှ ၄၁ အထိ တစ်ကြိမ် စုစုပေါင်းအကြိမ် ၂၀ နှင့် ရေကြောင်းကင်းလှည့်ခြင်းကို နတ်မြစ်ကြောင်းအတိုင်း မတ် ၅ ရက်နှင့် ၂၀ ရက်တို့တွင် နှစ်နိုင်ငံညှိနှိုင်း၍ လှည့်ကင်းဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲများ ဖိတ်ခေါ်

**နေပြည်တော် မတ် ၂၆**
မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့က ကြီးမှူးကျင်းပသည့် ၂၀၁၈ ခုနှစ် ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ (၃၁)ကြိမ်မြောက် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲများအတွက် ယှဉ်ပြိုင်မည့် စာမူနှင့် လက်ရာများ ဖိတ်ခေါ်ထားသည်။

(၁) ပြိုင်ပွဲဝင်ရမည့် ဆောင်ပုဒ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-
- (က) "အနာဂတ်ပန်းများ ပွင့်လန်းဖို့ မူးယစ်ဆေးဝါး တိုက်ဖျက်စို့"
- (ခ) "မူးယစ်ကင်းဝေး ကျန်းမာရေး အားကစားနှင့်မြှင့်တင်ပေး"
- (ဂ) "နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ မူးယစ်ဆေးကိုဆန့်ကျင်စို့"
- (ဃ) "လူငယ်ဘဝတိုးတက်ဖို့ မူးယစ်အန္တရာယ် ကာကွယ်စို့"
- (င) "လူသားရင်းမြစ် မျိုးဆက်သစ် မူးယစ်မှုန်သမျှ တိုက်ဖျက်ပစ်"
- (စ) "ဦးစွာနားထောင်ပါ"

Listen Listening to children and youth
FIRST is the first step to help them
grow healthy and safe

(၂) ဝတ္ထုတိုနှင့် ဆောင်းပါးစာမူကို စာတစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေး၍ သို့မဟုတ် ကွန်ပျူတာစာစီ၍ မူရင်းနှင့် မိတ္တူပေါင်းနှစ်စောင် ပေးပို့ရမည်။ စာလုံးရေ (၃၀၀၀)မှ (၅၀၀၀)အတွင်းဖြစ်သည်။

(၃) ကဗျာစာမူကို စာတစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေး၍ သို့မဟုတ် ကွန်ပျူတာ စာစီ၍ မူရင်းနှင့်မိတ္တူ ပေါင်း နှစ်စောင် ပေးပို့ရမည်။ စပ်ထုံးစပ်နည်း မှန်ကန်ပြီး စာကြောင်းရေ (၅၀)မှ (၁၀၀)၊ (ပါဒ ၁၀၀ မှ ၂၀၀ )အတွင်း ရှိရမည်။

(၄) တေးသီချင်းသည် တစ်ဦးချင်း သို့မဟုတ် အဖွဲ့နှင့် သီဆိုနိုင်ပြီး ပရိသတ်နားစွဲလွယ်သော ကိုယ်ပိုင်သံစဉ် သီချင်းသစ်ဖြစ်ပြီး စကားလုံးကျစ်လျစ်ထိရောက်ရမည်။ အပြီးသတ် အချောသွင်းထားသောသီချင်း CD Master နှင့်အတူ စာသားကိုသပ်ရပ်စွာရေး၍ (သို့မဟုတ်) ကွန်ပျူတာစာစီ၍ မူရင်း တစ်စောင်ကို ဂီတသင်္ကေတ မူရင်း တစ်စောင်နှင့်အတူ ပေးပို့ရမည်။

(၅) ဓာတ်ပုံသည် Photo Essay အဖြစ် ရောင်စုံ သို့မဟုတ် Monochrome ဖြစ်ပြီး ရွေးချယ်ထားသည့် ဆောင်ပုဒ်နှင့် လျော်ညီစွာ ရိုက်ကူးထားသော ပုံသေးသုံးပုံမှ ငါးပုံအထိ ထည့်သွင်းပေးပို့ရမည်။ အဆိုပါပုံငယ်များ၏ Original Files များနှင့် ၁၂" × ၁၈" အရွယ် ဓာတ်ပုံ၏ FINAL OUTPUT PRINT FILE ကို CD တွင် ထည့်သွင်းပေးပို့ရမည်။

(၆) ကွန်ပျူတာပိုစတာသည် ခေါင်းစဉ်နှင့်ရေးဆွဲမှု ထိရောက်သေချာရမည်။ တင်ပြပုံ ရှင်းလင်းသပ်ရပ်ရမည်။ ယှဉ်ပြိုင်သည့်ပုံအား ၇" × ၉" အရွယ် A 4 Size စက္ကူနှင့် ပုံထုတ်ပြီး CD ဖြင့် ကူးယူပေးပို့ရမည်။ ယခင်နှစ်များမှ ဆုရရှိပြီးသောပုံများအား ကူးယူရေးဆွဲခြင်းမပြုရ။ ယှဉ်ပြိုင်သည့်ပုံတွင် ရေးဆွဲသူ၏ ကိုယ်ရေးအချက်အလက်များ ထည့်သွင်းခြင်း မပြုရ။

(၇) ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲများကို မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းဟူ၍ (၃)ဆင့် ယှဉ်ပြိုင်ခွင့်ပြုသည်။ မူလတန်းအဆင့် (၃/၄ တန်း)၊ အလယ်တန်းအဆင့်(၅/၆/၇)နှင့် အထက်တန်းအဆင့်(၈/၉/၁၀) ဖြစ်ပါသည်။ ရေးဆွဲမည့် စက္ကူ ယူလာရန်မလိုပါ။ ၁၅"×၂၀" အရွယ် ရေးဆွဲရမည်။ ခဲတံဖြင့် ရေးဆွဲခြင်းမပြုရ။ နှစ်သက်ရာဆေးကိုယူလာပြီး နှစ်သက်ရာ နည်းဖြင့် ပန်းချီ၊ ပိုစတာ ရေးဆွဲချိန် သုံးနာရီ၊ ကာတွန်းရေးဆွဲချိန် နှစ်နာရီ သတ်မှတ်၍ ကျောဘက်တွင် လက်မှတ်ရေးထိုးရမည်။

(၈) ကွန်ပျူတာပန်းချီပြိုင်ပွဲကို အလယ်တန်းနှင့် အထက်တန်းဟူ၍ နှစ်ဆင့်ခွဲပြီး ယှဉ်ပြိုင်ခွင့်ပြုသည်။ အလယ်တန်းအဆင့်(၅/၆/၇)နှင့် အထက်တန်းအဆင့်(၈/၉/၁၀)ဖြစ်ပါသည်။ ပြိုင်ပွဲချိန်အတွင်း ရေးဆွဲထားသောပုံဖြစ်ရမည်။ အသင့်ရေးဆွဲထားသော ပုံမပါစေရ။ Software Programme ကို Corel draw, Photoshop, Claris office ကြိုက်ရာတစ်မျိုးမျိုးဖြင့် ရေးဆွဲ နိုင်ပါသည်။ ရေးဆွဲချိန် သုံးနာရီသတ်မှတ်ရမည်။ ယှဉ်ပြိုင်သည့် ပုံအား A4 Size စက္ကူနှင့် ပုံထုတ်ပြီး CD ဖြင့် ကူးယူရာတွင် မူရင်းပုံအပြင် Jpeg Format ဖြင့် ပုံကိုသိမ်းဆည်း၍ ပေးပို့ရမည်။ ယခင်နှစ်များမှ ဆုရရှိပြီးသောပုံများအား ကူးယူရေးဆွဲခြင်းမပြုရ။

(၉) ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာပြိုင်ပွဲတို့တွင် ပြိုင်ပွဲတစ်ခုစီအတွက် တစ်ဦးလျှင် စာမူတစ်စောင်၊ တေးသီချင်းပြိုင်ပွဲတွင် တစ်ဦးလျှင် တစ်ပုဒ်၊ ကွန်ပျူတာပိုစတာပြိုင်ပွဲတွင် တစ်ဦးလျှင် တစ်ပုံ၊ ယှဉ်ပြိုင်ခွင့်ရှိသည်။

(၁၀) ဓာတ်ပုံပြိုင်ပွဲဝင်တစ်ဦးလျှင် ၁၂"×၁၈" လက်မအရွယ် Photo Essay (၄)ပုံအထိ ယှဉ်ပြိုင်နိုင်သည်။ ပုံများ၏ အကြောင်းအရာ Caption ကို စာကြောင်းရေ ငါးကြောင်းခန့် ရေးသားပြီး ဓာတ်ပုံ၏ နောက်ဘက်တွင် ကပ်ထားရမည်။ ပြိုင်ပွဲဝင် တစ်ဦးလျှင် ဆုကြီးတစ်ဆုနှင့် နှစ်သိမ့်ဆု နှစ်ဆု ခံစားခွင့်ရှိသည်။

(၁၁) ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲဝင်များသည် အတန်းအထောက်အထားအတွက် သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများ၏ ထောက်ခံချက်ဖြင့် တိုင်းဒေသကြီး၊ ပြည်နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များမှ ကြီးမှူးကျင်းပသည့် လက်တွေ့ရေးဆွဲယှဉ်ပြိုင်ပွဲများမှတစ်ဆင့် ဝင်ရောက်ယှဉ်ပြိုင်ကြရမည်။ တိုင်းဒေသကြီး၊ ပြည်နယ်များမှ သင့်လျော်သည့် နေ့ရက်တွင် ပြိုင်ပွဲကျင်းပရမည်။

(၁၂) ပြိုင်ပွဲဝင်များအားလုံးသည် ပတ်စ်ပို့အရွယ် ဓာတ်ပုံနှစ်ပုံ၊ အမည်ရင်း၊ ကလောင်အမည်၊ အမျိုးသား မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ကိုယ်ရေးအကျဉ်း၊ ကိုယ်တိုင်ရေးသား၊ သီကုံး၊ ရိုက်ကူး၊ ရေးဆွဲခြင်းဖြစ်ကြောင်း၊ မည်သည့် စာစောင်တွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် ဆုရရှိခဲ့ဖူးခြင်းမရှိကြောင်း ဝန်ခံချက် ပူးတွဲပေးပို့ရမည်။

(၁၃) ပြိုင်ပွဲဝင် စာမူများနှင့် လက်ရာများကို တာဝန်ခံ၊ မူးယစ်ပြတိုက်၊ ဟံသာဝတီလမ်းနှင့် ကျွန်းတောလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးသို့ လိပ်မူပေးပို့ရမည်။ ဆက်သွယ်ရန် ဖုန်းမှာ ၀၁၅၀၅၂၆၁ ဖြစ်ပါသည်။

(၁၄) ပြိုင်ပွဲဝင်စာမူနှင့် လက်ရာများ၊ နောက်ဆုံးရောက်ရှိရမည့် နေ့ရက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| | | |
|---|---|---|
| (က) | တေးသီချင်း | ၂-၅-၂၀၁၈ |
| (ခ) | ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ | ၁၁-၅-၂၀၁၈ |
| (ဂ) | ဓာတ်ပုံ | ၅-၆-၂၀၁၈ |
| (ဃ) | ကွန်ပျူတာပိုစတာ | ၆-၆-၂၀၁၈ |
| (င) | ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ | ၈-၆-၂၀၁၈ |

(၁၅) ပြိုင်ပွဲအားလုံးတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆု သုံးဆု ရွေးချယ်မည်ဖြစ်ပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များမှ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားတွင် ဆုချီးမြှင့်မည် ဖြစ်ပါသည်။ အလွတ်တန်းပြိုင်ပွဲများမှ ပထမဆုရရှိသူ ခြောက်ဦးကို နေပြည်တော်တွင် ဆုချီးမြှင့်မည်ဖြစ်ပါသည်။

(၁၆) ရွေးချယ်ခြင်းမခံရသည်များကို ပြန်လည်ပေးပို့မည် မဟုတ်ပါ။

***မှတ်ချက်။ မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် ခံယူကာ ပြည်သူအားလုံးမှ တက်ကြွစွာ ပူးပေါင်းပါဝင် ယှဉ်ပြိုင်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။***

# အမြင်သစ်စာကြည့်တိုက် နှစ်ပတ်လည် ဂုဏ်ပြုဆုချီးမြှင့်ပွဲနှင့် စာပေဟောပြောပွဲ ကျင်းပ

**ရန်ကုန် မတ် ၂၆**
အင်းစိန်မြို့နယ် မြို့သစ်(ဂ)ရပ်ကွက် ငစိန်လမ်းရှိ အမြင်သစ်စာကြည့်တိုက်ရှေ့၌ အဌမအကြိမ် နှစ်ပတ်လည်ဂုဏ်ပြုဆုချီးမြှင့်ပွဲနှင့် စာပေဟောပြောပွဲ အခမ်းအနားကို မတ် ၂၅ ရက် ည ၇ နာရီတွင် ကျင်းပသည်။

အမြင်သစ်စာကြည့်တိုက်ကို မြန်မာ့စာအုပ်စာပေထောက်ပံ့ရေးနှင့် ထိန်းသိမ်းရေးဖောင်ဒေးရှင်း(Myanmar Book Aid and Presentation Foundation)မှ မြန်မာနိုင်ငံတစ်နိုင်ငံလုံး၌ တိုးတက်မှုအရှိဆုံးအဖြစ် ၂၀၁၇ ခုနှစ်တွင် ရွှေဆုကို ပေးအပ်ချီးမြှင့်ခဲ့ပြီး ၂၀၁၈ ခုနှစ် (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့တွင်လည်း အင်းစိန်မြို့နယ်မှ ဘိငါးလုံးနှင့် ပြည့်စုံသော အကောင်းဆုံးစာကြည့်တိုက်စံပြဆုရရှိခဲ့ကြောင်း စာကြည့်တိုက်ကော်မတီအတွင်းရေးမှူး ဦးကျော်သိန်းကပြောသည်။

ထို့နောက်စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အဘက်ဘက်မှ ပါဝင်လှူဒါန်းသည့် အလှူရှင်များနှင့်စာကြည့်တိုက် ကော်မတီဝင်များ၊ စာကြည့်တိုက်မှူး၊ လက်ထောက်စာကြည့်တိုက်မှူးများ (ထူးချွန်ဆုရရှိသူများ)အား တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြပြီး စာရေးဆရာမ ဒေါက်တာနိုက်တင်ဂေးလ် (မီးအိမ်ရှင်)၊ သတင်းစာဆရာအသင်း ဥက္ကဋ္ဌနှင့် စာရေးဆရာမဂျူးတို့က ကျန်းမာရေးစောင့်ရှောက်မှု၊ ကျန်းမာရေး ပညာပေးမှု၊ စာကြည့်တိုက်များ၏ အသက်သည် စာဖတ်သူများပင်ဖြစ်ကြောင်း သုတ၊ ရသ ရှိသည့် စာပေအကြောင်းအရာများကို ဟောပြောခဲ့ကြကြောင်း သိရသည်။ **ဉာဏ်ဟိန်း**

# MFF Open Cup ဖူဆယ်ပြိုင်ပွဲ ဒုတိယအဆင့် ရှုံး၊ ထွက်ပွဲများ စတင်ကျင်းပ

**ရန်ကုန် မတ် ၂၆**
မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် MFF Open Cup ဖူဆယ်ပြိုင်ပွဲ ဒုတိယအဆင့် ရှုံး၊ ထွက်ပွဲအကြိုပွဲစဉ်များကို ယနေ့နံနက်ပိုင်းက စတင်ကျင်းပရာ MIC Legend အသင်း၊ UM FC အသင်း၊ Dala United အသင်းနှင့် Best Friends အသင်းတို့ နိုင်ပွဲများ ရယူနိုင်ခဲ့သည်။

ယနေ့ကျင်းပသည့်ပွဲများတွင် MIC Legend အသင်းက မျိုးချစ်လူငယ်အသင်းကို နှစ်ဂိုး-တစ်ဂိုး၊ UM အသင်းက မြို့မလှသီတာအသင်းကို ၁၄ ဂိုး-တစ်ဂိုး၊ Dala United အသင်းက VUC Youth အသင်းကို ငါးဂိုး-တစ်ဂိုး၊ Best Friends အသင်းက MMU Exclamation အသင်းကို ၁၂ ဂိုး-၁၀ ဂိုးဖြင့် အနိုင်ရခဲ့သည်။ အကောင်းဆုံး ကစားသမားဆုများကို MIC Lengend အသင်းမှ ချိုသဲမောင်၊ UM FC အသင်းမှ သူရ၊ Dala United အသင်းမှ ဖြိုးဝေကို၊ Best Friends အသင်းမှ မျိုးညီညီနိုင်တို့က ရရှိခဲ့သည်။ ဒုတိယအဆင့် ရှုံး၊ ထွက်ပွဲများကို မတ် ၂၈ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး GV Athletic နှင့် ရွှေခရမ်း၊ RDZ နှင့် Winner၊ ရွှေမြဝတီနှင့် Zombie၊ VUC နှင့် UPT အသင်းတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ **ရဲရင့်ရှိန်း**

## ပြင်ဆင်သိမှတ်ပါရန်

မတ် ၂၆ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၁၀)တွင် ပါရှိသည့် **"သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီးအတွင်း သစ်စေးသရိုးပန်း ရွှေချပန်းချီကားချပ်ကြီးများနှင့် လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်း အောင်ပွဲ ရေစက်ချမင်္ဂလာအခမ်းအနား ကျင်းပ"** သတင်း၏ ဒုတိယစာပိုဒ်၌ **"ရှေးဦးစွာ နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဝိဇ္ဇောတ ဆရာတော်ကြီးနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်ကြီးများ အမှူးပြုသည့် ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး"**ဟု လည်းကောင်း၊ တတိယစာပိုဒ်၌ **"ထို့နောက် ရေစက်ချပွဲအခမ်းအနားကိုကျင်းပရာ နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဝိဇ္ဇောတ ဆရာတော်ကြီးထံမှ ဂေါပကအဖွဲ့ဝင်များနှင့် ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်"**ဟု လည်းကောင်း ပြင်ဆင်သိမှတ်ပါရန်။

**သတင်းစဉ်**

# ဌာနဆိုင်ရာရုံးများအရောက် ကွင်းဆင်း၍ စာအုပ်စာစောင်များငှားပေး

**စစ်တွေ မတ် ၂၆**

ရခိုင်ပြည်နယ် စစ်တွေခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဌာနဆိုင်ရာများသို့ အပတ်စဉ်အလှည့်ကျ ကွင်းဆင်း၍ နယ်လှည့်စာကြည့်တိုက် စနစ်ဖြင့် ဝန်ထမ်းများ လက်ဝယ်အရောက် စာအုပ်စာစောင်များကို ငှားရမ်းပေးလျက်ရှိရာ ယနေ့ ညနေ ၃ နာရီက စစ်တွေခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများသည် လူမှုဝန်ထမ်းဦးစီးဌာနနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသို့ သွားရောက်၍ ဝန်ထမ်းများအား နယ်လှည့်စာကြည့်တိုက်ဖြင့် စာအုပ်စာစောင်များကို ငှားရမ်းပေးခဲ့ကြပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ထုတ်ဝေသည့် (၇၃)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် သတင်းစကား လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးကြသည်။



အဆိုပါ နယ်လှည့်စာကြည့်တိုက်တွင် သုတ၊ ရသ စာအုပ်စာစောင် ၂၀၀ ကျော်ပါရှိပြီး ဝန်ထမ်းများ ငှားရမ်းဖတ်ရှုလိုသည့် သုတ၊ ရသ စာအုပ် ၁၀၀ ကျော်ကို ငှားရမ်းပေးခဲ့ကြပြီး ငှားရမ်းပေးခဲ့သည့် စာအုပ်များကို ရက်သတ္တ တစ်ပတ်ပြည့်လျှင် စာအုပ်အသစ်များဖြင့် ပြန်လည်၍ လဲလှယ်ငှားရမ်းပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

## ❖ ရန်ကုန်ဝါးတားဘတ်စ်မှ

ရန်ကုန်မြို့၏ ရေကြောင်းခရီးသည် သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု ဆောင်ရွက်နေသည့် ရန်ကုန်ဝါးတားဘတ်စ်(Yangon Water Bus) အနေဖြင့် ပုံမှန်ခရီးစဉ်ဖြစ်သော ဗိုလ်တထောင်-အင်းစိန် ခရီးစဉ်အပြင် ပိတ်ရက်များဖြစ်သော အပတ်စဉ် စနေနေ့နှင့် တနင်္ဂနွေနေ့တို့တွင် ကျောက်တန်း ရေလယ်ဘုရားဖူး အထူးခရီးစဉ်ကို ပြေးဆွဲနေပြီး မတ် ၁၇ ရက်မှ စတင်ပြေးဆွဲပေးလျက်ရှိရာ ယခု မတ် ၂၇ ရက်တွင် အထူးခရီးစဉ်အဖြစ် တွံတေးမြို့ ရွှေဆံတော်ဘုရားဖူးနှင့် တွံတေး အိုးလုပ်ငန်းလေ့လာရေးခရီးစဉ်ကို စတင်တိုးချဲ့ ပြေးဆွဲမည်ဖြစ်သည်။

"ရေလယ်ကျောက်တန်းကို အရင်က ကားနဲ့သွားဖူးတယ်၊ အခုက ဝါးတားဘတ်စ်နဲ့ဆိုတော့ အသစ်အဆန်းလည်းဖြစ်တယ်၊ သဘော်စီးပြီး သွားဖူးချင်တာနဲ့ လိုက်စီးဖြစ်တာ၊ အခုထပ်ပြီး တွံတေးခရီးစဉ်ဆိုတော့ စိတ်ဝင်စားပါတယ်၊ ပြည်တွင်းခရီးသွားတွေအပြင် ပြည်ပခရီးသွားတွေကိုလည်း ဆွဲဆောင်နိုင်မယ်ထင်တယ်၊ အဲဒီလို ခရီးတိုလေးတွေ များများဆက်ပြီး ပြေးဆွဲပေးရင် ကောင်းပါတယ်"ဟု ရန်ကုန်ဝါးတားဘတ်စ် (Yangon Water Bus)၏ ဘုရားဖူးခရီးစဉ်အား လိုက်ပါစီးနင်းခဲ့သူ ခရီးသည်တစ်ဦးက ပြောသည်။

အဆိုပါ တွံတေး အထူးခရီးစဉ်ကို မတ် ၂၇ ရက်(တပ်မတော်နေ့) တွင် ပြေးဆွဲပေးသွားမည်ဖြစ်ပြီး ခရီးသည်တစ်ဦးလျှင် ၇၀၀၀ ကျပ် သတ်မှတ်ထားကာ ထမင်းဘူး၊ ကော်ဖီ၊ ရေသန့် ဝန်ဆောင်မှုများ ပါဝင်မည်ဖြစ်သည်။ ယင်းအပြင် တွံတေးမြို့သို့ ဝါးတားဘတ်စ်နှင့် သွားရောက်ကာ မြို့ပေါ်ကို ကားဖြင့် လည်ပတ်သွားမည်ဖြစ်သည်။ ခရီးစဉ်တွင် ရွှေဆံတော်ဘုရားဖူး၊ တွံတေး အိုးလုပ်ငန်း၊ ဆိပ်ကမ်းအနီးရှိ ဈေးတို့အား လည်ပတ်မည်ဖြစ်ကာ နံနက် ၉ နာရီတွင် ဗိုလ်တထောင်ဆိပ်ကမ်းမှ စတင်ထွက်ခွာမည် ဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြစ်ကြောင်းသွား သယ်ယူပို့ဆောင်ရေး Yangon Water Bus ကို ၂၀၁၇ ခုနှစ် အောက်တိုဘာ ၆ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး အောက်တိုဘာ ၇ ရက်မှ စတင်ကာ ရန်ကုန်မြို့တွင်း ဗိုလ်တထောင်ဆိပ်ကမ်းမှ အင်းစိန်(အောင်ဇေယျတံတားအောက်)ခရီးစဉ်ကို စတင်ပြေးဆွဲပေးနေခြင်းဖြစ်ပြီး ဗိုလ်တထောင် ဆိပ်ကမ်းမှ နန်းသီတာ ဆိပ်ကမ်း၊ လမ်းသစ်(လမ်းမတော်)ဆိပ်ကမ်း၊ ကြည့်မြင်တိုင် ဆိပ်ကမ်း၊ လှိုင်ဆိပ်ကမ်း၊ အင်းစိန် ဆိပ်ကမ်းတို့ကို ဆိုက်ကပ်ပေးလျက်ရှိသည်။ ယခု ကျောက်တန်း ရေလယ် ဘုရားဖူး အထူးခရီးစဉ်ကို ပြေးဆွဲပေးလာခြင်းဖြစ်ပြီး မကြာမီ ဒဂုံမြို့သစ် မြောက်ပိုင်းဘက်နှင့် သန်လျင် စတားစီးတီးအိမ်ရာဘက်သို့ ခရီးစဉ်များကို ပြေးဆွဲနိုင်ရန် အကြိုလေ့လာဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**ဝဝ၁**

## ❍ မောင်တောမှ

ကိုင်းကြီးကျေးရွာနှင့် အခြားကျေးရွာများ နွေရာသီသောက်သုံးရေရရှိရေးနှင့် နွေစပါးစိုက်ပျိုးရေးတို့အတွက် အဓိကထားတည်ဆောက်လျက်ရှိကြောင်း မြို့နယ်ဆည်မြောင်းဦးစီးဌာနမှ သိရသည်။

ကိုင်းကြီးကျေးရွာဒေသခံ ဦးသက်နိုင်ဝင်းက "ကျွန်တော့်မှာ လယ်နှစ်ဧကရှိပါတယ်၊ မိုးရာသီမှာပဲ စပါးစိုက်ပျိုးလုပ်ကိုင်လို့ရပါတယ်၊ နွေရာသီကျရင် ရေမရှိတဲ့အတွက် စိုက်ပျိုးရေးအတွက် သိပ်အဆင်မပြေဘူး၊ အခုလို ဆည်တမံကြီးတွေ တည်ဆောက်နေတဲ့အတွက် ကျွန်တော်တို့လိုတောင်သူတွေအတွက် အများကြီး အကျိုးရှိပါတယ်၊ နွေရာသီ သီးနှံတွေပါ စိုက်ပျိုးလို့ရမှာ ဖြစ်တဲ့အတွက် အဆင်ပြေပါတယ်၊ ဒေသခံတွေအတွက် သောက်သုံးရေနဲ့ ကျွဲ၊ နွားတိရစ္ဆာန်တွေအတွက်လည်း နွေရာသီမှာ ရေအခက်အခဲတွေရှိပါတယ်၊ ဒီဆည်တမံကြီးတည်ဆောက်ပြီးရင် သုံးရေသောက်ရေအတွက် ကျွန်တော်တို့ရွာတင်မကဘဲ အနီးအနားကရွာတွေအတွက်ပါ ပိုအဆင်ပြေလာမှာ ဖြစ်ပါတယ်"ဟု ပြောသည်။

ကိုင်းကြီးတစ်ဖက်ပိတ်ဆည်ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ပြည်နယ်အစိုးရ ရန်ပုံငွေကျပ် သန်း ၃၀၀ ဖြင့် တည်ဆောက်လျက်ရှိရာ ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး ယခုနှစ် ဧပြီလမတိုင်မီပြီးစီးရန် လျာထားကြောင်းနှင့် ပြီးစီးမှုရာခိုင်နှုန်းအနေဖြင့် ၈၅ ရာခိုင်နှုန်းပြီးစီးနေပြီ ဖြစ်ကြောင်း သိရသည်။ **သတင်းနှင့် ဓာတ်ပုံ- ကျော်သူဝင်း၊ အေးမင်းသူ**


## ✻ ဦးပိန်တံတားမှ


ဦးပိန်တံတားပေါ်တွင်စည်းကမ်းမဲ့ဖွင့်လှစ်ထားသည့်ဈေးဆိုင်များအား ဖယ်ရှားရှင်းလင်းရခြင်းမှာ ရှေးဟောင်းအမွေအနှစ်ကို ကာကွယ်ခြင်းနှင့် တံတားပေါ်သို့ လာရောက်လေ့လာအပန်းဖြေကြသည့် ပြည်တွင်း၊ ပြည်ပ ခရီးသွားများအဆင်ပြေစွာ သွားလာနိုင်စေရန်ရည်ရွယ်၍ ရှင်းလင်းခြင်း ဖြစ်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(မန္တလေးဌာနခွဲ)မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ဦးပိန်တံတားက ရှေးဟောင်းအမွေအနှစ်ဖြစ်တာကြောင့် ကျွန်တော်တို့ ဌာနက ထိန်းသိမ်းစောင့်ရှောက်တယ်၊ ဥပဒေအရ ဒီတံတားပေါ်မှာ ဆိုင်တွေ မရှိသင့်ဘူး၊ ရှိရင် ဥပဒေအရအရေးယူမယ်ဆိုတဲ့ အကြောင်းကြားစာဝေပြီးမှ ရှင်းလင်းတာဖြစ်ပါတယ်၊ ဒါကြောင့်မို့ ဒီတံတားကိုလာရောက်လေ့လာကြတဲ့ ပြည်သူတွေ အနေနဲ့လည်း သတ်မှတ်ထားတဲ့စည်းကမ်းတွေအတိုင်း လိုက်နာစေချင်ပါတယ်"ဟု ၎င်းက ပြောသည်။

လက်ရှိတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ထံ တင်ပြထားသည့် စာရင်းများအရ တောင်သမန်အင်းပတ်ဝန်းကျင်နှင့် ဦးပိန်တံတားပေါ်တွင် ဖွင့်လှစ်ထားသည့် ဆိုင်ခန်းများကို စိစစ်ကောက်ယူမှုအရ တံတားပေါ်၌ ၆၁ ဆိုင်၊ တောင်မင်းကြီးဘုရားဝန်းကျင်၌ ဆိုင်ခန်း ၈၀၊ တောင်သမန်အင်းဝန်းကျင်တွင် ၁၃ ဆိုင်နှင့် မည်စည်တန်းတွင် သုံးဆိုင်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**




# ကျောက်တော်မြို့ပေါ်နှင့် ကျေးရွာ သုံးရွာ၌ ဓာတ်အားပြည့်ဝစွာသုံးစွဲနိုင်ရန် ထရန်စဖော်မာများ တည်ဆောက်

**ကျောက်တော် မတ် ၂၆**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ရခိုင်ပြည်နယ်မြောက်ဦးခရိုင် ကျောက်တော်မြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ကျောက်တော်မြို့နယ်အတွင်း ၂၀၁၇-၂၀၁၈ ခု ပြည်နယ်အစိုးရဖြည့်စွက် ရန်ပုံငွေဖြင့် တည်ဆောက်ရေးလုပ်ငန်းများကို သတ်မှတ်ချိန်အတွင်း ပြီးစီးနိုင်ရန် အင်တိုက်အားတိုက် လုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း မတ် ၂၅ ရက်က မြို့နယ်လျှပ်စစ်မှူး ဦးလှထွန်းထံမှ သိရသည်။

ဆောင်ရွက်လျက်ရှိရာတွင် ကျောက်တော်မြို့ပေါ်ရှိ ဓညဝတီလမ်းတွင် ၂၀၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံးနှင့် ပြည်တော်သာရှမ်းရွာ မြို့သစ်ရပ်ကွက်များတွင် ၄၀၀ ဗို့လိုင်း ၂ ဒသမ ၅ မိုင်အပါအဝင် ကျောက်တော်မြို့နယ်ရှိ မုန်းချောင်းရွာကျေးရွာတွင်(၂၀၀ ကေဗွီအေ)ထရန်စဖော်မာတစ်လုံး ၄၀၀ ဗို့လိုင်း ၁ ဒသမ ၅ မိုင်၊ ကျောက်တစ်လုံးကျေးရွာတွင်(၂၀၀ ကေဗွီအေ) ထရန်စဖော်မာတစ်လုံး ၄၀၀ ဗို့လိုင်း တစ်မိုင် တည်ဆောက်ခြင်း၊ သရက်တစ်ပင်ကျေးရွာ၌(၂၀၀ ကေဗွီအေ)ထရန်စဖော်မာတစ်လုံးနှင့် ၄၀၀ဗို့လိုင်း နှစ်မိုင်တို့ကို ဝတီအောင်နိုင်ကုမ္ပဏီက ယခုမတ်လအတွင်း အပြီးတည်ဆောက်လျက်ရှိသည်။ ၂၀၁၈ မီနီဘတ်ဂျက်ဖြင့် ကျောက်တော်မြို့သစ်ရပ်ကွက်တွင်(၂၀၀ ကေဗွီအေ) ထရန်စဖော်မာတစ်လုံးနှင့် ၄၀၀ ဗို့ဓာတ်အားလိုင်းနှစ်မိုင်၊ ရွာမရပ်ကွက်တွင် (၂၀၀ကေဗွီအေ)ထရန်စဖော်မာတစ်လုံး တည်ဆောက်ရန် ခွင့်ပြုထားပြီး ဖြစ်သည်။

မြောက်ဦးခရိုင် လျှပ်စစ်အင်ဂျင်နီယာ ဦးမြင့်ဆွေ၊ မြို့နယ်လျှပ်စစ်မှူး ဦးလှထွန်းနှင့် လျှပ်စစ်ဝန်ထမ်းများက ရပ်ကွက်၊ ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်လျက်ရှိနေပြီး ပြည်သူလူထုထံသို့ လျှပ်စစ်နှင့်သက်ဆိုင်သော လုပ်ငန်းများနှင့် ဆက်စပ်ကာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်လှဖြူ**



# တိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်မှု ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၂၆**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ကျေးရွာများတွင် ယနေ့အထိ နွား ၆၃၁ ကောင်နှင့် ဆိတ် ၉၃၆ ကောင်အား ဆေးကုသပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

မောင်တောမြို့နယ်ရှိ မြို့နယ်တိရစ္ဆာန် ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့သည် ပန်းတောပြင်စခန်းပတ်ဝန်းကျင်ရှိ ကံပြင်သာစည်(တိုင်းရင်းသား) ကျေးရွာ၊ နွား ၂၇ ကောင်အား လည်ချောင်းကွဲရောဂါကာကွယ်ဆေး ထိုးနှံခြင်း၊ ဆိတ် ၁၈ ကောင်အား ပေါင်ပုပ်လက်ပုပ် ရောဂါကာကွယ်ဆေး ထိုးနှံခြင်း၊ ပန်းတောပြင်၊ ခုံတိုင်နှင့် ငါးခူရ စခန်းသုံးခုပတ်ဝန်းကျင်ရှိ ကျေးရွာများတွင် စုစုပေါင်း နွား ၆၃၁ ကောင်နှင့် ဆိတ် ၉၃၆ ကောင်တို့အား ဆေးကုသပေးခဲ့ပြီး ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဟောင်ကောင်ဖိတ်ခေါ်ဖလားပြိုင်ပွဲတွင် မြန်မာ ယူ-၁၅ အသင်း တတိယဆုနှင့် အသန့်ရှင်းဆုံးဆု ရရှိ

**ရန်ကုန် မတ် ၂၆**

ဟောင်ကောင်ဖိတ်ခေါ်ဖလား Jockey Club International Youth(U15) ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်နေသည့် မြန်မာ့လက်ရွေးစင် ယူ-၁၅ အသင်းသည် တတိယဆုနှင့် အသန့်ရှင်းဆုံးအသင်းဆု ဆွတ်ခူးရရှိခဲ့သည်။

မြန်မာ ယူ-၁၅ အသင်းသည် အိမ်ရှင် ဟောင်ကောင်၊ မလေးရှား၊ စင်ကာပူအသင်းတို့နှင့် အုပ်စုပတ်လည် ယှဉ်ပြိုင်ကစားခဲ့ကြပြီး ဟောင်ကောင် ယူ-၁၅ အသင်းနှင့် ဂိုးမရှိသရေ၊ မလေးရှား ယူ-၁၅ အသင်းကို ခုနစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီး စင်ကာပူ ယူ-၁၅ အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ မြန်မာအသင်းသည် အုပ်စုပတ်လည်ယှဉ်ပြိုင်ကစားအပြီး ရပ်တည်မှုတွင် တတိယနေရာရခဲ့ပြီး အဝါ၊ အနီ ပြစ်ဒဏ်နည်းခဲ့သောကြောင့် အသန့်ရှင်းဆုံးအသင်းဆုကိုပါ ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ယင်းအသင်းကို ဂျပန်နိုင်ငံသား နည်းပြ တာကူမူက ကိုင်တွယ်ခဲ့ပြီး အကယ်ဒမီများမှ ကစားသမားများဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။

**ဖိုးသော်ဇင်**

# ငွေကျပ်သိန်းပေါင်း ၁၉၄၈၈ သိန်း တန်ဖိုးရှိ WY/R စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၆၄၉၆၀၀ သိမ်းဆည်းရမိ



**နေပြည်တော် မတ် ၂၆**
ရခိုင်ပြည်နယ် စစ်တွေမြို့နယ် ရေချမ်းပြင်ဆိပ်ကမ်း၌ ရသေ့တောင်မြို့နယ် အငူမော်ဆိပ်ကမ်းသို့သွားမည့် မေယုဘုရင် ဇက်ရေယာဉ်ပေါ်ရှိ မော်တော်ယာဉ် တစ်စီးပေါ်၌ SCG ဆင်တံဆိပ် ဘိလပ်မြေအိတ်များ အတွင်းမှ ငွေကျပ်သိန်းပေါင်း ၁၉၄၈၈ သိန်း တန်ဖိုးရှိ WY/R စိတ်ကြွရူးသွပ်ဆေးပြား ၆၄၉၆၀၀ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အဆိုပါ မေယုဘုရင် ဇက်ရေယာဉ်ပေါ်ရှိ မော်တော်ယာဉ်များအား မတ် ၂၄ ရက် ညနေ ၄ နာရီ ၅၅ မိနစ်တွင် ရေချမ်းပြင် ရဲကင်းစခန်းမှူးနှင့်အဖွဲ့၊ ခုတင်ပိုက် ကျေးရွာအုပ်ချုပ်ရေးမှူးတို့ ပါဝင်သည့် ပူးပေါင်းအဖွဲ့က ရှာဖွေစစ်ဆေးခဲ့ရာ Skat အမျိုးအစား မော်တော်ယာဉ်ပေါ်၌ တင်ထားသည့် ဘိလပ်မြေအိတ်များအနက် SCG ဆင်တံဆိပ်ဘိလပ်မြေအိတ် တစ်အိတ်အတွင်းမှ ပလတ်စတစ်အကြည်ဖြင့် ထုပ်ထားသည့် မူးယစ်ဆေးဝါးဟု ယူဆရသည့် ဆေးပြားများတွေ့ရှိခဲ့သည်။

မော်တော်ယာဉ်အား အသေးစိတ်ရှာဖွေရန် ဆောင်ရွက်စဉ် မောင်တောခရိုင်ပညာရေးမှူးရုံးမှ စာရေးအဆင့်(၂)ရှိ ဦးထွန်းလှ၏ သား ယာဉ်ပိုင်ရှင် ကျော်ကျော်လင်းနှင့် မောင်တောမြို့ အမှတ် (၁) ရပ်ကွက်နေ ယာဉ်မောင်း ထွန်းအောင်သိန်း(ခ) မောင်ချေတို့ နှစ်ဦးသည် ထွက်ပြေးသွားသဖြင့် ဆက်စပ်နယ်မြေများသို့ ပိတ်ဆို့ရှာဖွေဖမ်းဆီးရန် အကြောင်းကြားခဲ့ရာ ရသေ့တောင်မြို့နယ် နယ်မြေ(၉) အငူမော်-မောင်တော ကားလမ်းပေါ်၌ ပူးပေါင်းအဖွဲ့သည် ဖြတ်သန်းလာသည့် မော်တော်ယာဉ်များကို ရပ်တန့်စစ်ဆေးခဲ့ရာ ထွက်ပြေးသွားသည့် ကျော်ကျော်လင်းနှင့်အတူ စစ်တွေမြို့ ပြည်တော်သာရပ်ကွက်နေ ဦးလှမောင်၏သား နေဇော်မင်းနှင့် ၎င်း၏ဇနီး မောင်တောမြို့နယ် ခမောင်းဆိပ် အခြေခံပညာ အထက်တန်းကျောင်းမှ အလယ်တန်းပြဆရာမ မမြသန္တာတို့ လိုက်ပါလာသည့် 4L/5194 Wish အမျိုးအစား ယာဉ်အား ဖမ်းဆီးရမိခဲ့ပြီး ကျော်ကျော်လင်းထံမှ ငွေကျပ် ၄၂၉၀၀၀ သိမ်းဆည်းရမိခဲ့သည်။

ထို့ပြင် Skat အမျိုးအစား မော်တော်ယာဉ်ပေါ်ရှိ SCG ဆင်တံဆိပ်ဘိလပ်မြေအိတ် ၁၇ အိတ်အတွင်းမှ ငွေကျပ်သိန်းပေါင်း ၁၉၄၈၈ သိန်းတန်ဖိုးရှိ ပလတ်စတစ်အိတ်အကြည်ဖြင့် ထုပ်ထားသည့် WY/R စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၆၄၉၆၀၀ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖမ်းဆီးရမိသူ ကျော်ကျော်လင်း၊ နေဇော်မင်းနှင့် မမြသန္တာတို့ သုံးဦးနှင့် ထွက်ပြေး လွတ်မြောက်နေသည့် ထွန်းအောင်သိန်း (ခ) မောင်ချေ တို့အား စစ်တွေမြို့မရဲစခန်း၌ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားပြီး ကွင်းဆက်တရားခံ ဖမ်းဆီးရမိရေး စုံစမ်းလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# တရားမဝင် သယ်ဆောင်လာသော သစ်များ သိမ်းဆည်းရမိ



**နေပြည်တော် မတ် ၂၆**
တရားမဝင် ကုန်စည်များ တားဆီးထိန်းချုပ်ဆောင်ရွက်မှုများကို ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းနှင့် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းတို့တွင် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက ဆောင်ရွက်လျက်ရှိရာ မတ် ၂၅ ရက်က တရားမဝင် သယ်ဆောင်လာသည့်သစ်များအား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက ဖမ်းဆီးရမိခဲ့ကြောင်း အကောက်ခွန် ဦးစီးဌာနမှ သိရသည်။

ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက မန္တလေးနှင့် မူဆယ်မြို့သို့ သွားရောက်မည့် ယာဉ်များအား စစ်ဆေးမှုများ ဆောင်ရွက်စဉ် မိုင်တိုင် (၂၀၃ /၃)တွင် မသင်္ကာဖွယ်ရပ်တန့်ထားသော Nissan ၂၂ ဘီးယာဉ်တစ်စီးကို တွေ့ရှိ၍ စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားမဝင် သယ်ဆောင်လာသော ပိတောက်ခေါင်းချော ၁၁၄ တုံး(၁၃ ဒသမ ၁၃၇၆ တန်)နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၉ ဒသမ ၄၁၂ သန်းခန့်အား တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ မတ် ၂၅ ရက်က ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှုနှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၉ ဒသမ ၄၁၂ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေး စခန်းက တားဆီးမှုငါးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၉၇၄ သန်းခန့်) စုစုပေါင်း တားဆီးမှုခုနစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၁ ဒသမ ၃၈၆ သန်းခန့်)ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

မတ် ၂၅ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၁၂၇ စီး၊ သွင်းကုန် ၉၆၂ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၄ စီး၊ သွင်းကုန် ၁၉၃ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

**၀၀၁**

# ဆွာမြို့နယ်ရှိ ထာဝရဘိုးဘွားရိပ်သာ တောမီးကူးစက်လောင်ကျွမ်း၊ အဘိုး သုံးဦး မီးလောင်သေဆုံး တစ်ဦး ဒဏ်ရာရ

**ရေတာရှည် မတ် ၂၆**
ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာမြို့ အနောက်မြောက်ဘက် တစ်မိုင်ခန့်အကွာ အုန်းခြံကျေးရွာရှိ ထာဝရဘိုးဘွားရိပ်သာကို မတ် ၂၆ ရက် မွန်းလွဲ ၁ နာရီခန့်က တောမီးလောင်ကျွမ်းရာမှတစ်ဆင့် အလျားပေ ၃၀၊ အနံ ပေ ၂၀ ရှိ အဆောက်အအုံနှစ်လုံး မီးလောင်ကျွမ်းခဲ့ခြင်းကြောင့် အဘိုးသုံးဦး မီးလောင်သေဆုံးပြီး တစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

မီးလောင်ကျွမ်းမှုဖြစ်ပွားကြောင်း သတင်းအရ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမင်းနိုင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဆွာမြို့မ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မောင်မောင်ဦး၊ ဆွာနယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်နေလင်းအောင်နှင့် ရဲတပ်ဖွဲ့ဝင်များက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ မီးငြိမ်းသတ်ခဲ့သည်။ မီးလောင်ဆုံးရှုံးခဲ့သော အဆောက်အအုံတွင်းမှ ဦးအောင်မြင့် (၅၇)နှစ် ကန်းမြောင်ကျေးရွာ ဥက္ကံမြို့၊ တိုက်ကြီးမြို့နယ်၊ ဦးမောင်ဝင်း(၇၃)နှစ် (လေဖြတ်ထားသူ) ကုက္ကိုလ်ကျေးရွာ ညောင်တုန်းမြို့နယ်၊ ဦးပန်းမောင်(၉၀)နှစ် သက်ကယ်ကုန်းရပ် တောင်ဒဂုံမြို့နယ် ရန်ကုန်မြို့နေသူသုံးဦးမှာ မီးလောင်ဒဏ်ရာများဖြင့် သေဆုံးသွားခဲ့ပြီး ဦးခင်မောင်ဝင်း(၆၇)နှစ် မြင်သင်ကျေးရွာ မန္တလေးတိုင်းဒေသကြီးနေသူမှာ ခြေထောက် မီးလောင်ဒဏ်ရာ(မစိုးရိမ်ရ) ရရှိခဲ့သည်။ အဆိုပါ ဘိုးဘွားရိပ်သာတွင် အဘိုး ၁၃ ဦး၊ အဘွား ၁၈ ဦး၊ သံဃာ ငါးပါးတို့ကို စောင့်ရှောက်ထားခြင်းဖြစ်ပြီး ဖြစ်စဉ်နှင့်ပတ်သက်၍ ဆွာနယ်မြေရဲစခန်းက သေမှုသေခင်း အမှတ်စဉ် ၃/၂၀၁၈ ဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# လှိုင်သာယာမြို့နယ်ရှိကျူးကျော်အိမ်များ မီးလောင်မှုဖြစ်ပွား လူနှစ်ဦး ဒဏ်ရာရ

**ရန်ကုန် မတ် ၂၆**
ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ဧရာဝတီလမ်းဘေးရှိ ကျူးကျော် လူနေအိမ်များ ယနေ့နံနက် ၂ နာရီခန့်က မီးလောင်မှုဖြစ်ပွားရာ ခနိမိုး၊ ထရံကာ ဝါးများဖြင့် တည်ဆောက်ထားသည့် နေအိမ် ၃၃ လုံး မီးလောင်ကျွမ်း၍ ဝိုင်းဝန်းငြိမ်းသတ်ပေးသည့် အသက်(၄၉)နှစ်အရွယ် ဦးချစ်ဝင်းတွင် ခန္ဓာကိုယ်ညာဘက်အခြမ်း အရေပြား မီးလောင်ခံရပြီး အသက်(၁၆)နှစ်အရွယ် မောင်ရဲနိုင်စိုး၏ လက်နှစ်ဖက်နှင့် ညာဘက်ခြေထောက်တွင် မီးလောင်ဒဏ်ရာရရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ သိရသည်။

ဖြစ်စဉ်မှာ ဦးကြည်စိုး (ကျူးကျော်အိမ်ပိုင်ရှင်)က ဖယောင်းတိုင်မီးထွန်း၍ မေ့လျော့အိပ်ပျော်သွားရာမှ ၎င်း၏ ခနိမိုး၊ ထရံကာ နေအိမ်မှ စတင်မီးလောင်ကျွမ်းခြင်းဖြစ်ပြီး မီးလောင်မှုကြောင့် ဆုံးရှုံးမှုတန်ဖိုးငွေကျပ် ၁၃၉၀၀၀၀ ခန့်ရှိကြောင်း သိရသည်။

မီးလောင်ရာသို့ သန္ဓေတပ်ဖွဲ့ဝင် ၉၅ ဦး၊ အရန်တပ်ဖွဲ့ဝင် ၅၀၊ မီးငြိမ်းသတ်ယာဉ် ၁၃ စီး၊ ကွပ်ကဲမှုယာဉ် သုံးစီးဖြင့် ငြိမ်းသတ်ခဲ့ရာ နံနက် ၂ နာရီ ၃၂ မိနစ်တွင် မီးငြိမ်းသွားကြောင်း သိရသည်။

မီးလောင်မှုနှင့် ပတ်သက်၍ ဦးကြည်စိုးအား လှိုင်သာယာ မြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။ **ဇာနည်မောင်**



# မြေထိုးယန္တရားယာဉ် ကြိတ်မိ၍ ရေမဆေးကျောက်ရှာဖွေသူ အမျိုးသားတစ်ဦး သေဆုံး

**ဖားကန့် မတ် ၂၆**
ကချင်ပြည်နယ် ဖားကန့်မြို့နယ် လုံးခင်းကျေးရွာရှိ ဝင်းဂိတ်ကျောက်မျက်တူးဖော်ရေးကုမ္ပဏီ၏ စွန့်ပစ်မြေစာပုံတွင် မတ်၂၅ ရက် ညနေ ၃ နာရီခန့်က မြေထိုးယန္တရားယာဉ်ကြိတ်မိ၍ ရေမဆေးကျောက်ရှာဖွေသူ အမျိုးသားတစ်ဦး သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖားကန့်မြို့နယ် လုံးခင်းကျေးရွာရှိ ဝင်းဂိတ်ကျောက်မျက်တူးဖော်ရေးကုမ္ပဏီ၏ စွန့်ပစ်မြေစာပုံတွင် ထွန်းဇော်ဟိန်း(၄၅)နှစ် မောင်းနှင်သည့် CAT-NO.1 အမျိုးအစား မြေထိုးယန္တရားယာဉ်သည် မြေစာများစွန့်ပစ်ပြီး နောက်သို့ပြန်ဆုတ်စဉ် ရေမဆေးကျောက်ရှာဖွေနေသူ ဆွေဦး(၄၅)နှစ်အားကြိတ်မိပြီး ဘယ်ဘက်လက်ဖျံရိုးကျိုး၊ ဘယ်ပေါင်ရိုးကျိုး ဒဏ်ရာများရရှိကာ နေရာတွင် သေဆုံးသွားခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မဆင်မခြင်မောင်းနှင်သူ ထွန်းဇော်ဟိန်းအား လုံးခင်းနယ်မြေရဲတပ်ဖွဲ့စခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

## မြန်မာ့ရုပ်မြင်သံကြား

**Entertainment Channel**

**၂၇-၃-၂၀၁၈ (အင်္ဂါနေ့)**

နံနက်ပိုင်း
၀၅း၀၀ အဖွင့် သာယာငြိမ့်အေးမင်္ဂလာတေး
၀၅း၁၅ ပြည်သူ့နီတိ "စံပေတံဖြင့်တိုင်းတာခြင်း"
၀၅း၃၅ ဆန်းသစ်လှပ မြန်မာ့အက
၀၅း၅၀ Myanmar's Traditions and Culture Novicehood in Myanmar
၀၆း၁၅ Popa Trip
၀၆း၃၀ Clay Toy Pots Festival
၀၆း၄၅ Myanmar Weaving
၀၇း၀၀ Surprise Meals
၀၇း၂၀ ပြည်သူ့နီတိ "စံပေတံဖြင့်တိုင်းတာခြင်း"
၀၇း၄၀ ရင်ထဲစွဲထင် တေးဂန္ထဝင်
၀၈း၀၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "ဆုံစည်းခဲ့လေသူ" (အပိုင်း-၁၀၂)
၀၈း၃၅ နိုင်ငံတကာရုပ်ရှင်ဇာတ်ဝင်တေးများ
၀၈း၄၅ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "တန်ခိုးထွန်းလင်း စနေဂြိုဟ်မင်း"(အပိုင်း-၁၈၅)
၀၉း၂၀ ကာတွန်းအစီအစဉ် "Stuart Little 2"
၁၀း၃၀ မြန်မာဗီဒီယိုဇာတ်လမ်း "သားစဉ်မြေးမြစ်"
၁၃း၃၅ Law of Jungle (Ep-253)
၁၄း၁၅ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "ဆုံစည်းခဲ့လေသူ" (အပိုင်း-၁၀၂)
၁၄း၅၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "တန်ခိုးထွန်းလင်း စနေဂြိုဟ်မင်း"(အပိုင်း-၁၈၅)
၁၅း၂၀ မြန်မာရုပ်ရှင် "နှောင်းတမြေ့မြေ့"
၁၇း၄၀ ကာတွန်းအစီအစဉ် "Chhota Bheem (Episode-24)"
၁၈း၀၀ Law of Jungle (Ep-254)
၁၈း၄၅ MRTV Entertainment Music
၁၉း၀၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "ဆုံစည်းခဲ့လေသူ" (အပိုင်း-၁၀၃)
၁၉း၃၀ ကြယ်စင်တို့ရဲ့ အိပ်မက် (အပိုင်း-၄)
၂၀း၀၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "တန်ခိုးထွန်းလင်း စနေဂြိုဟ်မင်း"(အပိုင်း-၁၈၆)
၂၀း၃၅ Game Show "10 to Million Myanmar" (Epi-105)
၂၁း၃၀ မြန်မာဗီဒီယိုဇာတ်လမ်း "သူရဲကောင်းတို့ပျော်ရာမြေ"
၂၃း၂၅ Myanmar's Traditions and Culture Novicehood in Myanmar
၂၃း၅၀ Popa Trip

**၂၈-၃-၂၀၁၈ (ဗုဒ္ဓဟူးနေ့)**
၀၀း၀၀ Clay Toy Pots Festival
၀၀း၂၀ Myanmar Weaving
၀၀း၃၀ Cartoon Movie "Stuart Little 2"
၀၁း၄၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "ဆုံစည်းခဲ့လေသူ" (အပိုင်း-၁၀၃)
၀၂း၁၀ သာယာငြိမ့်အေးမင်္ဂလာတေး
၀၂း၃၀ ဆန်းသစ်လှပ မြန်မာ့အက
၀၂း၅၀ ပြည်သူ့နီတိ "စံပေတံဖြင့်တိုင်းတာခြင်း"
၀၃း၀၅ မြန်မာဗီဒီယိုဇာတ်လမ်း "သင်၏ချစ်ခြင်းရင်ဘတ်တွင် တပ်ဆင်ခြင်းမရှိသေးပါ"
၀၅း၀၀ အစီအစဉ်ပြီး၏။

# ပေါ့ဘာကို မန်ယူ ဈေးပေါပေါဖြင့် ခေါ်ယူနိုင်ခဲ့ကြောင်း ရိုင်းလိုလာ ဆို

အေးဂျင့် ရိုင်းလိုလာက မန်ယူအသင်းအနေဖြင့် သူ့ကစားသမား ပေါ့ဘာကို မူလတန်ဖိုးထက် ပေါင်သန်း ၁၀၀လောက်သက်သာပြီး ဈေးပေါပေါဖြင့် ခေါ်ယူနိုင်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

လတ်တလောတွင် ရိုင်းလိုလာမှာ ပေါ့ဘာကို အခြားအသင်းတစ်ခုထံသို့ ရောင်းချရန် ချိတ်ဆက်နေပြီဟု သတင်းထွက်နေပြီး ယခုလိုပြောကြားခြင်းက အသင်းသစ်ကို ကြေးခေါ်ခြင်းဖြစ်နိုင်ကြောင်း ဝေဖန်မှုများလည်း ရှိနေသည်။

ရိုင်းလိုလာက ယနေ့လို ရုပ်သံထုတ်လွှင့်ကြေးများ အဆမတန် ရနေသည့် ကာလတွင် အဓိကဇာတ်ဆောင် ကစားသမားများအနေဖြင့် တန်ဖိုးတိုးမြင့်ရရှိသင့်ကြောင်း ဆိုခဲ့ခြင်းဖြစ်သည်။ ရိုင်းလိုလာက "ခင်ဗျားတို့ ပေါ့ဘာအပြောင်းအရွှေ့ကို ကြည့်ပါ၊ သူ့အတွက် မန်ယူက ပေါင်သန်း ၁၀၀ သာ ပေးခဲ့ရတယ်၊ တကယ်ဆို သူတို့ ပေါင်သန်း၂၀၀လောက် ပေးခဲ့သင့်တယ်၊ ပေါ့ဘာက ဈေးချိုတဲ့ ကစားသမားဖြစ်ပါတယ်၊ မန်ယူတစ်ဖက်တည်းတင်မဟုတ်ဘဲ သူ့ကို ရောင်းချဖို့ ဆုံးဖြတ်လိုက်တဲ့ ဂျူဗင်တပ်အသင်းနဲ့လည်း ဆိုင်ပါတယ်" ဟု ဆိုခဲ့ခြင်းဖြစ်သည်။

မေလှသင်း - ရေးသားသည်







# မက်ဆီကိုတားဆီးရန် ကလေးဘဝကပင် ခက်ခဲခဲ့ကြောင်း ဖာဘရီဂတ်စ် ဖွင့်ဟ

ချယ်လ်ဆီးအသင်းလေ့ကျင့်ကွင်းကို ပြန်လည်ရောက်ရှိလာတဲ့ ဖာဘရီဂတ်စ်က မက်ဆီဟာ ကလေးဘဝကတည်းက တားဆီးဖို့ခက်ခဲတဲ့ ကစားသမားဖြစ်တာကြောင့် သူ့အနေနဲ့ အခြားလေ့ကျင့်ဖက်တစ်ဦးကို ပြောင်းလဲခဲ့ရတယ်လို့ ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ မက်ဆီနဲ့ ဖာဘရီဂတ်စ်တို့နှစ်ဦးဟာ သက်တူရွယ်တူကြသလို ဘာစီလိုနာလူငယ်အကယ်ဒမီမှာ အတူတကွ ကစားခဲ့ကြသူများဖြစ်ပါတယ်။

ဖာဘရီဂတ်စ်ဟာ ၂၀၀၃ခုနှစ်မှာ ဘာစီလိုနာ လူငယ်အသင်းကနေ အာဆင်နယ်ကို ပြောင်းရွှေ့သွားခဲ့ပြီးနောက် ရှစ်နှစ်အကြာမှာ ဘာစီလိုနာအသင်းဆီ ပြန်လည်ပြောင်းရွှေ့ခဲ့ရာမှာ မက်ဆီနဲ့ သုံးရာသီကြာ တွဲဖက်ကစားခဲ့ပါတယ်။ ချန်ပီယံလိဂ်ပွဲစဉ်မှာ ချယ်လ်ဆီးနဲ့ ဘာစီလိုနာတို့တွေ့ဆုံခဲ့ကြရာမှာ ဖာဘရီဂတ်စ်က မက်ဆီဟာ သူ့ကို အလဲလဲအပြိုပြိုဖြစ်အောင် လုပ်နိုင်ခဲ့တာမဟုတ်ဘဲ ငယ်ဘဝကတည်းက စွမ်းဆောင်နိုင်ခဲ့တာလို့ အင်တာဗျူးတစ်ခုမှာ ထည့်သွင်းဖြေကြားသွားခဲ့ပါတယ်။

ဖာဘရီဂတ်စ်က "ဂိုးသမားနဲ့အတူ တစ်ယောက်က တိုက်စစ် တစ်ယောက်ကခံစစ်အဖြစ် ကစားကြရတဲ့လေ့ကျင့်ကြတော့ ကျွန်တော်က ဒီလူကောင်သေးသေးနဲ့ ကစားသမားက ဘာမှ လုပ်ပြနိုင်မှာမဟုတ်ဘူးလို့ ယုံကြည်မှု အပြည့်ရှိခဲ့တယ်။ သူက တအားရှက်တတ်ပြီး အရိုးပေါ်အရေတင်နေတဲ့ ကစားသမားဖြစ်ပေမယ့် သူက ကျွန်တော်တို့နဲ့အတူ အရာအားလုံးကို သက်သောင့်သက်သာ လိုက်လုပ်နိုင်ခဲ့တယ်။ အဲဒီနောက်ပိုင်းအတွေ့အကြုံအရ မက်ဆီနဲ့ ရင်ဆိုင်ရမယ်ဆို အခြားအဖော်တစ်ဦးကို ပြောင်းလဲခဲ့ပါတယ်၊ ဘာလို့လဲဆိုရင် အခြားသူတွေရှေ့ အရှုံးလုပ်ခံရတာမျိုး ထပ်မဖြစ်ချင်လို့ပါ" လို့ ဖွင့်ဟလိုက်ပါတယ်။

ဒါ့အပြင် ဖာဘရီဂတ်စ်က မက်ဆီသာ စပိန်ကစားသမားဖြစ်ပါက သူတို့လည်း ဆုဖလားတွေ ပိုမိုကိုင်မြှောက်နိုင်မှာဖြစ်ပြီး အာဂျင်တီးနားလူမျိုးတွေရဲ့ မက်ဆီအပေါ် ဝေဖန်မှုတွေက တရားမျှတမှု သိပ်မရှိဘူးလို့လည်း ဝေဖန်သွားခဲ့ပါတယ်။



# မန်ယူသို့ပြောင်းရွှေ့ရန် ဘာစီလိုနာမှ အမ်တီတီ ထွက်ခွာမည်

ဘာစီလိုနာနောက်တန်းကစားသမား အမ်တီတီသည် ယခုနှစ်နွေရာသီအပြောင်းအရွှေ့ဈေးကွက်အတွင်း မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားရန်အတွက် ဘာစီလိုနာအသင်းမှ ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

မန်ယူအသင်းသည် နောက်တန်းကစားသမား အမ်တီတီအား လပေါင်းများစွာကြာကတည်းက ခေါ်ယူရန် ချိတ်ဆက်မှုများပြုလုပ်ခဲ့ခြင်းခံထားရသူဖြစ်သည်။

လက်ရှိတွင် အမ်တီတီလိုချင်သော လုပ်ခလစာကို ဘာစီလိုနာအသင်းက ငြင်းဆိုခဲ့ပြီးနောက် မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားရန် အကြောင်းဖန်လာခဲ့ခြင်းဖြစ်သည်။ လိုင်ယွန်နောက်တန်းကစားသမားဟောင်း အမ်တီတီသည် အင်နီယေစတာ၊ လူးဝစ်ဆွာရတ်ဇ်တို့ကဲ့သို့ ဘာစီလိုနာအသင်းတွင် ဒုတိယလစာအဆင့်တွင် ရပ်တည်ခွင့်ရရန်မျှော်လင့်နေသူဖြစ်ကြောင်းလည်း စပိန်သတင်းများက ဖော်ပြထားသည်။

ထို့ကြောင့် မန်ယူအသင်းနည်းပြ မော်ရင်ဟိုက အမ်တီတီနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာဆွေးနွေးမှုများပြုလုပ်ထားပြီး အမ်တီတီလိုချင်သော လုပ်ခလစာနှင့် မကွာသော တစ်နှစ် ယူရိုကိုးသန်း(ပေါင် ၇ ဒသမ ၈ သန်း)ဝန်းကျင်ပေးမည်ဖြစ်ကြောင်းလည်း ပြောကြားထားသည်။



# အမ်မရီနေရာတွင် အစားထိုးရန် ပေါင် ၁၀ သန်းဖြင့် ကွန်တီအား ပီအက်စ်ဂျီအသင်း ကမ်းလှမ်းမည်

ပီအက်စ်ဂျီအသင်းသည် လက်ရှိနည်းပြ အမ်မရီနေရာတွင် အစားထိုးနည်းပြအဖြစ် ခေါ်ယူရန် ချယ်လ်ဆီးအသင်းနည်းပြ ကွန်တီအား စိတ်ဝင်စားလျက်ရှိပြီး ပြောင်းရွှေ့ကြေး ပေါင် ၁၀ သန်းပေး၍ ခေါ်ယူမည်ဖြစ်ကြောင်းလည်း သိရသည်။

အီတလီနိုင်ငံသား နည်းပြ ကွန်တီသည် ယခုနွေရာသီအပြောင်းအရွှေ့ကာလတွင် ချယ်လ်ဆီးအသင်းမှ ထွက်ခွာဖွယ်ရှိနေကြောင်းလည်း ပီအက်စ်ဂျီအသင်းက ဆိုသည်။ လက်ရှိနည်းပြအမ်မရီသည် ၂၀၁၆ ခုနှစ်တွင် ပီအက်စ်ဂျီအသင်းနည်းပြအဖြစ် ခန့်အပ်ခြင်းခံခဲ့ရသူဖြစ်ပြီး ယခုနှစ်ဘောလုံးရာသီကုန်တွင် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် ပီအက်စ်ဂျီအသင်းဥက္ကဋ္ဌ အယ်လ်ခီလေဖီက နည်းပြကွန်တီအား ပထမဦးစားပေးခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိပြီး စတမ်းဖို့ဘရစ်ချ်မှ ခေါ်ထုတ်ရန်အတွက် ကွန်တီအလိုရှိသည့် ဈေးနှုန်းကိုပေးရန်လည်း စီစဉ်လျက်ရှိကြောင်း သိရသည်။

ငွေကြယ် - ရေးသားသည်

# နွေရာသီနှင့် ရေရှားပါးမှုပြဿနာ

မောင်သောင်းဝင်း(တမန်ဟောင်း)

"ရေအသက်တစ်မနက် ထမင်းအသက်ခုနစ်ရက်၊ ရေငတ်တုန်း ရေတွင်းထဲကျ၊ ရေစီးတစ်ခါ ရေသာ တစ်လှည့်၊ ရေများရာ မိုးရွာ၊ ရေများရေနိုင် မီးများမီးနိုင်၊ ရေမြင့် ကြာမြင့်၊ ရေနစ်သူ ဝါးကူလို့ထိုး၊ ရေစုန်ရွက်တိုက်၊ ရေနိမ့်ရာစီး မီးမြင့်ရာလောင်၊ ရေမနောက် ကြာမရှောက်" စသည့် ရေနှင့်စကားပုံများကို မြန်မာမှုနယ်ပယ်၌ တွင်ကျယ်စွာသုံးစွဲလျက်ရှိသည်။ ရေမရှိလျှင် သက်ရှိအားလုံး ရှင်သန်ကြွင်းကျန်နိုင်မည် မဟုတ်ချေ။ မကြာမီနွေရာသီရောက်တော့မည်ဖြစ်သည်။ နွေရာသီတွင်ကြုံတွေ့ရသည့် ပြဿနာသည် သောက်သုံးရေ ရှားပါးခြင်းပင်ဖြစ်သည်။ ထိုသို့ရေရှားပါးပြတ်လပ်မှုမျိုး မကြုံရလေအောင် အဖိုးတန်သောရေကို မိုးရာသီကတည်းက စနစ်တကျစုဆောင်းထားပြီး ချွေတာသုံးစွဲသွားသင့်သည်။

**ရေဆိုသည်မှာ**

သက်ရှိများအတွက်အရေးပါဆုံးသောအရာသည် 'ရေ' ပင်ဖြစ်နေသည်။ ဓာတုဒြပ်ပေါင်းတစ်ခုဖြစ်သည့် ရေမော်လီကျူးတစ်ခုတွင် ဟိုက်ဒရိုဂျင်အက်တမ်တစ်ခုနှင့် အောက်ဆီဂျင်အက်တမ် နှစ်ခု ($H_2O$)တို့ ပေါင်းစပ်ပါဝင်ကြောင်းကို ငယ်စဉ်ကတည်းက ဓာတုဗေဒဘာသာရပ်တွင် သင်ကြားခဲ့ရသည်။ ရေကိုသတ်မှတ်အပူချိန်နှင့် ဖိအားအောက်တွင်အရည်အဖြစ် တွေ့ရလေ့ရှိသည်။ ထို့အပြင်ရေခဲ၊ ရေခိုးရေငွေ့၊ နှင်းခဲ၊ မြူငွေ့နှင့် တိမ်တိုက်အဖြစ်လည်းရပ်တည်နေပါသည်။ ကမ္ဘာ့မြေမျက်နှာပြင် ၇၀ ရာခိုင်နှုန်းကျော်ကို ရေထုဖြင့် ဖုံးလွှမ်းထားရှိပြီး ရေအများစုသည် ပင်လယ်သမုဒ္ဒရာများတွင် စုဖွဲ့တည်ရှိနေကြသည်။

**တစ်နေ့ရေဘယ်လောက်သောက်မလဲ**

လူတစ်ဦး၏ နေ့စဉ်လုံလောက်စွာသောက်သုံးသည့် ရေပမာဏသည် ထိုသူ၏ ကျန်းမာကြံ့ခိုင်သော ခန္ဓာကိုယ်ကိုထိန်းသိမ်းရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ နေ့စဉ် သောက်ရေ ဖန်ခွက် ရှစ်ခွက်မှ ၁၀ ခွက်ခန့်အထိသောက်သုံးသူသည် ကျန်းမာရေးကောင်းမွန်မည်ဟု ကျွမ်းကျင်သူများက ဆိုထားသည်။ အထူးသဖြင့် အမျိုးသားများသည် ရေ ၁၃ ခွက် (၃ လီတာခန့်) အထိ သောက်သုံးသင့်ပြီး အမျိုးသမီးများသည် ကိုးခွက် (၂ ဒသမ ၂ လီတာခန့်)အထိ သောက်သင့်သည်ဟုလည်း ဆိုထားသည်။

မည်သို့ပင်ဆိုစေကာမူ ရေသည် လူတစ်ဦး၏ကျန်းမာရေးအတွက် များစွာအရေးပါလျက်ရှိသည်။ ထို့ အပြင်ရေသည် လူ့ကိုယ်ခန္ဓာတွင်အဓိကကျသော အစိတ်အပိုင်းတစ်ရပ်အဖြစ်လည်းပါဝင်နေသည်။ လူတစ်ဦး၏ ကိုယ်ခန္ဓာအရွယ်အစားပေါ်မူတည်၍ ရေ ၅၅ ရာခိုင်နှုန်းမှ ၇၈ ရာခိုင်နှုန်းအထိပါဝင်သည်။ ဦးနှောက်နှင့် နှလုံးတွင် ရေ ၇၃ ရာခိုင်နှုန်းပါဝင်ပြီး အဆုတ်တွင် ၈၃ ရာခိုင်နှုန်းအထိ ပါဝင်သည်ဟုဆိုသည်။

**အကျိုးကျေးဇူးများ**

လူတစ်ဦးသည် ရေကိုဖူလုံစွာသောက်သုံးထားပါက ဦးနှောက်၊ ခန္ဓာကိုယ်ဆဲလ်များ၊ အစာခြေစနစ်၊ နှလုံး၊ ကျောက်ကပ်နှင့်ကြွက်သားများ၏ လုပ်ဆောင်ချက်များကို အထောက်အကူဖြစ်စေရုံသာမက အသားရေခြောက်ခန်းမှု၊ ပြင်ပရောဂါပိုးဝင်မှုတို့ကိုပါ ကာကွယ်ပေးသည့်အပြင် ခန္ဓာကိုယ်အပူချိန်ကိုလည်း ထိန်းညှိပေးနိုင်သည်။ ထို့အပြင်ရေကိုလုံလောက်စွာ သောက်သုံးခြင်းကြောင့် ပင်ပန်းနွမ်းနယ်မှုလျော့ပါး သက်သာစေခြင်း၊ စိတ်ရွှင်လန်းစေခြင်း၊ ခေါင်းကိုက်ခြင်းနှင့်မူးဝေအော့အန်သည့်ဝေဒနာမှသက်သာစေခြင်း၊ အစာကြေလွယ်ပြီး ဝမ်းချုပ်ခြင်းမှ ကင်းဝေးခြင်း၊ကိုယ်ခန္ဓာအလေးချိန် လျော့ကျစေခြင်း၊ အဆိပ်အတောက်ဖြစ်ပွားနိုင်မှုမှ လျော့ပါးစေခြင်း၊ ကိုယ်ခန္ဓာအေးမြမှုကိုထိန်းချုပ်ပေးခြင်း စသည့်အကျိုးကျေးဇူးပေါင်းများစွာကို ရရှိစေသည်။

အထူးသဖြင့် ရေသည်ကမ္ဘာ့စီးပွားရေးလုပ်ငန်းများတွင်အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ လူသားတို့အသုံးပြုသည့်ရေ ၇၀ ရာခိုင်နှုန်းခန့်ကို စိုက်ပျိုးရေးလုပ်ငန်းတွင် အသုံးပြုလျက်ရှိသည်။ ရေတွင် ကယ်လိုရီနှင့် အာဟာရများပါဝင်ခြင်းမရှိသော်လည်း ဘေးကင်းလုံခြုံသောသောက်သုံးရေသည် လူသားတို့နှင့် အခြားသက်ရှိသတ္တဝါများ သက်ရှင်နေထိုင်ရေးအတွက် များစွာအရေးပါလျက်ရှိသည်။

**သန့်ရှင်းသောရေရှားပါလာ**

လွန်ခဲ့သော ဆယ်စုနှစ်များအတွင်း ကမ္ဘာတစ်ဝန်း၌ ရေရရှိရေးအတွက် နည်းလမ်းကောင်းများ တိုးတက်လာသော်လည်း လူဦးရေ သန်း ၁၀၀၀ ခန့်သည် သန့်ရှင်းသော သောက်သုံးရေမရရှိနိုင်သေးသည့်အပြင် ကျန်သန်း ၂၅၀၀ ခန့်သည်လည်း ကျန်းမာရေးနှင့်ညီညွတ်သောရေကို ဖူလုံစွာမရရှိကြသေးပါ။ ထို့အပြင် ၂၀၂၅ ခုနှစ် ရောက်ရှိချိန်တွင် ကမ္ဘာ့လူဦးရေထက်ဝက်ခန့်သည် ရေကိုအခြေခံသည့်ရောဂါများနှင့် ရင်ဆိုင်ရမည်ဟု လေ့လာသုံးသပ်သူများကဆိုထားသည်။ ၂၀၃၀ ပြည့်နှစ်တွင် ကမ္ဘာပေါ်ရှိဖွံ့ဖြိုးဆဲဒေသများတွင် ရေလိုအပ်ချက်သည် ၅၀ ရာခိုင်နှုန်းကျော်လွန်မည်ဟု ဆိုသည်။

အနာဂတ်တွင် ကြုံတွေ့ရနိုင်သည့် စစ်ပွဲများသည် နိုင်ငံရေးကြောင့်မဟုတ်ဘဲ သောက်သုံးရေရရှိရေးကို အကြောင်းပြု၍ဖြစ်ပွားလာမည်ဟု ဆိုသည်။ လူဦးရေတိုးပွားလာမှုသည်လည်း ရေရှားပါးရခြင်း၏ အခြေခံအကြောင်းရင်းတစ်ခုဖြစ်သည်။ ရေရှားပါးမှုကြုံတွေ့နေရပြီးဖြစ်သည့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ၂၀၅၀ ပြည့်နှစ်တွင် လူဦးရေ သန်း ၃၅၀၀ ခန့်သည် ရေရှားပါးပြတ်လပ်မှုနှင့် ရင်ဆိုင်ရမည်ဟု ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက ခန့်မှန်းထားရှိသည်။ ထို့ကြောင့် ရေအရင်းအမြစ်များကို အချိန်မီ စနစ်တကျထိန်းသိမ်းကာကွယ်မှုမရှိလျှင် ရေရှားပါးပြတ်လပ်မှု ပိုမိုမြင့်မားလာမည်ဖြစ်သည်။

**ရေရှားပါးမှုဖြစ်ရသည့် အကြောင်းရင်းများ**

မြို့ပြများတိုးချဲ့တည်ဆောက်ခြင်း၊ စက်မှုလုပ်ငန်းများ ထူထောင်ခြင်းနှင့် သဘာဝသစ်တောများကို လွန်ကဲစွာခုတ်လှဲခြင်းသည် ရေရှားပါးရခြင်း၏ အခြေခံအကြောင်း တရားများပင်ဖြစ်သည်။ ရာသီဥတု ဖောက်ပြန်ခြင်းကြောင့် အပူလွန်ကဲခြင်း၊ မိုးခေါင်ခြင်း၊ မိုးကြီးခြင်း၊ ရေကြီးခြင်း၊ ဆီးနှင်းများကျခြင်း၊ ရေခဲတောင်များ အရည်ပျော်ခြင်းတို့ကိုဖြစ်ပေါ်စေသည်။ ထိုသို့သဘာဝလွန်ဖြစ်ရပ်များ အကြိမ်ကြိမ်ဖြစ်ပွားမှုသည် သဘာဝရေအရင်းအမြစ်ကို ထိန်းသိမ်းထားနိုင်စွမ်းနည်းပါးလာပြီး ရေရှားပါးခြင်းဆိုသောနောက်ဆက်တွဲ ဆိုးကျိုးများကိုသာ ဖြစ်ပေါ်စေပါသည်။

ထို့အပြင်မြို့ပြများတွင်စက်ရေတွင်းများလွန်ကဲစွာတူးဖော်ခြင်းသည်လည်း မြေအောက်ရေအရင်းအမြစ်ကို ဆုတ်ယုတ်စေပါသည်။ ရေသည် ကမ္ဘာ့စီးပွားရေးလုပ်ငန်းများတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ စက်ရုံများမှ ထုတ်လွှတ်သောစွန့်ပစ်ဓာတုပစ္စည်းများကို မြစ်၊ ချောင်းများနှင့် ပင်လယ်သမုဒ္ဒရာများအတွင်းသို့ စွန့်ပစ်လေ့ရှိကြသည်။ စက်ရုံ၊ အလုပ်ရုံများအား အအေးခံခြင်းနှင့် ထုတ်ကုန်ပစ္စည်းကို တင်ပို့ရာတွင်လည်း ရေလမ်းကိုသာအသုံးပြုကြရသည်။ ထို့ကြောင့် စနစ်တကျစီမံခန့်ခွဲမှုများဖြင့်သာ အနာဂတ် ရေရှားပါးပြတ်လပ်မှုပြဿနာကို ကြိုတင်ကာကွယ်နိုင်မည်ဖြစ်သည်။

ရေအရင်းအမြစ်ကို စနစ်တကျထိန်းသိမ်းရန် လိုအပ်သည့်အပြင် ရေထုညစ်ညမ်းမှုကို ကာကွယ်သွားရေးသည်လည်း လူသားအားလုံး၏ တာဝန်တစ်ရပ်ဖြစ်သည်။ ဓာတုစက်ရုံများမှစွန့်ပစ်ပစ္စည်းများအား မြစ်၊ ချောင်းများအတွင်းသို့ စည်းမဲ့ကမ်းမဲ့စွန့်ပစ်ခြင်းနှင့် ခေတ်မီဆန်းသစ်သောလက်နက်များအား ပင်လယ်သမုဒ္ဒရာများအတွင်းသို့ ပစ်ခတ်စမ်းသပ်မှုများသည် ရေထုညစ်ညမ်းမှုကို ဆိုးရွားစွာဖြစ်ပေါ်စေပါသည်။ ထို့ကြောင့် သက်ဆိုင်ရာ အဖွဲ့အစည်းများသည် နိုင်ငံတကာ ပဋိညာဉ်များနှင့် ကတိကဝတ်များကိုလိုက်နာစောင့်ထိန်းပြီး ရေထုညစ်ညမ်းမှု အန္တရာယ်အားကြိုတင်ကာကွယ်သွားသင့်သည်။

**ပင်ပန်းဆင်းရဲကြ**

နွေရာသီရောက်ပြီဆိုသည်နှင့် ကျေးလက်နေပြည်သူများအထူးသဖြင့်မြစ်၊ ချောင်း၊ အင်းအိုင်နှင့် ဝေးကွာသော ဒေသများတွင် နေထိုင်သူများအတွက် ခေါင်းအခဲရဆုံးပြဿနာသည် သောက်သုံးရေရှားပါးမှုပင်ဖြစ်သည်။ နွေရာသီ၌ရေရှားပါးမှု ကြုံတွေ့ရသည့် အချို့သောဒေသများတွင် နေ့စဉ် သုံးရေရရှိရေးထက် သောက်ရေဖူလုံရေး ကိုပင် များစွာခက်ခဲကြသည်။ ကျေးလက်နေပြည်သူများသည် သောက်သုံးရေတစ်ပုံး၊ တစ်အိုးရရှိရေးအတွက် မိုင်ပေါင်းများစွာ ဝေးကွာသောနေရာများသို့ ပင်ပန်းကြီးစွာသွားရောက်ကာ ခပ်ကြရလေ့ရှိသည်။ နွေရာသီတွင် အိမ်မွေးတိရစ္ဆာန်များဖြစ်သည့် ကျွဲ၊ နွားများနှင့်အတူ ရေရှိသည့် မြစ်၊ ချောင်း၊ အင်း၊ အိုင်နှင့် ရေကန်ရှိသော နေရာများသို့ သွားရောက်ရေခပ်ရလေ့ရှိပါသည်။

**ရေရှည်အစီအမံများချမှတ်ရန်လို**

ထိုအခက်အခဲကို နှစ်စဉ်ကြုံတွေ့နေရသဖြင့် တာဝန်ရှိသူများသည် ကျေးလက်နေပြည်သူများ၏ အနာဂတ်ကိုမြော်တွေးကာ သောက်သုံးရေ ဖူလုံရေးအတွက် ထိရောက်သော ရေရှည်စီမံချက်များချမှတ်အကောင်အထည်ဖော်ပေးသင့်ပါသည်။ နွေရာသီတွင် ရေရှားပါးပြတ်လပ်မှု ကြုံတွေ့ရသည့်ဒေသများသည် မိုးရာသီတွင် ရေအောက်ကြမ်းပြင်ဖြစ်သွားကြသည်။ ကျေးလက်နေပြည်သူများသည် ထိုအခြေအနေမျိုးကို နှစ်စဉ် ကြုံတွေ့နေကြရသည်။ လတ်တလောအခက်အခဲကို လက်ပူတိုက်ဖြေရှင်းခြင်းသည် မှန်ကန်သောနည်းလမ်းတစ်ရပ်မဟုတ်ချေ။ ထို့ကြောင့် ရေရှားပါးမှုနှင့် ရေလွှမ်းမိုးမှုဒဏ်မှ ကင်းဝေးရလေအောင် မဟာဗျူဟာ၊ နည်းဗျူဟာများ ချမှတ်ဆောင်ရွက်သွားရန်လည်း လိုအပ်ပါသည်။ နွေရာသီတွင် ကျေးလက်နေပြည်သူများ ရေဖူလုံရေးအတွက် အလှူရှင်များအပါအဝင် စစ်ဘက်၊ အရပ်ဘက် ပေါင်းစပ်ဆောင်ရွက်မှုများအရေးတကြီး လိုအပ်နေပြီဖြစ်သည်။

**ရေသုံးစွဲရာတွင်ခြိုးခြံ ချွေတာရေးနည်းလမ်းများ**

လူတိုင်းသည် နေ့စဉ် မိုးလင်း၊ မိုးချုပ် ရေကိုသုံးစွဲနေရမည်ဖြစ်သည်။ ထိုသို့သုံးစွဲရာတွင်လူတစ်ဦး တစ်ယောက်ချင်းစီမှ အဖိုးတန်ရေကို ချွေတာသုံးစွဲသွားမည်ဆိုလျှင် ရေရှားပါးသောဒေသရှိ ပြည်သူများကို ကူညီရာ ရောက်ပါသည်။ ရေကိုအောက်ပါနည်းလမ်းများအတိုင်းသာ ခြိုးခြံချွေတာသုံးစွဲသွားသင့်ပါသည်-

(၁) သွားတိုက်နေစဉ်၊သို့မဟုတ်ခေါင်းလျှော်နေစဉ် ရေပိုက်ခေါင်းကို ပိတ်ထားခြင်း။
(၂) ရေပိုက်ခေါင်းများကိုမလိုအပ်လျှင်ပိတ်ထားခြင်း။
(၃) နေအိမ်ရှိရေပိုက်ခေါင်းအားလုံးကို ပြုပြင်ထားခြင်း။
(၄) ရေချိုးခန်းရေပန်းခေါင်းတိုတိုကိုသာ အသုံးပြုခြင်း။
(၅) ရေပန်းခေါင်းကို လိုအပ်သလောက်သာဖွင့်၍ ရေချိုးခြင်း။
(၆) ပန်းဥယျာဉ်များကို မိုးရေနှင့်သာ ပက်ဖျန်းခြင်း။
(၇) အိမ်သာရေစိမ့်မှုကိုပြုပြင်ထားခြင်း။
(၈) ရေစိမ့်နေသည့်နေရာများကိုစစ်ဆေးခြင်း။
(၉) မိုးရေကိုခံထားခြင်း။
(၁၀) ရေအိမ်ကိုအမှိုက်ပုံးကဲ့သို့အသုံးမပြုခြင်း။
(၁၁) ရေချွေတာသည့်စက်များ ဝယ်ထားခြင်း (ဥပမာ- ပန်းကန်ဆေးစက်၊ အဝတ်လျှော်စက်)။
(၁၂) မည်သည့်အခါမျှရေကိုမသွန်ပစ်ရန်။

ခြုံ၍ဆိုရလျှင် ယခုနှစ်နွေရာသီတွင်အပူချိန်ပိုမိုပြင်းထန်မည်ဟု မိုးလေဝသပညာရှင်များက ခန့်မှန်းထားကြပါသည်။ အပူချိန်မြင့်မားလာခြင်းနှင့်အတူ နွေရာသီတွင် ကြုံတွေ့ရသည့် ပြဿသည်။ သောက်သုံးရေရှားပါးမှုပင်ဖြစ်သည်။ မြန်မာနိုင်ငံတွင် လူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်သည် ကျေးလက်နေပြည်သူများဖြစ်ကြသည်။ ထိုကျေးလက်နေပြည်သူအများစုသည် နှစ်စဉ် နွေရာသီတွင် သောက်သုံးရေရှားပါးမှုဒဏ်ကို ခါးစည်းခံရလေ့ရှိကြသည်။ မည်သို့ပင်ဆိုစေကာမူ နိုင်ငံသားတစ်ဦးတစ်ယောက်ချင်းစီအနေဖြင့် အနာဂတ်တွင် ကြုံတွေ့လာရနိုင်သည့် ရေရှားပါးမှုပြဿနာ၊ အထူးသဖြင့် နွေရာသီတွင် ရေရှားပါပြတ်လပ်မှုမဖြစ်ပေါ်စေရေးအတွက် ကြိုတင်မြော်တွေးကာ ကိုယ်စီအသိစိတ်ဓာတ်ရှိစွာဖြင့် တန်ဖိုးရှိသောရေကို စနစ်တကျ ချွေတာသုံးစွဲသွားနိုင်ကြပါစေ။ ။

> "လူတိုင်းသည် နေ့စဉ် မိုးလင်း၊ မိုးချုပ် ရေကို သုံးစွဲနေရမည်ဖြစ်သည်။ ထိုသို့သုံးစွဲရာတွင် လူတစ်ဦး တစ်ယောက်ချင်းစီမှ အဖိုးတန်ရေကို ချွေတာ သုံးစွဲသွားမည်ဆိုလျှင် ရေရှားပါသောဒေသရှိ ပြည်သူများကိုကူညီ. . ."





## ဝယ်လက်ကိုသာ အားကိုးနေရသောအဖြစ်မှ လွတ်မြောက်နိုင်ရန် အလားအလာများတွေ့မြင်ရ

**မကွေး မတ် ၂၆**
မကွေးတိုင်းဒေကြီး အစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီတို့ ပူးပေါင်း၍ ကြီးမှူးကျင်းပသည့် ဒုတိယအကြိမ် MSME Products ဒေသတွင်း ထုတ်ကုန်ပစ္စည်း ပြပွဲနှင့်ပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုပေးပွဲအခမ်းအနားကို မတ် ၂၆ ရက် နံနက် ၉ နာရီခွဲက မကွေးမြို့တော်ခန်းမ၌ ကျင်းပသည်။

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက ယခုကဲ့သို့ ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသခြင်းနှင့် ပြိုင်ပွဲများ ပြုလုပ်ခြင်းဖြင့် ဒေသတွင်း စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နေကြသည့် လုပ်ငန်းရှင်များ အနေဖြင့် ဝယ်လက်တစ်ဦးတည်းကိုသာ အားကိုးရတဲ့အဖြစ်ကနေ လွတ်မြောက်နိုင်ရန် အလားအလာများကို ရရှိနိုင်မှု အခြေအနေများကို တွေ့မြင်ခဲ့ရကြောင်း၊ ဒေသထွက်ကုန်ပစ္စည်းများကို အရည်အသွေးမြင့် ထုတ်ကုန်များဖြစ်အောင် ထုတ်လုပ်ပြီး ပြည်တွင်း၌သာမက ပြည်ပနိုင်ငံများသို့ပါ တင်ပို့ရောင်းချခြင်းဖြင့် နိုင်ငံခြားဝင်ငွေကိုလည်း အကျိုးခံစားခွင့်ရရှိစေမှာဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ဒုတိယအကြိမ် MSME Products ဒေသတွင်း ထုတ်ကုန်ပစ္စည်း ပြပွဲနှင့် ပြိုင်ပွဲတွင် ဆုရရှိသူများအား မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီဥက္ကဋ္ဌ တိုင်းဒေသကြီး စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဇော်မင်းနှင့် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်အေးအေးဝင်းတို့က ပြိုင်ပွဲဝင်အသင်းများအားဆုနှင့် ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## အနုပညာအထက်တန်းကျောင်း(မန္တလေး) ကျောင်းဆင်းလက်ရာမွန်ပြပွဲကျင်းပ

**မန္တလေး မတ် ၂၆**
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန လေ့ကျင့်ရေးနှင့် သုတေသနဌာနခွဲ ၂၀၁၇-၂၀၁၈ ပညာသင်နှစ် အနုပညာအထက်တန်းကျောင်း (မန္တလေး) ကျောင်းဆင်းလက်ရာမွန်ပြပွဲနှင့် စင်တင်ကပြဖျော်ဖြေပွဲကိုမတ် ၂၅ရက်မွန်းလွဲ ၁ နာရီက မန္တလေးမြို့ ၆၆ လမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပသည်။

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဒေါက်တာဇော်မြင့်မောင်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးထွန်းအုံတို့က ပန်းချီ၊ ပန်းပု သင်တန်းဆင်းလက်ရာမွန်များကို လှည့်လည်ကြည့်ရှုပြီး ပန်းချီဌာနမှ လက်တွေ့သရုပ်ပြရေးဆွဲနေမှုကို ကြည့်ရှုအားပေးသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က သင်တန်းဆင်းအမှာစကားပြောကြားပြီး ပန်တျာဌာနနှင့် ပန်းချီ၊ ပန်းပုဌာနမှ ထူးချွန်ဆုရ သင်တန်းသား၊ သင်တန်းသူများအား ဆုချီးမြှင့်ခြင်း၊ သင်တန်းဆင်းအောင်လက်မှတ်များ ချီးမြှင့်သည်။

ဆက်လက်၍ အနုပညာအထက်တန်းကျောင်း (မန္တလေး) ပန်တျာဌာန သင်တန်းဆင်းများက ပဏာမ ဧည့်ခံဂီတသံ၊ ဘုရားကန်တော့ခန်း၊ အပျိုတော်၊ ခုနစ်ထွေအလှ မင်းသားအက၊ စောင်းလှဒေဝီဆေးပန်းချီ၊ လှမျိုးစုံလိကကြိုးသီ (မင်းသမီးယိမ်း)၊ ဆင်ဖမ်းပွဲတော်၊ ကျောင်းသီချင်း၊ တိမ်မြုပ်ပျောက်ကွယ်နေသည့် ဇာတ်တော်ကြီးတို့ဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

အနုပညာ အထက်တန်းကျောင်း(မန္တလေး)သည် နိုင်ငံတော်၏ ဦးတည်ချက်၊ ရည်မှန်းချက်များနှင့်အညီ အနုပညာဘာသာရပ်များကို သုံးနှစ်ကာလအတွင်း သူ့အပိုင်းနှင့်သူ စာတွေ့လက်တွေ့ ပေါင်းစပ်သင်ကြားလေ့ကျင့်ပေးနေသော ကျောင်းတော်ကြီးဖြစ်ပြီး နိုင်ငံကျော် အနုပညာရှင်များစွာ မွေးထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**မောင်ပြည်သူ (မန္တလေး)**



## ပြင်ဦးလွင်မြို့နယ် ဝါးနက်အပန်းဖြေဆင်စခန်းဖွင့်လှစ်မည်

**ပြင်ဦးလွင် မတ် ၂၆**
ပြည်သူများ သဘာဝနယ်မြေများတွင် အပန်းဖြေနိုင်စေရန်ရည်ရွယ်၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်း၊ မန္တလေးတိုင်းဒေသကြီး မန္တလေးဖောင်ဖွဲ့ရေးဒေသ ဝါးနက်အပန်းဖြေဆင်စခန်းကို ပြင်ဦးလွင်မြို့နယ် ကျောက်ချောရဲရွာ ကားလမ်း ငါးမိုင်ငါးဖာလုံ ဝါးနက်ရွာအနီးတွင် တည်ဆောက်ပြီးစီးပြီဖြစ်သောကြောင့် မဟာသင်္ကြန်ပွဲတော်အကြို မတ် ၃၀ ရက်၌ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

ဝါးနက်အပန်းဖြေဆင်စခန်းသည် ပြင်ဦးလွင်မြို့နယ် ဇီးပင်ကြီးကြိုးဝိုင်းနယ်မြေဧက ၁၄၀ တွင် သဘာဝအတိုင်း တည်ဆောက်ထားသောကြောင့် လာရောက်လည်ပတ်သူများအနေဖြင့် ဆင်စီးပြီး တောတွင်းလမ်းများတွင်လည်ပတ်နိုင်ခြင်း၊ နားနေဆောင်များတွင် မိသားစုလိုက် အနားယူအပန်းဖြေနိုင်ခြင်း၊ စခန်းအတွင်း စားသောက်ဆိုင်များတွင် မြန်မာမှုစားသောက်ဖွယ်ရာများ ဈေးနှုန်းချိုသာစွာ တောတောင်သဘာဝအလှများခံစားရင်း မှာယူစားသောက်နိုင်ခြင်း၊ ဆင်များကို ကိုယ်တိုင်အစာကျွေးနိုင်ခြင်း၊ ပြခန်းအတွင်းဆင်အကြောင်းသိကောင်းစရာများ လေ့လာနိုင်ခြင်းနှင့် ဆင်စခန်းမှ အမှတ်တရပစ္စည်းများ ဝယ်ယူနိုင်ကြောင်း သိရသည်။

ဝါးနက်အပန်းဖြေ ဆင်စခန်းကိုနံနက်၇နာရီမှညနေ၆နာရီအထိဖွင့်လှစ်မည်ဖြစ်ပြီး ဝင်ကြေးတစ်ဦး ကျပ် ၁၀၀၀နှင့် အပန်းဖြေစခန်းအတွင်း တစ်ဦးကျပ် ၃၀၀၀ ဖြင့် ဆင်များစီးနိုင်ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**



## မကွေးတိုင်းဒေသကြီးအတွင်း၌ ရေမီတာသုံး ကျေးလက်ရေပေးဝေရေးလုပ်ငန်းများဆောင်ရွက်

**မကွေး မတ် ၂၆**
မကွေးတိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသရေရရှိရေး ဆောင်ရွက်မှုများ၌ ပြည်သူများ၏ ကိုယ့်အားကိုယ်ကိုးပါဝင်မှုများအပြင် ကျေးလက်ဦးစီးဌာနနှင့် နိုင်ငံတကာတို့ပူးပေါင်းသည့် ရေမီတာသုံးကျေးလက်ရေပေးရေး လုပ်ငန်းများလည်း အကောင်အထည်ဖော်လုပ်ဆောင်နေကြောင်း တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသန်းထိုက်ဇော်ထံမှ သိရသည်။

"ကျေးရွာတွေမှာ ယူနီဆက်၊ ကျေးလက်ဦးစီးဌာနနဲ့ ပြည်သူတွေပူးပေါင်းပြီး အိမ်တိုင်ရာရောက် ရေသွယ်စနစ်ကို ဆောင်ရွက်နေပါတယ်၊ လုပ်ငန်းဆောင်ရွက်ပုံကတော့ ရွာတစ်ရွာမှာ ရေတွင်းတူးလိုက်တယ်၊ ပြီးရင် ရေစက်ရုံတည်မယ်၊ အမြင့်တင် ရေစင်ဆောက်မယ်၊ ပြီးသွားရင် ရွာတွေကို ရေပိုက်လိုင်းနဲ့ အိမ်တိုင်ရာရောက်ရေပေးရေးလုပ်တာပေါ့၊ အဲလို လုပ်တဲ့အခါမှာ ပြည်သူလူထုကလည်း ထည့်ဝင်ရတာပေါ့၊ ယူနီဆက်ကလည်း ပိုက်တွေထောက်ပံ့ပါတယ်၊ လိုအပ်တဲ့ဟာကို ကျေးလက်ကပဲ ရန်ပုံငွေနဲ့ထောက်ပံ့ပါတယ်၊ ပြည်သူကတော့ လုပ်အားရယ်၊ ပိုက်ဆက်ပစ္စည်းတချို့ စိုက်ထုတ်ရတာရှိပါတယ်" ဟု ၎င်းက ဆိုသည်။

လုပ်ငန်းများဆိုင်ရာ အချက်အလက်များအရ တိုင်းဒေသကြီးအတွင်း မြို့နယ် ၁၅ မြို့နယ်၊ ကျေးရွာ ၄၆၉ ရွာ၊ အိမ်ခြေ ၇၄၈၄၀၊ လူဦးရေ ၃၇၇၃၂၄ ဦးအတွက် ရေမီတာသုံး ကျေးလက်ရေပေးရေးလုပ်ငန်း ၄၆၉ ခု ဆောင်ရွက်ခဲ့ရာ ၂၀၁၇ ခုနှစ် ဩဂုတ်လက လုပ်ငန်း ၅၇ ခု ကျန်နေသေးသော်လည်း လတ်တလော လုပ်ငန်းများအားလုံးပြီးစီးတော့မည်ဖြစ်ကြောင်း သိရသည်။

မကွေးခရိုင်အတွင်း၌ မကွေး၊ ရေနံချောင်း၊ ချောက်၊ နတ်မောက်၊ မြို့သစ်မြို့နယ်ငါးခုမှ ကျေးရွာ ၆၉ ရွာ၊ အိမ်ခြေ ၁၃၀၉၇ လုံး၊ လူဦးရေ ၆၃၂၄၃ ဦး၊ မင်းဘူးခရိုင်အတွင်း၌ ပွင့်ဖြူ၊ စလင်း၊ စေတုတ္တရာမြို့နယ်သုံးခုမှ ကျေးရွာ ၁၂ ရွာ၊ အိမ်ခြေ ၁၈၄၆ လုံး၊ လူဦးရေ ၈၂၀၃ ဦး၊ သရက်ခရိုင်အတွင်း၌ ဆင်ပေါင်ဝဲမြို့နယ်မှ ကျေးရွာနှစ်ရွာ အိမ်ခြေ ၁၄၃၂ လုံး၊ လူဦးရေ ၆၁၆၆ ဦး၊ ပခုက္ကူခရိုင်အတွင်း၌ ပခုက္ကူ၊ ရေစကြို၊ မြိုင်၊ ပေါက်၊ ဆိပ်ဖြူ မြို့နယ်ငါးခု ကျေးရွာ ၃၇၅ ရွာ၊ အိမ်ခြေ ၅၇၄၅၀၊ လူဦးရေ ၂၉၄၈၆၆ ဦး၊ ဂန့်ဂေါခရိုင်အတွင်း၌ ထီးလင်းမြို့နယ်မှ ကျေးရွာ ၁၁ ရွာ၊ အိမ်ခြေ ၁၀၁၅ လုံး၊ လူဦးရေ ၄၈၄၆ ဦးတို့မှာ ရေမီတာသုံးကျေးလက်ရေပေးရေးလုပ်ငန်း၏ အကျိုးဆက်များ ခံစားရမည်ဖြစ်သည်။

ဆောင်ရွက်ပြီးကျေးရွာများတွင် ကျေးရွာရေပေးဝေရေးကော်မတီဖွဲ့စည်းပြီး ပြုပြင်လည်ပတ်ထိန်းသိမ်းရေးအတွက် ကော်မတီ၏ဆုံးဖြတ်ချက်ဖြင့် ရေတစ်ယူနစ်လျှင် ငွေမည်မျှကောက်ခံမည်ကို ဆုံးဖြတ်ကြောင်း၊ လတ်တလော တစ်ရွာနှင့်တစ်ရွာ ကောက်ခံသည့်နှုန်းများ မတူညီဘဲ တစ်ယူနစ်လျှင် ငွေကျပ် ၃၅၀ မှ ကျပ် ၅၀၀ ကြားကောက်ခံနေကြောင်း၊ အမြင့်တင်ရေစင်ဆောက်လုပ်ပြီးစီးသည့် အခြားကျေးရွာများကိုလည်း အိမ်သွယ်ရေတိုင်စနစ်ဆက်လက်လုပ်ဆောင်သွားရန်ရှိကြောင်း တိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ဧယျတု(မကွေး)**

## ဗျတ္တပန်းဆက်လမ်း အက်စ်ကွေ့အဆင်းချောက်နေရာများ ကွန်ကရစ်တိုင်များအစား သံတိုင်များဖြင့်အစားထိုး



**ကျောက်ပန်းတောင်း မတ် ၂၆**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပား-ညောင်ဦး ဗျတ္တပန်းဆက်လမ်းပုပ္ပားအဆင်း (S)အက်စ်ကွေ့အဆင်း လမ်းဘေး ဝဲယာ ချောက်နေရာများ၌ ကွန်ကရစ်တိုင်များအစား သံတိုင်များအစားထိုးပြုပြင်နေခြင်းကို မတ်လအတွင်း အပြီးဆောင်ရွက်နေကြောင်း သိရသည်။

အဆိုပါ ကွန်ကရစ်တိုင် (Guard Post)များအစား သံတိုင် (Guard Rail) အစားထိုးလဲလှယ်တပ်ဆင်ခြင်းလုပ်ငန်းအား ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးဌာနမှ ကြီးကြပ်၍ MYANMAR TRAFFIC CO.,LTD မှ ပုပ္ပားကျေးရွာနှင့် ညောင်ဦးမြို့သို့ဆက်သွယ်ထားသော ဗျတ္တပန်းဆက်လမ်းဘေး ဝဲယာ အန္တရာယ်ရှိ ချောက်ကမ်းပါးနေရာ ကီလိုမီတာ ၂၂ဒသမ၅၃ကီလိုမီတာမှ သုညဒသမ၉၂ မီတာအတွင်း ၄၀၂ ဒသမ ၃၄ မီတာအရှည်ရှိကြောင်း MYANMAR TRAFFIC CO.,LTD မှ ဦးဝေဖြိုးအောင်ကရှင်းပြသည်။ သံတိုင်များ တစ်တိုင်ချင်းစီတွင် ရောင်ပြန်စတစ်ကာများပါတပ်ဆင်ထားခြင်းကြောင့် ညအချိန် ယာဉ်မောင်းစဉ် သတိပေးနေသကဲ့သို့ ဖြစ်စေကြောင်း မြို့နယ်လမ်းဦးစီးဌာနမှ လမ်းဦးစီးအရာရှိ ဒေါ်စန်းစန်းလွင်က ပြောပြသည်။

**ကိုထိန် (ငါ့သရောက်)**

# ကြာအင်းဆိပ်ကြီးမြို့နယ်တွင် ကွန်ကရစ်လမ်းသစ်နှင့် မက္ကသာတံတားဖွင့်ပွဲကျင်းပ

**ကြာအင်းဆိပ်ကြီး မတ် ၂၆**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကြာအင်းဆိပ်ကြီးမြို့နယ် ကြာအင်းဆိပ်ကြီး-ချောင်းဆုံ(ဘုရားသုံးဆူ) ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို မတ် ၂၅ ရက် နံနက် ၉ နာရီခွဲက ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါလမ်းသည် ယခင်က ၁၀ မိုင်ခန့်သာ ကတ္တရာလမ်းအဖြစ်ရှိခဲ့ပြီး ကျန်လမ်းပိုင်းသည် အမာခံလမ်းအဖြစ် တည်ရှိနေရာမှ ယခုအစိုးရလက်ထက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေကျပ်သန်း ၁၂၀၀၀ ကျော်ခန့်ဖြင့် ၁၈ ပေ အကျယ်၊ ဒု ၈ လက်မရှိ ၄၀ မိုင် ၅ ဖာလုံကို ကွန်ကရစ်လမ်းသစ်အဖြစ် ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်သည်။

ကြာအင်းဆိပ်ကြီး-ချောင်းဆုံ(ဘုရားသုံးဆူ) ကွန်ကရစ်လမ်းသစ်သည် ကြာအင်းဆိပ်ကြီး မြို့နယ်နှင့် ဘုရားသုံးဆူမြို့ကို ဆက်သွယ်သည့် မြို့နယ်ချင်းဆက်လမ်းဖြစ်သော်လည်း နိုင်ငံတကာ ဆက်သွယ်ရေးလမ်းများဖြစ်သည့် သံဖြူဇရပ်- ဘုရားသုံးဆူလမ်း၊ မုဒုံ-မြဝတီလမ်းတို့ဖြင့် ချိတ်ဆက်နေသည့်အတွက် ကရင်ပြည်နယ်အတွင်း အရေးပါသည့် လမ်းတစ်လမ်းဖြစ်ပြီး ပြည်နယ်အတွင်း ငြိမ်းချမ်းရေးဖြစ်တည်တိုးတက်နေသည်နှင့်အမျှ လွယ်ကူစွာ ကူးလူးဆက်ဆံနိုင်ကြမည်ဖြစ်ကာ ပြည်နယ်၏ စီးပွားရေး၊ လူမှုရေး၊ ကုန်သွယ်ရေး၊ ကူးသန်းရောင်းဝယ်ရေးတို့တွင် အရေးပါသည့် လမ်းပိုင်းတစ်ခုဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ကြာအင်းဆိပ်ကြီး-ချောင်းဆုံ(ဘုရားသုံးဆူ)လမ်းပေါ်ရှိ မက္ကသာတံတားဖွင့်ပွဲ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံတို့က စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့ကြသည်။

ယခုဖွင့်လှစ်သည့် တံတားသည် အရှည်ပေ ၂၄၀၊ အကျယ် ၂၄ ပေ၊ လူသွားလမ်း တစ်ဖက်သုံးပေစီပါဝင်သည့် သံကူကွန်ကရစ်တံတား အမျိုးအစားဖြစ်ကာ တံတားချဉ်းကပ်လမ်းအပါအဝင် စုစုပေါင်းတန်ဖိုး ကျပ်သန်း ၉၀၀ ခန့် အကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်ရာ အဆိုပါတံတားကြောင့် ဒေသ၏ ကုန်စည်စီးဆင်းမှု လွယ်ကူလျင်မြန်စေမည်ဖြစ်ပြီး လူမှုရေး၊ စီးပွားရေးနှင့် ကုန်သွယ်မှုလုပ်ငန်းများသည် ထိုတံတားပေါ်မှ ဖြတ်သန်းသွားမည်ဖြစ်သည့်အတွက် ဒေသတွင်းပြည်သူများ၏ စားဝတ်နေရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းကိုများစွာ အထောက်အပံ့ဖြစ်စေမှာဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**





# ပဲခူးတွင် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အခမ်းအနားကျင်းပ

**ပဲခူး မတ် ၂၆**

၂၀၁၈ ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ပဲခူးမြို့တော်ခန်းမ၌ မတ် ၂၆ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက တီဘီရောဂါဖြစ်ပွားလာပါက ကျန်းမာရေးတစ်ခုသာမကဘဲ လူမှုရေး၊ စီးပွားရေးတို့မှာလည်း များစွာထိခိုက်နစ်နာစေတာကြောင့် ဒီရောဂါကို လျင်မြန်စွာအဆုံးသတ်ရန် လိုအပ်ကြောင်း၊ တီဘီရောဂါသည်ကူးစက်လွယ်သည့် ရောဂါဖြစ်သည့်အတွက် လျင်မြန်စွာပျောက်ကင်းစေရန် ကျန်းမာရေးဌာနတစ်ခုတည်းက လုပ်ဆောင်ဖို့ မလွယ်ကူကြောင်း၊ တီဘီရောဂါတိုက်ဖျက်ရေး လုပ်ငန်းများကို ကျန်းမာရေးဝန်ကြီးဌာနနှင့်အတူ အခြားဝန်ကြီးဌာနများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံးက ကျရာအခန်းကဏ္ဍမှ ပါဝင်ပြီး သမိုင်းမှတ်တမ်းရေးထိုးကြရန် အဖွင့်အမှာစကား ပြောကြားသည်။

တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအေးငြိမ်းက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ၂၀၁၈ ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အခမ်းအနား ဖွင့်ပွဲမိန့်ခွန်းကို ဖတ်ကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး တီဘီရောဂါတိုက်ဖျက်ရေးဌာန အဖွဲ့ခေါင်းဆောင် ဒေါက်တာသန့်ဇင်က တီဘီရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများအကြောင်းနှင့် ရှေ့လုပ်ငန်းစဉ်များကိုရှင်းလင်းပြောကြားပြီး ၂၀၁၇ ခုနှစ် တီဘီရောဂါတိုက်ဖျက်ရေး လုပ်ငန်းဆောင်ရွက်မှု ထူးချွန်ဆုရရှိကြသော ညောင်လေးပင်၊ ကြို့ပင်ကောက်၊ ရွှေတောင်မြို့နယ်တို့အား ဝန်ကြီးချုပ်က ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ လွှတ်တော် ဥက္ကဋ္ဌ၊ ဥပဒေချုပ်၊ အစိုးရအဖွဲ့အတွင်းရေးမှူး၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

ယင်းနောက် တက်ရောက်လာကြသူများက တီဘီရောဂါဆိုင်ရာများ ပြသထားသောပြခန်းငယ်အား ကြည့်ရှုလေ့လာကြပြီး ပဲခူးတိုင်းဒေသကြီး တီဘီရောဂါတိုက်ဖျက်ရေးဌာန အဖွဲ့ခေါင်းဆောင်ဒေါက်တာသန့်ဇင်က တီဘီရောဂါအကြောင်း အသိပညာပေးဟောပြောကာ ဧည့်ပရိသတ်များကို ဗဟုသုတ မေးခွန်းများ မေးမြန်းခြင်းနှင့် အမှတ်တရဆုချီးမြှင့်ခြင်းများ ပြုလုပ်ကြသည်။

တီဘီရောဂါသည် ဘက်တီးရီးယားပိုးတစ်မျိုးကြောင့် လေမှတစ်ဆင့်ကူးစက်လွယ်သည့် ရောဂါတစ်ခုဖြစ်ပြီး မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံများမှ နှစ်စဉ်ရောဂါကူးစက်သူဦးရေ ရာခိုင်နှုန်းများသည့် ရောဂါတစ်ခုလည်းဖြစ်သည်။ တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် တီဘီရောဂါရှိသည့် လူဦးရေမှာ ၁၀ ဒသမ ၄ သန်းခန့်ရှိမည်ဟု ခန့်မှန်းထားသော်လည်း ယခုလက်ရှိအချိန်ထိ ၆ ဒသမ ၁ သန်းခန့်သာ ရှာဖွေတွေ့ရှိထားသေးကြောင်း သိရသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်းမှ လူဦးရေ တစ်သိန်းလျှင် ၃၆၁ ဦးမှာ တီဘီရောဂါရှိမည်ဟုတွက်ချက်ထားသော်လည်း မြန်မာနိုင်ငံတွင်လူဦးရေ တစ်သိန်းလျှင် ၂၇၇ ဦးသာ ရှာဖွေတွေ့ရှိထားကြောင်း၂၀၁၇ ခုနှစ်၏ ကိန်းဂဏန်းအချက်အလက်များအရ သိရသည်။ ပဲခူးတိုင်းဒေသကြီးတွင် ၂၀၁၇ ခုနှစ်၌ လူတစ်သိန်းလျှင် ၂၂၃ ဦး ရှာဖွေတွေ့ရှိခဲ့သည်။ တီဘီရောဂါ ဆေးကုသအောင်မြင်နှုန်းအနေဖြင့် ၈၆ ဒသမ ၅ ရာခိုင်နှုန်းသာရှိကြောင်းသိရသည်။ **တင်စိုး(ပဲခူး)**

# စုပေါင်းသန့်ရှင်းရေး လှုပ်ရှားမှု လှိုင်ကော်မြို့၌ပြုလုပ်

**လှိုင်ကော် မတ် ၂၆**

'သန့်ရှင်းခေတ်မီ ရှေ့သို့ချီ' စုပေါင်းသန့်ရှင်းရေး လှုပ်ရှားမှုကို လှိုင်ကော်မြို့ သီရိမင်္ဂလာတောင်တော် တောင်ကွဲစေတီ၌ မတ် ၂၄ ရက် နံနက် ၈ နာရီက ပြုလုပ်ရာ ကယားပြည်နယ် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့ပေါ်ရပ်ကွက်များမှ ပြည်သူလူထုများ စုစုပေါင်း အင်အား ၅၀၀ ခန့် အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်ကြသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT) သည် လူမှုအကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ 'သန့်ရှင်းခေတ်မီ ရှေ့သို့ချီ' အစီအစဉ်ဖြင့် သဘာဝပတ်ဝန်းကျင် သန့်ရှင်းရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေး လှုပ်ရှားမှု အစီအစဉ်တစ်ရပ်ကို ကယားပြည်နယ်အပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်များအားလုံးတွင် MPT's Myamar in Our Heart "Clean Up Campaing" ကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ကယားပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနနှင့် မြန်မာ့ဆက်သွယ်ရေး လုပ်ငန်း(MPT)တို့ ပူးပေါင်း၍ ကယားပြည်နယ်၌ ပြည်နယ်အတွင်းရှိ ပြည်သူများ ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများအပေါ် အာရုံစူးစိုက်လာစေရန်၊ စွန့်ပစ်ပစ္စည်းများကြောင့် ဖြစ်ပေါ်လာသည့် ညစ်ညမ်းမှုများ၊ ဘေးအန္တရာယ်များ သိရှိစေရန်၊ ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်ပျက်စီးမှု ဆိုးကျိုးများ မဖြစ်စေရေးအတွက် စွန့်ပစ်ပစ္စည်းများ စနစ်တကျစွန့်ပစ်လာစေရန် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရမည်ဆိုသည့် အသိစိတ်ဓာတ်များ နိုးကြားလာစေရန်နှင့် ဒေသခံပြည်သူများအတွက် သန့်ရှင်းလှပသော ပတ်ဝန်းကျင်ဖြစ်ပေါ်လာစေရန် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**



# ကုန်စည်ပို့ဆောင်မှုနှင့် သွားလာမှု လွယ်ကူစေရေး ပြည်တွင်းရေကြောင်းမှ အရှုံးခံပြေးဆွဲ

**ဖျာပုံ မတ် ၂၆**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးစီးဌာနသည် ခရီးသည်များ သက်သောင့်သက်သာ သွားလာနိုင်ရန်နှင့် ကုန်စည်များ ပို့ဆောင်ရာတွင် အပျက်အစီး အလေအလွင့်နည်းပါးပြီး စျေးနှုန်းနည်းပါးစွာဖြင့် သယ်ယူနိုင်ရန် တစ်နိုင်ငံလုံးတွင် ရေယာဉ်လိုင်းပေါင်း ၂၀ ခန့်ဖြင့် ပို့ဆောင်ပြေးဆွဲလျက်ရှိသော်လည်း ရေယာဉ်လိုင်းအားလုံးလိုလိုတွင် အရှုံးပေါ်လျက်ရှိနေသည်ဟု သိရသည်။

ရန်ကုန်အခြေပြု ရေကြောင်း ပို့ဆောင်ရေး မြစ်ဝကျွန်းပေါ်ဌာနခွဲအနေဖြင့်လည်း ဧရာဝတီတိုင်းဒေသကြီးအတွင်းတွင် တစ်ချိန်က ဝင်ငွေအလွန်ကောင်းခဲ့သည့် ပုသိမ်-လပွတ္တာ-ဖျာပုံ၊ ဘိုကလေးစသည့် ရေယာဉ်လိုင်းများသည်ပင် အရှုံးပေါ်သဖြင့် ရေယာဉ်လိုင်းပိတ်ထားရကြောင်း မြစ်ဝကျွန်းပေါ်ဌာနခွဲမှ တာဝန်ရှိသူတစ်ဦးက မတ် ၂၅ ရက်က ပြောသည်။

မြစ်ဝကျွန်းပေါ်ဌာနခွဲ၏ ပို့ဆောင်ရေးလုပ်ငန်းများအနက်အမြတ်ရပြီး ဝင်ငွေအကောင်းဆုံး လုပ်ငန်းမှာ ပန်းဆိုးတန်း(ရန်ကုန်)-ဒလ ချယ်ရီကူးတို့များနှင့် ဝါးတန်း(ရန်ကုန်)-ဒလ ကားကူး ဇက်ရေယာဉ်လုပ်ငန်းများဖြစ်ကြောင်း ဒလမြို့နယ် ရေကြောင်းပို့ဆောင်ရေးရုံးမှ တာဝန်ရှိသူ တစ်ဦးက ပြောသည်။

**အောင်ဝင်း(ဖျာပုံ)**

## မှုခင်းအသိပညာပေးမှုများ ဆောင်ရွက်

**ချောက်**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် ဝွေးပင်ကွက်သစ်မကွေး-ကျောက်ပန်းတောင်း-မန္တလေးလမ်း၌ မတ် ၂၆ ရက် နံနက် ၈ နာရီက ချောက်မြို့နယ် ဝွေးပင် ရဲစခန်းစခန်းမှူးရဲအုပ်ဝင်းရွှေနှင့်အဖွဲ့သည် ဆိုင်ကယ်စီးဦးထုပ်မဆောင်းသူများအား စစ်ဆေးအရေးယူခြင်း၊ ယာဉ်မောင်းများ၊ ခါးပတ်ပတ်၍ ယာဉ်မောင်းရန် ပညာပေးခြင်း၊ ကားရပ်လျှင် လမ်းဘေးချရပ်ရန် ပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ထွန်းလှိုင်(မြိုင်)**

........................................

**ဒဂုံမြို့သစ်(ဆိပ်ကမ်း)**

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်အတွင်း မှုခင်းကျဆင်းရေးနှင့် သက်ငယ်မုဒိမ်းမှုများ ပပျောက်ရေးအသိပညာပေး ဟောပြောခြင်းကို (၈၈) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ မတ် ၂၄ ရက် ညနေ ၆ နာရီက ကျင်းပရာ မြို့မရဲတပ်ဖွဲ့စခန်းမှ (ခေတ္တ)စခန်းမှူး ရဲအုပ်ဝင်းကိုက ဒေသခံ ပြည်သူများအား အသိပညာပေးဟောပြောကြောင်း သိရသည်။ **၅၁၂**

........................................

**ကျောက်တံတား**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် အမှတ် (၁) ရပ်ကွက် မဟာဗန္ဓုလလမ်း မြို့တော်ခန်းမရှေ့၌ မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် ကျောက်တံတားမြို့နယ် ရဲတပ်ဖွဲ့ရဲမှူးတင်ဝင်း၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု (၆) မှ တပ်ကြပ်ကြီး ဇော်မိုးလွင်၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ မူးယစ်တပ်ဖွဲ့စု (၄၂) မှ တပ်ကြပ်ကြီး စန်းသိန်းဦး၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ တပ်ဖွဲ့စု (၄၁) မှ ဒုရဲအုပ်မျိုးရန်နိုင်လွင်တို့ ပူးပေါင်း၍ မှုခင်းကျဆင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးခြင်းတို့ ဆောင်ရွက်ရာ စုစုပေါင်း ၂၅၀ ခန့် လာရောက်လေ့လာကြရာ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **၁၁၈**

........................................

**ဒေးဒရဲ**

သက်ငယ်မုဒိမ်းနှင့် မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲ အခမ်းအနားကို ဒေးဒရဲမြို့နယ် အကယ်ချောင်းဝကျေးရွာ၊ အခြေခံပညာအထက်တန်းကျောင်း၌ မတ် ၂၅ ရက် မွန်းလွဲပိုင်းက ကျင်းပခဲ့သည်။

ဖျာပုံခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ထွန်းရွှေ၊ မြို့နယ် အမျိုးသမီးရေရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဇင်မာထွန်း၊ မွန်မြတ်နှလုံးသား လူမှုကူညီရေးအသင်းဥက္ကဋ္ဌ ဒေါ်နီနီမိုး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းဝင်းနှင့် သံဒိဇီးဖြူကုန်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးဇော်ဇော်လင်းတို့က တရားဥပဒေစိုးမိုးရေး၊ မုဒိမ်းမှုနှင့် သက်ငယ်မုဒိမ်းမှုအပါအဝင် မှုခင်းလျှော့နည်းကျဆင်းရေးဆိုင်ရာများ ဟောပြောခဲ့ကြောင်း သိရသည်။ **သပြေထွန်း**

# ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းနှင့် Smile Asia Medical Mission တို့ ပူးပေါင်း၍ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲကလေးများအား အခမဲ့ခွဲစိတ်ကုသမှုပေး

**တောင်ကြီး မတ် ၂၆**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ကြီးမှူး၍ ကမ္ဘောဇအုပ်စု ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာ ဖောင်ဒေးရှင်း(BFM) နှင့် Smile Asia Medical Mission တို့ ပူးပေါင်း၍ မွေးရာပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ဝေဒနာရှင် ကလေးများအတွက် အခမဲ့ခွဲစိတ်ကုသမှု ဖွင့်ပွဲ အခမ်းအနားကို ရှမ်းပြည်နယ် တောင်ကြီးမြို့ ရှိ အမျိုးသမီးနှင့် ကလေးအထူးကုဆေးရုံကြီး တွင် မတ် ၂၅ ရက် နံနက်က ကျင်းပသည်။

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာလင်း ထွဋ်က အဖွင့်အမှာစကား ပြောကြားပြီးနောက် မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူ သံအမတ်ကြီး Ms. Venessa Chan ကလည်း ဂုဏ်ပြုအမှတ် တရစကားများပြောကြားခဲ့ပြီး ကမ္ဘောဇ အနာဂတ်အလင်းတန်းမြန်မာ ဖောင်ဒေးရှင်း ၏ဥက္ကဋ္ဌ ကမ္ဘောဇဘဏ်၏ DY CEO II ဖြစ်သူ ဒေါ်နန်းလိုင်းခမ်းက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် တာဝန်ရှိသူများ၊ ကမ္ဘောဇအုပ်စု ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းမှ Mission ဖြစ်မြောက်ဖို့ အစမှအဆုံး အဘက်ဘက်က ဝိုင်းဝန်းကူညီသူ များအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြား၍ အခမ်းအနားကို ရုတ်သိမ်းပြီး နောက် တက်ရောက်လာသူများက လူနာရှင် များနှင့် လူနာများကိုလိုက်လံကြည့်ရှု အားပေး စကားပြောကြသည်။

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်း ထွဋ်၊ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူ သံအမတ်ကြီး Ms.Venessa Chan၊ ပြည်နယ်ပြည်သူ့ ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန် ရှိသူများ၊ တောင်ကြီးမြို့ အမျိုးသမီးနှင့် ကလေးအထူးကုဆေးရုံ၏ ဆေးရုံအုပ်ကြီး ဒေါက်တာဇော်မြင့်နိုင်၊ ဆရာဝန်နှင့် သူနာပြု များ၊ ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်းနှင့် Volunteers များ တက်ရောက်ခဲ့ကြသည်။

အခမဲ့ခွဲစိတ်ကုသမှုအစီအစဉ်ကို မတ် ၂၄ ရက်မှ ၃၁ ရက်အထိ ပြုလုပ်သွားမည်ဖြစ်ကာ ပြည်နယ်နှင့်တိုင်းဒေသကြီး ၁၂ ခုမှ ရှမ်း၊ လီဆူး၊ ပလောင်၊ ပအိုဝ်း၊ ကချင်၊ ကရင်၊ ကယား၊ ရခိုင်၊ ဗမာနှင့် ချင်းလူမျိုးများ ပါဝင်သော ကလေး ငယ်ဦးရေ ၁၂၀ ကျော်၏ ဘဝများ ပြောင်းလဲ သွားစေရန် ကြိုးပမ်းဆောင်ရွက်ကြမည်ဖြစ် သည်။ ယခင်ခွဲစိတ်ကုသမှု သုံးကြိမ်တွင် မြန်မာ နိုင်ငံတစ်ဝန်းမှ ကလေးငယ် ၂၈၁ ဦးကို အောင်မြင်စွာ ခွဲစိတ်ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

စတုတ္ထအကြိမ်မြောက် ခွဲစိတ်ကုသမှုများ ကို Smile Asia အဖွဲ့မှ အမေရိကန်၊ အင်္ဂလန်၊ ဂျပန်၊ တရုတ်၊ စင်ကာပူ၊ မလေးရှား၊ ဖိလစ်ပိုင်၊ ဘူတန်နိုင်ငံတို့မှ ကျွမ်းကျင်ခွဲစိတ်ဆရာဝန် ကြီးများ၊ ဆေးဘက်ပညာရှင်များနှင့်အတူ မြန်မာနိုင်ငံမှ ကျွမ်းကျင်ခွဲစိတ်ဆရာဝန်ကြီး များနှင့် ဆေးဘက်ပညာရှင်များ ပူးပေါင်း၍ စနစ်တကျစမ်းသပ်စစ်ဆေး၍ ခွဲစိတ်ကုသမှု များ ဆောင်ရွက်သွားမည်ဖြစ်သည်။



ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာ ဖောင်ဒေးရှင်း(BFM)အနေဖြင့် လူနာများ ခွဲ စိတ်ကုသမှုခံယူနေစဉ် တစ်လျှောက်လုံး လူနာ များ၏ စာရင်းများကောက်ယူခြင်း၊ လူနာနှင့် မိသားစုအတွက် အသွားအပြန်ခရီးစရိတ်များ တာဝန်ယူပံ့ပိုးခြင်း၊ လူနာများနှင့် မိသားစုဝင် များအတွက် နေထိုင်စားသောက်ရေးများ စရိတ်ငြိမ်း အခမဲ့ စီစဉ်ပေးခြင်း၊ ကုသမှုခံယူ နေချိန်အတွင်း သွားရေးလာရေးအစဉ်ပြေ ချောမွေ့စေရန် မော်တော်ယာဉ်များစီစဉ်ပေး ခြင်းနှင့် ကမ္ဘောဇအုပ်စုမှ ဝန်ထမ်းများ၊ ကမ္ဘောဇ အနာဂတ်အလင်းတန်းမြန်မာ ဖောင်ဒေးရှင်းအဖွဲ့ဝင်များ၊ မိတ်ဆွေ သူငယ် ချင်းများမှ လုပ်အားဒါနပြုခြင်းတို့ကို တာဝန် ယူဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ကမ္ဘောဇ အနာဂတ်အလင်းတန်းမြန်မာ ဖောင်ဒေးရှင်းသည် နိုင်ငံအတွင်း လူမျိုး ဘာသာမရွေး၊ နေရာဒေသမရွေး ထိပ်ဆုံးမှ စဉ်ဆက်မပြတ် ပံ့ပိုးကူညီလှူဒါန်းပေးလျက် ရှိပြီး ဘာသာရေး၊ ပညာရေး၊ ကျန်းမာရေး စသည့် ကဏ္ဍမျိုးစုံတို့တွင် ယနေ့အထိ စုစု ပေါင်းကျပ်ငွေ ၁၃၈ ဘီလီယံကျော်ကို လှူဒါန်း ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ ၀၁၀

## လူထုဗဟိုပြုစီမံကိန်းငွေဖြင့် ဆောက်လုပ်သော ကျေးရွာခန်းမဆောင်ဖွင့်ပွဲကျင်းပ

**ဖရူဆို မတ် ၂၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်း၍ ကယားပြည်နယ် ဖရူဆိုမြို့နယ် လူထုဗဟိုပြု တတိယနှစ်စက်ဝန်းတွင် စီမံကိန်းထောက်ပံ့ ငွေဖြင့် ဆောင်ရွက်ခဲ့သော ထီးပေါ်ဆို ကျေးရွာအုပ်စု ဒေါကူးခူးကျေးရွာ ခန်းမ ဆောင်ဖွင့်ပွဲကို မတ် ၂၆ ရက် နံနက် ၁၀ နာရီက အဆိုပါ ကျေးရွာခန်းမဆောင်သစ်၌ ကျင်းပခဲ့ သည်။

ကယားပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်နယ်ဝန်ကြီး ဦးဘော့စ်ကိုနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုး တက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကျော် သူအောင်တို့က အမှာစကားပြောကြားပြီး ဒေါကူးခူးကျေးရွာမှ ရပ်မိရပ်ဖ ဦးမြာရယ်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ သည်။

အဆိုပါ ကျေးရွာခန်းမဆောင်သည် (၆၀× ၃၀×၁၅)ပေရှိပြီး လူထုဗဟိုပြုစီမံကိန်း တတိယနှစ်စက်ဝန်းတွင်စီမံကိန်းထောက်ပံ့ ငွေကျပ် ၉၉ သိန်းကျော်၊ ကျေးရွာပြည်သူ ထည့်ဝင်ငွေကျပ် ၃၆ သိန်းကျော်ဖြင့် ဆောင် ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဝတ်ရည်(မယ်စဲ့)**

# ရွှေကိုမလို ရေသာလိုသည့် ကျေးလက်ဒေသများ

**အေးအေးကြူ(ကျေးလက်ဦးစီး)**

ယခုအချိန်အခါသည် ဆောင်းအကုန် နွေအကူး ဆိုတဲ့ရာသီ ကူးပြောင်းနေတာကို ဥဩငှက်ကလေးတွေ က သက်သေတည်နေပါတယ်။ ပူပြင်းတဲ့ နွေရာသီကို ရောက်လာပြီဆိုရင် ရေရှားပါးတဲ့ဒေသတွေမှာ ရေက အဓိကလိုအပ်ပါတယ်။ ထမင်းအသက် ခုနစ်ရက်၊ ရေ အသက် တစ်မနက်ဆိုတဲ့ ဆိုရိုးစကားအတိုင်း ရေသည် သက်ရှိသက်မဲ့တို့ ရှင်သန်ရန် အာဟာရအတွက် မရှိ မဖြစ် လိုအပ်ပါတယ်။

တချို့ဒေသမှာရေကို မြင်နေရပေမယ့် သန့်ရှင်းသော သောက်သုံးရေ မရတာကို တွေ့ရှိရပါတယ်။ ကျွန်မ တာဝန်ကျတဲ့ ဧရာဝတီတိုင်းဒေသကြီး ကျေးရွာအချို့မှာ ပင်လယ်ဒေသနဲ့ နီးတဲ့အတွက် ရေချိုရရှိဖို့ ခက်ခဲပါ တယ်။ ဒါကြောင့်မို့ ကျေးလက်နေပြည်သူများ ကျန်းမာ သန့်ရှင်းရေး၊ အာဟာရပြည့်ဝစေရေးအတွက် စိုက်ပျိုး ရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာများတွင် တွင်းတိမ်၊ တွင်းနက်၊ လက်တူးတွင်းနဲ့ မြေသားရေကန် တွေ တူးဖော်ပေးခြင်း၊ စိမ့်စမ်းရေသွယ်၊ မိုးရေလှောင် ကန်၊ အုတ်ရေကန်များ ဆောင်ရွက်ပေးခြင်းအပြင် ရေ ရှားပါး ပြတ်လပ်သည့် နွေရာသီတွင် ကျေးရွာအရောက် ရေပေးဝေလျက်ရှိပါသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၄ ခု၊ နေပြည်တော် ကောင်စီနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများရှိ ကျေးရွာ များအနက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာ ပေါင်း ၁၉၅၈ ရွာ၌ တွင်းတိမ် ၁၅၄ တွင်း၊ တွင်းနက် ၃၆၁ တွင်း၊ လက်တူးတွင်း ၁၆၅ တွင်း၊ ရေကန် ၂၃၁ ကန်၊ စိမ့်စမ်း ၁၇၉ ခုနှင့် အုတ်ရေကန် ၉၄၉ ကန် စုစုပေါင်း ၂၀၃၉ ခုအား ဆောင်ရွက်နိုင်ခဲ့ပါသည်။

ပြည်သူ၊ ကျေးလက်၊ ယူနီဆက်တို့ ပူးပေါင်းပြီး ပြည်သူ လူထု အခြေပြု ရေမီတာသုံးပိုက်လိုင်း ရေပေးရေးစနစ် ဖြင့် အိမ်တိုင်ရာရောက် ရေသွယ်ခြင်းစနစ်ကိုလည်း ဆောင်ရွက်နေပါတယ်။ အိမ်တိုင်ရာရောက် ရေသွယ် စနစ် ဆောင်ရွက်လျက်ရှိသည့် ကျေးရွာဖြစ်သော ဘိုကလေးမြို့နယ်၊ မဂူကျေးရွာအုပ်စု၊ သမစိတ္တကျေးရွာ နေ ပြည်သူများ၏ ဝမ်းသာပီတိစကားသံများကိုလည်း ကြားခဲ့ရပါတယ်။

ဦးဝင်းစိုးက "ကျွန်တော်တို့ ကျေးရွာမှာ တပေါင်း၊ တန်ခူးနဲ့ ကဆုန်လတွေမှာ ရေအလွန်ရှားပါးပါတယ်၊ ရွာအနီးရှိမြစ်၊ ချောင်းရေကလည်း ရေချိုတစ်ဝက်၊ ရေငန် တစ်ဝက်နဲ့ဆိုတော့ ကျွန်တော်တို့အတွက် ရေအခက် အခဲရှိခဲ့ပြီး အခုအိမ်တိုင်ရာရောက် ရေသွယ်ပေးလို့ သောက်သုံးရေဖူလုံပါတယ်"

ဆက်လက်၍ ဦးအောင်သင်းက "နွေရာသီကာလ ဖြစ်တဲ့အတွက် မြစ်ရေကလည်း ရေချိုတစ်ဝက် ရေငန် တစ်ဝက်နဲ့ဆိုတော့ သောက်ရေအတွက် သမ္ဗန်နဲ့ အခြား ရွာကို သွားရောက် ရေခပ်ရပါတယ်၊ အခုဆိုရင် ကျေးလက်ဦးစီးဌာနမှ ပြုလုပ်ပေးတဲ့ အိမ်တိုင်ရာ ရောက် ရေမီတာသုံးပိုက်လိုင်း ရေပေးရေးစနစ်ဖြင့် အလွယ်တကူရေရရှိပြီး အချိန်ကုန်သက်သာ၍ သန့်ရှင်း တဲ့ရေရရှိတဲ့အတွက် ဝမ်းသာပါတယ်" ဟု ပြောသည်။

ကျေးရွာရေပေးဝေရေး ကော်မတီဝင်ဖြစ်သည့် ဦးမြတ်မင်းကျော်ကလည်း "ယခင်က ကျွန်တော်တို့ မိသားစုအတွက် လိုအပ်တဲ့ရေကို သွားရောက် မခပ် နိုင်တဲ့အတွက် ကျောက်စည်နှစ်လုံးကို ကျပ် ၅၀၀ နဲ့ ဝယ်ယူရပါတယ်၊ မြစ်နဲ့ဝေးတဲ့အိမ်တွေဆို ကျပ် ၁၅၀၀ နဲ့ ဝယ်ယူရတဲ့အတွက် အချိန်ကုန်ငွေကုန်ဖြစ်ခဲ့တယ်၊ အခုလိုအိမ်တိုင်ရာရောက် ရေပိုက်လိုင်းများ သွယ်တန်း ပြီး ရေမီတာများတပ်ဆင်ပေးတဲ့အတွက်တစ်ယူနစ်လျှင် ရေဖိုး ကျပ် ၂၀၀ နဲ့ ရေစည်လေးလုံး (ရေဂါလန် ၂၂၀) ရရှိတဲ့အတွက် ကျေးရွာသူ ကျေးရွာသားများအတွက် သောက်သုံးရေဖူလုံတဲ့အပြင် အချိန်ကုန်ငွေကုန်သက် သာပြီး ကောက်ခံရငွေကို ကျေးရွာအမည်နှင့် ဘဏ်မှာ စာရင်းရှင် ဖွင့်လှစ်ပြီး ရေပိုက်လိုင်းများ၊ ရေစက်ရုံများ ပြုပြင်မွမ်းမံရန် လိုအပ်ပါက ပြုပြင်မွမ်းမံရန်နှင့် ကျေးရွာ အတွက် လိုအပ်သည့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု ပြောကြားခဲ့သည်။

ကျေးရွာသူတစ်ဦးဖြစ်သည့် ဒေါ်ကြည်ခင်က "ကျွန်မ တို့ရွာအတွက် အခုလိုဆိုလာ ရေပေးရေးစနစ်ဖြင့် အိမ် တိုင်ရာရောက် ရေသွယ်ခွင့်ရတာ အိပ်မက်မက်နေ သလားလို့တောင် ထင်မိပါတယ်" ဟု ဆိုသည်။



သောက်သုံးရေဖူလုံသည့်အတွက် အတိုင်းမသိဝမ်း သာမိပါတယ်ဆိုသည့် ရွှေကိုမလိုရေကိုလိုနေသည့် ဘိုကလေးမြို့နယ် သမစိတ္တကျေးရွာသူ၊ ကျေးရွာသား များ၏ ဝမ်းသာပီတိစကား သံများကို မှဒိတာပွားနိုင်စေ ရန် ရေးသားတင်ပြလိုက်ရပါသည်။ ။

## နှစ် ၂၀ ကြာ အားပေးလာခဲ့တဲ့ ပရိသတ်တွေနဲ့ ချာတေးဟွန် တွေ့ဆုံ



တောင်ကိုရီးယားမင်းသား ချာတေးဟွန်ဟာ ပြီးခဲ့တဲ့ မတ် ၂၄ ရက်မှာတော့ ပရိသတ်တွေနဲ့ တွေ့ဆုံပွဲကျင်းပခဲ့ပြီး အနုပညာသက်တမ်းနှစ် ၂၀ အတွင်း လက်ခံအားပေးခဲ့ကြတဲ့ သူ့ရဲ့ပရိသတ်တွေနဲ့ ရင်းရင်းနှီးနှီးတွေ့ဆုံခဲ့တာဖြစ်ကြောင်း ဟန်စင်းနီးမားဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။ အဆိုပါတွေ့ဆုံပွဲဟာ ချာတေးဟွန်ရဲ့ မွေးနေ့ပွဲလည်း ဖြစ်ခဲ့ရပါတယ်။ ပရိသတ်တွေက မင်းသားအတွက် မွေးနေ့ကိတ်ကို ပြင်ဆင်ပေးခဲ့ပြီး မွေးနေ့ အတူဆင်နွှဲခဲ့ကြကာ ဓာတ်ပုံတွေလည်း တွဲဖက်ရိုက်ကူးခဲ့ကြပါတယ်။ ဒါ့အပြင် ချာတေးဟွန်က ပရိသတ်တွေကို အမှတ်တရလက်ဆောင်တွေပေးခဲ့ပြီး ညစာအတူစားခဲ့ကြတယ်လို့လည်း သိရပါတယ်။



## ၇၁ နှစ်ပြည့်မွေးနေ့ကို ဆင်နွှဲခဲ့တဲ့ အယ်လ်တွန်

တေးဂီတအိုင်ကွန်တစ်ဦးဖြစ်သူ တေးသံရှင် အယ်လ်တွန်ဟာ လတ်တလောမှာတော့ အသက် ၇၁ နှစ်ပြည့်ခဲ့ပြီဖြစ်ပါတယ်။ သူ့ရဲ့မွေးနေ့မှာတော့ မိသားစုဝင်တွေနဲ့ ခင်မင်ရင်းနှီးသူတွေက မွေးနေ့ဆုတောင်းတွေ ပေးပို့ခဲ့ကြပါတယ်။ လက်ရှိမှာ အီတလီကိုရောက်ရှိနေတဲ့ တေးသံရှင်က သူရရှိခဲ့တဲ့ မွေးနေ့လက်ဆောင်တွေအနက် အသက် ခုနစ်နှစ်နဲ့ ငါးနှစ်အရွယ် သားဖြစ်သူတွေ ပေးပို့ခဲ့တဲ့ မွေးနေ့လက်ဆောင်တွေကို သူ့ရဲ့အင်စတာဂရမ်စာမျက်နှာပေါ်ကနေ တစ်ဆင့် ထုတ်ဖော်ပြသခဲ့ပါတယ်။ သားလေးတွေက သူ့ဆီကို ကိုယ်တိုင်လက်နဲ့ပန်းချီဆွဲထားတဲ့ ပို့စ်ကတ်လေးတွေ ပေးပို့ခဲ့ကြတာလည်း ဖြစ်ပါတယ်။



## ဝင်ငွေအားလုံး မိခင်ကို အပ်လေ့ရှိကြောင်း လီဒါဟေးဖွင့်ဟ

တောင်ကိုရီးယားရဲ့ နာမည်ကျော်မင်းသမီးတစ်ဦးဖြစ်တဲ့ လီဒါဟေးက လတ်တလောမှာ ပြုလုပ်ခဲ့တဲ့ ရုပ်သံအစီအစဉ်ရဲ့ အင်တာဗျူးတစ်ခုမှာတော့ သူဟာ ရရှိခဲ့သမျှ ဝင်ငွေတွေကို မိခင်ကို အကုန်အပ်လေ့ရှိကြောင်း ထုတ်ဖော်ပြောကြားလာခဲ့တာပါ။ ဒါ့အပြင် လီဒါဟေးက သူ့မှာ ကိုယ်ပိုင်ဘဏ်အမည်စာရင်း မရှိခဲ့ကြောင်းလည်း ဖွင့်ဟခဲ့ပါတယ်။

ပြီးခဲ့တဲ့ မတ် ၂၅ ရက်မှာ ပြုလုပ်ခဲ့တဲ့ အင်တာဗျူးမှာ လီဒါဟေးက သူနဲ့ မိခင်ဖြစ်သူတို့ရဲ့ ဆက်ဆံရေးနဲ့ပတ်သက်ပြီး ထုတ်ဖော်ပြောကြားခဲ့တာဖြစ်ပါတယ်။ လီဒါဟေးရဲ့အဆိုအရ သူနဲ့ မိခင်ဖြစ်သူတို့ဟာ သူငယ်ချင်းတွေလို ဆက်ဆံရေးမျိုးရှိကြောင်း သိရပါတယ်။ ဒါ့အပြင် မင်းသမီးက သူ့အနေနဲ့ မိခင်ဖြစ်သူကို ပိုမိုနူးညံ့မှုတွေ မပေးခဲ့တဲ့အတွက် တောင်းပန်ပါကြောင်းလည်း ရင်ဖွင့်ခဲ့ပါတယ်။

လီဒါဟေးက ချစ်သူဖြစ်တဲ့ ကေပေ့ါပ်ကြယ်ပွင့် se7en နဲ့ပတ်သက်ပြီးလည်း ဖြေကြားခဲ့ပါတယ်။ ကိုယ်ပိုင်မိသားစုဘဝတည်ဆောက်ဖို့ စိတ်ကူးနဲ့ပတ်သက်ပြီး မေးမြန်းခဲ့ရာမှာတော့ အလေးအနက်စဉ်းစားနေကြောင်းလည်း ရင်ဖွင့်ခဲ့ကြောင်း သိရပါတယ်။

## ပါ့ခ်လန်းပစ်ခတ်မှုအတွင်း သေဆုံးခဲ့ရသူတွေကို မီလီဘော်ဘီဘရောင်း အမှတ်တရဂုဏ်ပြု

ကလေးသရုပ်ဆောင်တစ်ဦးမှသည် ထူးချွန်သရုပ်ဆောင်တစ်ဦးအဖြစ်ပါ အနုပညာရပ်ဝန်းမှာ နေရာရလာခဲ့တဲ့ သရုပ်ဆောင်မင်းသမီး မီလီဘော်ဘီဘရောင်းဟာ လတ်တလောမှာ ကျင်းပခဲ့တဲ့ "Kids' Choice Awards" ဆုပေးပွဲကို တက်ရောက်ခဲ့ရာမှာတော့ ပြီးခဲ့တဲ့လအတွင်း ဖြစ်ပွားခဲ့တဲ့ ပါ့ခ်လန်းအထက်တန်းကျောင်း ပစ်ခတ်တိုက်ခိုက်ခံရမှုအတွင်း သေဆုံးခဲ့ရတဲ့သူတွေရဲ့ အမည်တွေကို အကျီပေါ်မှာ ရေးသားဖော်ပြခဲ့ကာ အမှတ်တရဂုဏ်ပြုခဲ့တာဖြစ်ပါတယ်။

မီလီဘော်ဘီဘရောင်းဟာ သေနတ်နဲ့ပစ်ခတ်တိုက်ခိုက်ခံခဲ့ရမှုမှာ အသက်ပေးသွားခဲ့ရတဲ့ ကျောင်းသား ၁၇ ဦးရဲ့အမည်တွေကို ဆုပေးပွဲကို ဝတ်ဆင်လာတဲ့အကျီရဲ့ နောက်ကျောမှာ ရေးသားဖော်ပြ ဝတ်ဆင်ခဲ့တာဖြစ်ပါတယ်။ ဒါ့အပြင် အဆိုပါတိုက်ခိုက်မှုအပြီးမှာ အထက်တန်းကျောင်းသားတွေက လက်နက်ထိန်းချုပ်မှုအတွက် လှုပ်ရှားဖို့ ဖွဲ့ထားတဲ့အဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "Never Again"ရဲ့ အမည်ကိုလည်း အကျီရဲ့ရှေ့မှာ ရေးသားဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။

ရုပ်သံဇာတ်လမ်းတွဲဖြစ်တဲ့ "Stranger Things"ရဲ့ ဇာတ်ဆောင်မင်းသမီး မီလီဘော်ဘီဘရောင်းဟာ ယခုနှစ်ရဲ့ "Kids' Choice Awards"ဆုပေးပွဲမှာ အကောင်းဆုံးရုပ်သံ သရုပ်ဆောင်ဆုကို ဆွတ်ခူးနိုင်ခဲ့ပါတယ်။ ဒီလိုထူးချွန်ဆုရရှိခဲ့တဲ့အတွက် သူ့ရဲ့ ပရိသတ်တွေကို ကျေးဇူးအထူးတင်ရှိကြောင်းလည်း ဆုလက်ခံရယူအပြီး အမှတ်တရစကားပြောကြားစဉ်မှာ မီလီဘော်ဘီဘရောင်းက ထည့်သွင်းပြောကြားခဲ့တယ်လို့လည်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။



## ရုပ်သံဇာတ်လမ်းတွဲမှာ ခေါင်းဆောင်မင်းသမီးအဖြစ် ပါဝင်သွားမယ့် ဘိုနာ



ကေပေ့ါပ်ကြယ်ပွင့်တစ်ဦးအဖြစ်မှသည် သရုပ်ဆောင်နယ်ပယ်ဘက်ကိုခြေချလာတဲ့ ဘိုနာဟာ လတ်တလောမှာတော့ ရုပ်သံဇာတ်လမ်းတွဲတစ်ခုမှာ ခေါင်းဆောင်မင်းသမီးအဖြစ် ပါဝင်သွားမှာဖြစ်ကြောင်း သိရပါတယ်။ ယခင်က ဇာတ်လမ်းတွဲအတိုလေးတွေမှာသာ ပါဝင်ခဲ့ပေမယ့် ဒီတစ်ကြိမ်မှာတော့ ဇာတ်လမ်းတွဲအရှည်မှာ ပါဝင်ခဲ့ခြင်းဖြစ်ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

ဘိုနာရဲ့ ဇာတ်လမ်းတွဲသစ်ကတော့ "Your House Helper"လို့အမည်ရပြီး KBS ရုပ်သံလိုင်းက ရိုက်ကူးထုတ်လွှင့်သွားမှာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ မတ် ၂၆ ရက်မှာတော့ အဆိုပါရုပ်သံဇာတ်လမ်းတွဲသစ်မှာ ဘိုနာပါဝင်သွားမယ့်အကြောင်းကို အနုပညာအသိုင်းအဝိုင်းက စတင်ထုတ်ဖော်လာခဲ့တာဖြစ်ပြီး နောက်ပိုင်းမှာတော့ အေဂျင်စီကပါ အတည်ပြုပြောကြားခဲ့ပါတယ်။

"Your House Helper"မှာ ဘိုနာ ပါဝင်သွားမယ့် ဇာတ်ကောင်ကတော့ လင်နာယောင်း ဖြစ်ပြီး သူဟာ အောင်မြင်တဲ့ ကြော်ငြာထုတ်လုပ်သူတစ်ဦး ဖြစ်ချင်တဲ့ ဆန္ဒ ပြင်းပြနေသူဖြစ်ပါတယ်။ ဘိုနာနဲ့ တွဲဖက်ကာ မင်းသား ဟာဆပ်ဂျင်က ခေါင်းဆောင်ပါဝင်သွားမှာဖြစ်ပြီး လာမယ့် ဇွန်လအတွင်း စတင်ထုတ်လွှင့်သွားဖို့ရာ ရည်ရွယ်ထားကြောင်းလည်း သိရပါတယ်။

အေးပြည့် - စုစည်းသည်

## Kids' Choice Awards ဆုပေးပွဲမှာ ထူးချွန်ဆုရရှိခဲ့တဲ့ BTS



တောင်ကိုရီးယားရဲ့ ကမ္ဘာကျော်ပေ့ါပ်တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "BTS"ဟာ ကမ္ဘာလုံးဆိုင်ရာတေးဂီတထူးချွန်ဆုကို လက်တလောမှာလည်း ထပ်မံရရှိခဲ့ပါတယ်။ ဒီတစ်ကြိမ်မှာတော့ "Kids' Choice Awards"ဆုပေးပွဲကြီးမှာ အနှစ်သက်ဆုံး ကမ္ဘာလုံးဆိုင်ရာ တေးဂီတကြယ်ပွင့်ဆုကို ဆွတ်ခူးနိုင်ခဲ့တာဖြစ်ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ မတ် ၂၄ ရက်မှာ ပြုလုပ်ခဲ့တဲ့ အဆိုပါဆုပေးပွဲမှာတော့ "BTS"ဟာ ကမ္ဘာလုံးဆိုင်ရာ တေးဂီတထူးချွန်ဆုတစ်ဆုကို ထပ်မံရရှိခဲ့တာဖြစ်ပါတယ်။ ယင်းဆုပေးပွဲမှာ အစီအစဉ်တင်ဆက်သူအဖြစ် ပါဝင်ခဲ့သူကတော့ အားကစားကြယ်ပွင့်တစ်ဦးဖြစ်တဲ့ ဂျွန်စီနာ ဖြစ်ပါတယ်။ သရုပ်ဆောင်တစ်ဦးလည်းဖြစ်တဲ့ ဂျွန်စီနာက သူဟာ "BTS" ရဲ့ ပရိသတ်တစ်ဦးဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီးဖြစ်ရာ အဆိုပါဆုပေးပွဲမှာတော့ သူ့ရဲ့အနှစ်သက်ဆုံးသော အဖွဲ့ဝင်အမည်ကိုလည်း ထုတ်ဖော်ပြောကြားလာခဲ့ပါတယ်။

ဒီလိုထူးချွန်ဆုကို ရရှိခဲ့ပေမယ့် "BTS"ကတော့ ဆုတက်ရောက်လက်ခံနိုင်ခဲ့ခြင်း မရှိပါဘူး။ ဒီလိုတက်ရောက်နိုင်ခြင်း မရှိခဲ့ပေမယ့် အဆိုပါထူးချွန်ဆုကို ရရှိခဲ့ခြင်းဟာ "BTS"အတွက်တော့ အလွန်ကို ဝမ်းမြောက်ဂုဏ်ယူစရာ ဖြစ်ခဲ့ရပါတယ်။ အကြောင်းကတော့ "BTS"ဟာ အဆိုပါဆုကို ကမ္ဘာကျော်တေးသံရှင်တွေဖြစ်ကြတဲ့ တေလာဆွစ်၊ လော်ဒီ၊ သယ်ဗမ့်ပ်၊ ဇာရာလာဆန်၊ ဘလက်ကော်ဖီတို့လို တေးသံရှင်တွေနဲ့ အပြိုင်ဆန်ခါတင်စာရင်းဝင်ခဲ့ရင်းက ဆွတ်ခူးနိုင်ခဲ့တာကြောင့် ဖြစ်ပါတယ်။

# တနင်္သာရီတိုင်းဒေသကြီးတွင် ခရီးသွားနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဟောပြောပွဲကျင်းပ

**ကော့သောင်း မတ် ၂၆**
ခရီးသွားနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဟောပြောပွဲနှင့် ပိတ်ပွဲအခမ်းအနားကို မတ် ၂၅ ရက် ညနေပိုင်းက ကော့သောင်းမြို့ ဗစ်တိုရီးယားကလစ် ဟိုတယ်ခန်းမ၌ ကျင်းပသည်။

ခရီးသွားနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဟောပြောပွဲကျင်းပရာ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း တွဲဖက်အတွင်းရေးမှူး ဦးစိုးမြင့်က Benefits of Sustainable Coastal Tourism ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးက ရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်၍ဆောင်ရွက်ရမည့်လုပ်ငန်းအဆင့်ဆင့်၊ ဥပဒေဆိုင်ရာ သိသင့်သည်များ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ရုံးလုပ်ငန်းပိုင်း၊ ကုမ္ပဏီများတည်ထောင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း၊ မြိတ်တက္ကသိုလ် အဏ္ဏဝါသိပ္ပံဌာန ပါမောက္ခဒေါက်တာနန်းမြဟန်က Export Marine Resources as Valued Added Products in Tourism Business and Conservation needs for marine Resources ခေါင်းစဉ်ဖြင့်လည်းကောင်း၊ OIKOS အဖွဲ့မှ Mr.Paul Rodger က ခရီးသွားလုပ်ငန်းဖွံ့ဖြိုးလာမှုနှင့် ကောင်းကျိုး၊ ဆိုးကျိုးများအကြောင်း အသီးသီးဟောပြောကြကြောင်း သိရသည်။

အခမ်းအနားသို့ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဒေါ်လဲ့လဲ့မော်၊ တိုင်းဒေသကြီး သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမြင့်မောင်၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးတင့်သွင်၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦး၊ တိုင်းဒေသကြီးနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပွဲတော်ကျင်းပရေးကော်မတီဝင်များ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများမှ ကိုယ်စားလှယ်များ၊ ခရီးသွားလုပ်ငန်းအဖွဲ့အစည်းများမှ ဧည့်သည်တော်များ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်များ၊ အလှူရှင်များ တက်ရောက်ကြသည်။

**ကျော်စိုး(ကော့သောင်း)**





## ကချင်ပြည်နယ်တွင် ကျောက်မျက်ရတနာပြပွဲဖွင့်လှစ်

**မြစ်ကြီးနား မတ် ၂၆**
ကချင်ပြည်နယ် ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(မြစ်ကြီးနား)မှကြီးမှူး၍ ပထမအကြိမ်မြောက် ကျောက်မျက်ရတနာပြပွဲ ဖွင့်လှစ်ခြင်းအခမ်းအနားကို မတ်၂၆ ရက် နံနက် ၉ နာရီက မြစ်ကြီးနားမြို့ စီတာပူရပ်ကွက် စက်မှုနယ်မြေရှိ ကျောက်မျက်ရတနာ အချောထည် အရောင်းပြခန်းမှုခ်ဦး၌ ကျင်းပသည်။

အဆိုပါ ပထမအကြိမ်မြောက် ကျောက်မျက်ရတနာပြပွဲ ကျင်းပမှုနှင့်ပတ်သက်၍ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း၊ အရောင်းပြပွဲကျင်းပရေးကော်မတီ ဒုတိယဥက္ကဋ္ဌ(၂)ဦးညဏ်သိန်းက "ကျောက်မျက်ရတနာ အရောင်းပြပွဲကို မတ်၂၆ ရက်မှ ၃၀ ရက်အထိ ကျင်းပသွားမှာပါ၊ ကျောက်မျက်အတွဲပေါင်း ၅၀၀ ကျော်ကို ခင်းကျင်းပြသထားပါတယ်၊ ခင်းကျင်းထားတဲ့ ကျောက်မျက်အတွဲတွေကို ကြမ်းခင်းဈေး သိန်း ၂၀ သတ်မှတ်ထားကာ အများဆုံးပေးနိုင်သူကို ရောင်းချပေးသွားမှာဖြစ်ပြီး နိုင်ငံတော်ကို အခွန် ၁၅ ရာခိုင်နှုန်း၊ ပြပွဲကျင်းပရေးကော်မတီကို နှစ်ရာခိုင်နှုန်းပေးဆောင်ရမှာဖြစ်ပြီး လုပ်ငန်းရှင်များက ပြည်တွင်းမည်သည့်နေရာမြို့များကိုမဆို သယ်ဆောင်ခွင့်ရရှိရေး ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်၊ အခုခင်းကျင်းထားတဲ့ ကျောက်အမျိုးအစားတွေကတော့ (C,D) အဆင့် ကျောက်တွေပါ၊ ပြည်တွင်းပြည်ပက ကျောက်မျက်လုပ်ငန်းရှင်တွေလွတ်လပ်စွာဝယ်ယူခွင့်ရရှိအောင် နံနက် ၉ နာရီကနေ ညနေ ၆ နာရီအထိ သုံးရက်ပြသသွားပြီး မတ် ၂၉ ရက်နဲ့ မတ် ၃၀ ရက်တွေမှာ အိတ်ဖွင့် လေလံစနစ်နဲ့ ရောင်းချပေးသွားမှာဖြစ်ပါတယ်" ဟု ရှင်းလင်းပြောကြားသည်။

အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်တွင်းပြည်ပမှ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များ တက်ရောက်ကြောင်း သိရသည်။

**ဦးလေးကြီး**



## ချင်းတွင်းသကြ်ၤန် ရေကစားကွင်းတွင် ရေပန်းများတပ်ဆင်

**မုံရွာ မတ် ၂၆**
စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ချင်းတွင်းမြစ်ကမ်းသဲသောင်ပြင်တွင် ပထမအကြိမ်ကျင်းပမည့် ချင်းတွင်းသကြ်ၤန်တွင် Dry zone၊ Play zone၊ Wet zone နှင့် Send Sulpture တို့ ပါဝင်ပြီး ပြင်ဆင်မှုလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိရာ ရေကစားဇုန်ဖြစ်သော Wet zoneတွင် ရေကစားသူများအပူရှိန်ခံစားမှု လျှော့ချပေးနိုင်ရန်အတွက် ရေပန်းများ တပ်ဆင်ပေးထားကြောင်းသိရသည်။

"ရေကစားတဲ့အချိန်မှာ သောင်ပြင်မှာဆိုတော့ အပူရှိန်များတဲ့အတွက် ရေကစားတဲ့သူတွေ အပူရှိန်သက်သာအောင်လို့ ရေကစားဖို့ သတ်မှတ်ပေးထားတဲ့ အချိန်အတွင်းမှာ ရေပန်းတွေနဲ့ အမြဲတမ်းဖျန်းပေးထားမယ်၊ ရေပက်တဲ့ စင်တွေကလည်း သတ်သတ်ပါဦးမယ်၊ ကလေးတွေကစားဖို့အတွက်က Wet zone ကွင်းတွင်းကို ရေပေးဖို့အတွက် မြစ်အတွင်းကရေကို ရေသွယ်မြောင်းကနေ စက်ကြီးတွေနဲ့ စုပ်ယူတဲ့အခါမှာ ရေစီးလာမယ် အဲဒီ ရေစီးအရှိန်ကို ကလေးတွေ ဘောကွင်းနဲ့ စီးလို့ရအောင်စီစဉ်ပေးထားမယ်၊ ရေလွှာလျှောစီးတာ၊ ကလေးတွေအတွက်တစ်ခုပါမယ်၊ လူကြီးတွေအတွက် တစ်ခုပါမယ်၊ အချိန်မီပြီးစီးဖို့အတွက်ကို အရှိန်အဟုန်နဲ့ လုပ်ဆောင်နေပါတယ်၊ ဒီဇုန်မှာ လာရောက်ရေကစားကြတဲ့ပြည်သူတွေ စိတ်ချမ်းသာစေရမယ်လို့ အာမခံပါတယ်" ဟု wet zone ကွင်းတွင် ရေရရှိရေးကို လုပ်ကိုင်ပေးသူ အောင်မြသန်းရေယာဉ်အုပ်စုမှ ဦးမျိုးဝင်းက ပြောသည်။

ပထမအကြိမ်ကျင်းပမည့် ချင်းတွင်း သကြ်ၤန်တွင် ပါဝင်သော wet zome အတွင်းရှိ တစ်ဦးချင်း၊ အဖွဲ့လိုက် ရေကစားနိုင်ရန် စီစဉ်ပေးထားသော ပေ ၅၀၀×၁၅၀ ပတ်လည်တွင် နေပူရှိန်ကို လျှော့ချပေးနိုင်ရန်အတွက် ရေပန်းကြီး ၂၈ ခုကို ချင်းတွင်းသကြ်ၤန်ကျင်းပသည့် ကွင်းတစ်ခုလုံး၏ ရေရရှိရေးကို လုပ်ကိုင်ပေးသူ အောင်မြသန်းရေယာဉ်အုပ်စုမှ တပ်ဆင်ပေးထားကြောင်း သိရသည်။

**ဝင်းဦး(ဖေယျာတိုင်း)**

## ကျောက်ဆည်မြို့နယ်အတွင်းရှိ ကျေးရွာများပိုမိုဖွံ့ဖြိုးရေးဆွေးနွေး

**ကျောက်ဆည် မတ် ၂၆**
မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်အတွင်းရှိ ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော မြစိမ်းရောင်စီမံကိန်းလုပ်ငန်းများ ပိုမိုအောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မတ် ၂၅ ရက် နံနက် ၁၀ နာရီက ရပ်ကွက်၊ ကျေးရွာ မြစိမ်းရောင်စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ကော်မတီဝင်များနှင့် မြို့နယ်ကော်မတီဝင်များ တွေ့ဆုံဆွေးနွေးခဲ့သည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးရဲမင်းထွန်းက စီမံကိန်းလုပ်ငန်းများ အောင်မြင်စေရေးအတွက် ရပ်ကွက်၊ ကျေးရွာ ကော်မတီဝင်များ အနေဖြင့် စီမံကိန်းမူဘောင် စည်းမျဉ်းစည်းကမ်းများကို ပြည်သူများအား ပွင့်လင်းမြင်သာစွာ ချပြဆွေးနွေးသွားကြရန် ရှင်းလင်းဆွေးနွေးပြီး မြို့နယ်စီမံကိန်း ကော်မတီဥက္ကဋ္ဌကိုယ်စား ဒုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်က စီမံကိန်း၏ ရည်ရွယ်ချက်များနှင့် စီမံကိန်းဆောင်ရွက်ရာတွင် အခက်အခဲများရှိပါက ပွင့်လင်းစွာ တင်ပြဆွေးနွေးသွားရန် ပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်အတွင်း စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကော်မတီဝင်များမှ ကျေးရွာအလိုက် ဆောင်ရွက်ထားသည့် လုပ်ငန်းအခြေအနေများကို အသီးသီးတင်ပြဆွေးနွေးကြရာ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဌာန ယာယီ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးသူဇာလှ(နည်းပညာ)က တင်ပြဆွေးနွေးကြသည့် အချက်အလက်များအပေါ် မူတည်ကာ လုပ်ငန်းများ ကောင်းမွန်ချောမွေ့စွာ အောင်မြင်စေမည့်အကြောင်းအရာများကို ဖြည့်ဆည်းပြီး ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သက်မောင်**

## မြစ်ကြီးနားတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး သင်တန်းဖွင့်

**မြစ်ကြီးနား မတ် ၂၆**
ကချင်ပြည်နယ် မြစ်ကြီးနားမြို့ လယ်ကုန်းရပ်ကွက်ရှိ ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ မတ် ၂၆ ရက် နံနက် ၈ နာရီက လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးစီမံခန့်ခွဲမှု (Human Resources)နှင့် (Monitorinm & Evaluation) သင်တန်းဖွင့်ပွဲ ကျင်းပသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန (နေပြည်တော်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးနိုင်အောင်က သင်တန်းဖွင့် အမှာစကားပြောကြားရာတွင် ဌာနတွင်း ဝန်ထမ်းများ အရည်အသွေး တိုးတက်မြင့်မားနေမှသာလျှင် ဝန်ကြီးဌာနနှင့် ပြည်နယ်အစိုးရအဖွဲ့တို့၏ လမ်းညွှန်ချက်များဖြစ်သည့် ကျေးလက်နေပြည်သူများ၏ လိုအပ်ချက်များအား ဖြည့်စွမ်းပေးနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ကချင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးတင်နုက ကချင်ပြည်နယ်အတွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဝန်ကြီးဌာနနှင့် ပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်ချက်များအတိုင်း ကျေးလက်သောက်သုံးရေရရှိရေး၊ လျှပ်စစ်မီးလင်းရေး၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍတို့တွင် လိုအပ်သည့် အဆောက်အအုံ၊ လမ်း၊ တံတားများ ဆောက်လုပ်ပေးနိုင်မှု၊ မြစိမ်းရောင် အရင်းမပျောက်မတည်ရန်ပုံငွေဖြင့် ကျေးလက်နေပြည်သူများ၏ ဝင်ငွေတိုးပွားရေးလုပ်ငန်းများ လုပ်ဆောင်ပေးနိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။

သင်တန်းသို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(နေပြည်တော်)မှ တာဝန်ရှိသူများက လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးစီမံခန့်ခွဲမှု (Human Resources) နှင့် (Monitoring & Evaluation) သင်ခန်းစာများ ပို့ချဆွေးနွေးခဲ့သည်။ သင်တန်းသို့ ဌာနတွင်း ဝန်ထမ်း ၅၄ ဦး တက်ရောက်ကြောင်း သိရသည်။

**သူရိန်စိုး (ကချင်မြေ)**

## (၇၃) နှစ်မြောက် တပ်မတော်နေ့ကိုကြိုဆိုဂုဏ်ပြု ဇေယျာသီရိမြို့နယ်တွင် ဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲကျင်းပ

**နေပြည်တော် မတ် ၂၆**
ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ကျွန်းရောင်းကျေးရွာအုပ်စု ရွှေပေးကျေးရွာ ဘုန်းတော်ကြီးကျောင်း ယဉ်ကျေးလိမ္မာသင်တန်း၌ မတ် ၂၆ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။ ဟောပြောပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဒေါ်မြစန်းရီက တပ်မတော်နေ့အကြိုဟောပြောပွဲ၊ နံရံကပ်စာစောင်များခင်းကျင်းပြသရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကာ 'သမိုင်းဝင်တပ်မတော်' ခေါင်းစဉ်ဖြင့် ဟောပြောခဲ့သည်။

ယင်းနောက် မြို့နယ်ဦးစီးမှူး ဒေါ်မြစန်းရီက တပ်မတော်နေ့ဖြစ်ပေါ်လာပုံအဆင့်ဆင့်ကိုရှင်းလင်းဟောပြောပြီး ယဉ်ကျေးလိမ္မာသင်တန်းရှိ ကျောင်းသား ကျောင်းသူများနှင့် ပြသထားသော နံရံကပ်စာစောင်များကို ကြည့်ရှုကာ ကလေးငယ်များ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြားရှင်းလင်းပေးခဲ့သည်။

အဆိုပါဟောပြောပွဲသို့ ကျေးရွာအတွင်းရှိ ကျေးလက်နေပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူ ကလေးငယ်များ စုစုပေါင်း ၁၇၀ ခန့်တက်ရောက်ခဲ့ပြီး တက်ရောက်လာသူများအား (၇၃) နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် လက်ကမ်းစာစောင်များဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ထွန်းလင်း(ပြန်/ဆက်)**

# လှေလာစရာများနှင့် အမရပူရမြို့



**အမရပူရ မတ် ၂၆**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်သည် လှေလာစရာနေရာများစွာ၊ စိတ်ဝင်စားဖွယ်ရာနေရာများစွာ၊ ရှေးဟောင်းစေတီပုထိုးများစွာနှင့် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များစွာအပြင် ထင်ရှားကျော်ကြားသော နေရာများစွာလည်း တည်ရှိနေသည်။ ထို့ပြင် အမရပူရ ရက်ကန်းလုပ်ငန်းများကိုလည်း လေ့လာနိုင်သည်။ အမရပူရမြို့သည် ကုန်းဘောင်ခေတ်က မင်းနေပြည်တော် နှစ်ကြိမ်ဖြစ်ခဲ့ဖူးသည့်မြို့ဖြစ်သည်။ အမရပူရမြို့၏ အဓိပ္ပာယ်မှာ မရ=သေခြင်း၊ အမရ=မသေခြင်း၊ ပူရ=မြို့ ဖြစ်သောကြောင်း “မသေသောမြို့”၊ ထို့ကြောင့် သေခြင်း ကင်းသောမြို့တော်၊ တစ်မြို့လုံးနီးပါး ရက်ကန်းစင်များနှင့် ရက်ကန်းအတတ်ပညာများ ထွန်းကားသောကြောင့် ရက်ကန်းမြို့တော်၊ မန္တလေးမြို့ တောင်ဘက်အခြမ်းတွင် ရှိသောကြောင့် တောင်မြို့ဟုလည်း လူသိများသည်။

အမရပူရ ပထမမြို့တည် နန်းတည် ဘိုးတော်ဘုရား (ခ) ဗဒုံမင်းတရားသည် မြန်မာသက္ကရာဇ် ၁၁၄၄ ခုနှစ် တပို့တွဲလဆန်း ၇ ရက်နေ့တွင် မြို့တော်၊ ကျုံးတော်၊ ရွှေနန်းတော်၊ ရွှေဂူတော်၊ ကျောင်းတော်၊ ပိဋကတ်တိုက်တော်၊ ကန်တော် ခုနစ်ဌာနတို့ကို တစ်ပြိုင်တည်း တည်ထားခဲ့သည်ဟု ဆိုသည်။ နန်းမြို့သည် လေးထောင့်ကျကျရှိရာ လေးဖက်လေးတန်တွင် မြို့ထောင့်စေတီတော် တည်ထားပြီး ယနေ့တိုင် ဖူးမြော်နိုင်သည်။

အမရပူရမြို့တွင် မြို့ထောင့်စေတီလေးဆူ အပါအဝင် ထင်ရှားကျော်ကြားသောနေရာများနှင့် လေ့လာစရာနေရာများမှာ ကမ္ဘာကျော် ဦးပိန်တံတားနှင့် တောင်သမန်အင်း၊ ကမ္ဘာ့ပထမဦးဆုံး ကျောက်စိမ်းစေတီတော်၊ တောင်မင်းကြီးဘုရား၊ ပုထိုးတော်ကြီး၊ တောင်သမန်ကျောက်တော်ကြီးဘုရား၊ တောင်မင်းကြီးဘုရား၊ ရွှေဂူကြီးဘုရား၊ သံသေခာတ်လုံး ၂၇ လုံးဖြင့် သွန်းလုပ်ခဲ့သည့် သံသေကပ်ကျော်ဘုရား၊ မဟာဂန္ဓာရုံကျောင်းတော်ကြီး၊ အမရပူရဗားကရာကျောင်းတော်ကြီး၊ အမရပူရရွှေတိုက်တော်၊ ငွေတိုက်တော်၊ ရွှေကြက်ယက်၊ ရွှေကြက်ကျဘုရား၊ ရတနာ့ဂူဘုရား၊ အခြားရှေးဟောင်းစေတီပုထိုးများနှင့် သမိုင်းဝင်ယဉ်ကျေးမှုအမွေအနှစ်များစွာ တည်ရှိနေခြင်းကြောင့် မြန်မာလူမျိုးများအတွက် ဂုဏ်ယူစရာနေရာအဖြစ် တည်ရှိနေသည်။

ယခုအခါတွင် အမရပူရမြို့နယ်ရှိ ကမ္ဘာကျော် ဦးပိန်တံတားနှင့် တောင်သမန်အင်းသို့ မြန်မာနိုင်ငံအနှံ့အပြားမှ လာရောက်လည်ပတ်သည့် ခရီးသွားများသာမက ကမ္ဘာလှည့်ခရီးသွားများပါ အထူးဆွဲဆောင်လျက်ရှိသောနေရာတစ်ခု ဖြစ်သည်။

အမရပူရမြို့တွင် မန္တလေး-စစ်ကိုင်း ကားလမ်းမ ဘေး၌တည်ရှိသော ဆောင်းဒါးရက်ကန်းသင်တန်းကျောင်းကို ၁၉၁၄ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး မျိုးဆက်သစ်များအား ရက်ကန်းပညာများ ယနေ့တိုင် အဆက်မပြတ် မွေးထုတ်ပေးလျက်ရှိသည်။ ထို့ကြောင့် ရက်ကန်းပညာရှင် အများအပြား ပေါ်ထွန်းခဲ့သောမြို့လည်းဖြစ်သည်။ အဆိုပါ ရက်ကန်းသင်တန်းကျောင်းမှ ရက်ကန်းပညာများ အဆက်မပြတ် သင်ကြားပေးလျက်ရှိပြီး တစ်မြို့လုံးနီးပါး ရက်ကန်းစင်များနှင့် ပိုးထည်၊ ချည်ထည် လုပ်ငန်းများ၊ ဆေးဆိုးလုပ်ငန်းများလည်း လေ့လာနိုင်သည်။ အမရပူရဒေသထွက် ပိုးထည်၊ ချည်ထည်ပစ္စည်းများအား မြန်မာနိုင်ငံအနှံ့အပြားသို့ တင်ပို့ရောင်းချလျက်ရှိသည်။

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်တွင် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ၊ ထင်ရှားကျော်ကြားသောနေရာများ၊ ရှေးဟောင်းစေတီပုထိုးများ၊ ခေတ်အဆက်ဆက် ထိန်းသိမ်းလာသော ရိုးရာရက်ကန်းလုပ်ငန်းများကို လာရောက်လေ့လာနိုင်ကြောင်း သိရသည်။

**သန်းဇော်မင်း(မြန်/ဆက်)**

## မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော ၂၀၁၈ ခုနှစ် မတ် ၉ ရက်မှ ၁၅ ရက်အထိ တစ်ပတ်အတွင်းထွက်ရှိသော စာအုပ်စာရင်း

| စဉ် | စာအုပ်အမည် | စာရေးသူ | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၁ | နေ့စဉ် အဆုံးအမစကား(ပထမတွဲ) | ဓမ္မဒူတအရှင်ဆေကိန္ဒ | ၁၂၀၀ | စာပေရတနာ |
| ၂ | နေ့စဉ် အဆုံးအမစကား(ဒုတိယတွဲ) | ဓမ္မဒူတအရှင်ဆေကိန္ဒ | ၁၂၀၀ | စာပေရတနာ |
| ၃ | သံမဏိလိပ်ပြာ | စိုးသိဏ်း | ၅၀၀၀ | ဘဝတက္ကသိုလ် |
| ၄ | စာကြည့်တိုက်ကလေးကဗျာများ | သော်ဇင်အုန်း | ၁၅၀၀ | စိတ်ကူးချိုချို |
| ၅ | လူနှင့်ကိုယ်ကျင့်၊ ကိုယ်ကျင့်နှင့် သိက္ခာ၊ သိက္ခာနှင့်လူ | မနွယ်(ကလော) | ၁၅၀၀ | မျိုးဆက်သစ် |
| ၆ | အချစ်အကြောင်းမပါတဲ့ အချစ်ဝတ္ထု | မောင်နိုင်လင်း (ကောလင်း) | ၁၅၀၀ | ယဉ်မျိုး |
| ၇ | ဆွန်ဇု(သို့မဟုတ်) ဆွန်ဇီ၏ စစ်ပညာကျမ်း | ဒုတိယဗိုလ်မှူးကြီး သန်းအေး(ငြိမ်း) | ၁၀၀၀ | မြဝတီစာပေ |
| ၈ | လူကောင်းများ၏ မသိစိတ်မှ ဘက်လိုက်ခြင်းနှင့် စိတ်ပိုင်း ဆိုင်ရာ တွေးစရာဆောင်းပါးများ | ကျွန်း | ၂၀၀၀ | Global အလင်း |
| ၉ | ချစ်ခဲ့သော၊ ချစ်မိသော၊ ချစ်ခဲ့ ဖူးသော၊ ချစ်လှစွာသော ယောကျ်ားများ | မြပါးရ် | ၃၀၀၀ | the book house |
| ၁၀ | စာပေဖန်တီးသူများနဲ့ အမေးအဖြေ | ကြည်မွေ့အိမ် | ၂၇၀၀ | စိတ်ကူးချိုချို |
| ၁၁ | ကလေးများဖတ်ဖို့ မိတ်ဆွေ အပေါင်းအသင်းပုံပြင်များ | တီချယ်လှိုင် | ၁၇၀၀ | စိတ်ကူးချိုချို |
| ၁၂ | ငွေနှင့် မိန်းမ | နှစ်ဖက်လှဦးကျော်လွင် | ၄၀၀၀ | စာနဒီ |
| ၁၃ | ယသော်ဓရာမျက်ရည် | ဝဏ္ဏသီရိအရှင် | ၂၀၀၀ | ဉာဏ်စာပေ |
| ၁၄ | ဗုဒ္ဓနုဿတိ ကြီးကိုးကြီး အဓိဋ္ဌာန်ကျင့်စဉ်နှင့် ကိုယ်တွေ့ ဖြစ်ရပ်များ | တက္ကသိုလ် တင်ဟန်ကျော် | ၁၅၀၀ | စိတ်ကူးချိုချို |
| ၁၅ | အမှောင်ခေတ်မှ ချစ်သူများ | ကျော်အောင် | ၃၀၀၀ | နှစ်ကာလများ |
| ၁၆ | ဖိလစ်ပိုင်နိုင်ငံရဲ့ သမိုင်းထဲက ဒူတာတေး | ရဲဦး | ၂၀၀၀ | စိတ်ကူးချိုချို |
| ၁၇ | ငွေကြေးပညာရှင်မဟုတ်သူ မန်နေဂျာများအတွက် ငွေကြေးပညာ | ရဲညွန့် (မဟာဝိဇ္ဇာ-ဒိုင်ဆက်) | ၂၅၀၀ | တူဒေး |
| ၁၈ | အခွင့်ထူးခံလိုသူများနှင့် အတွေးအမြင်စာစုများ | မိုးတိမ်ညို | ၁၅၀၀ | အလင်းသစ် |
| ၁၉ | ဘဝစိန်ခေါ်မှုများနှင့် ရှင်သန် ရခြင်း | ဝဏ္ဏသီရိအရှင် | ၃၀၀၀ | ဉာဏ်စာပေ |
| ၂၀ | ဆူးများနှင့် နှင်းဆီ | ရန့်သိုက် | ၂၀၀၀ | မျိုးဆက်သစ် |
| ၂၁ | Beyond the world | Htet Wa Na | ၄၀၀၀ | journalist |
| ၂၂ | မြားနတ်အာဏာရှင် | မေသွန်းခေတ် | ၅၀၀၀ | ချစ်စံဝင်း |
| ၂၃ | မြန်မာနိုင်ငံရှိ မြွေအမျိုးမျိုး အကြောင်းနှင့် မြွေဆိုး အန္တရာယ် ကာကွယ်ရေးလမ်းညွှန် | ပဥ္စလက်ကိုနိုင် | ၂၀၀၀ | ဧပရယ်ဦး |
| ၂၄ | အမျိုးသား၊ အမျိုးသမီးရေးဆွဲနည်း | ကာတွန်းဝင်းမောင် | ၃၀၀၀ | မျိုးဆက်သစ် |
| ၂၅ | စွယ်စုံသုတ အင်္ဂလိပ်စာ-၃ အရှေ့ပိုင်းနိုင်ငံများ | ဘဝသစ်ဦးအောင်ကျော် | ၄၀၀၀ | တူဒေး |
| ၂၆ | I Gave My life for Thee | San Shwe Bow | ၄၀၀၀ | စိတ်ကူးချိုချို |
| ၂၇ | ကမ္ဘာပတ်လည်ပုံပြင်ဖတ်မယ်(၁) | မိုးဇော်စိုး | ၁၅၀၀ | ဧပရယ်ဦး |
| ၂၈ | လူမျိုးလည်းပြုန်း တိုင်းပြည်လည်းဆုံး | ငွေတာရာ(မြန်မာပြန်) | ၅၀၀၀ | စိတ်ကူးချိုချို |
| ၂၉ | နှစ်ယောက်လမ်းခေတ်ပေါ်ကဗျာ | ဝေယု၊ ဝိုင်ချို | ၂၀၀၀ | နှစ်ကာလများ |
| ၃၀ | အံ့ဆိုင်းခဲ့သောနှစ်များနောက် | မောင်နန္ဒ | ၂၀၀၀ | နှစ်ကာလများ |
| ၃၁ | ပင်လယ်ငွေဆောင် | ခင်အောင်အေး | ၂၀၀၀ | နှစ်ကာလများ |
| ၃၂ | မြို့ပြဝတ်ဆံ ကဗျာ(၈)ပုဒ် | ရင်နီ | ၂၀၀၀ | ဆိပ်ကမ်းသာ |
| ၃၃ | ဟောင်ကောင်နွေဦးညများ | ကျော်အောင် | ၄၀၀၀ | Smart စာပေ |
| ၃၄ | သိအောင်စာဖတ်ရတယ် | မောင်သာနိုး | ၂၈၀၀ | စိတ်ကူးချိုချို |
| ၃၅ | ဘာရီရယ်လစ်ဇင်မော်ဒန်ပန်းချီ လှုပ်ရှားမှုများ | လှိုင်ဘွား | ၂၅၀၀ | စိတ်ကူးချိုချို |
| ၃၆ | အပြုသဘော အတွေးစွမ်းအား | မြသင်းကြည် | ၁၂၀၀ | ခုနစ်စင်ကြယ် |
| ၃၇ | လာလေ စောစောသွားမှနေရာရမည် | ကျောင်းကုန်းဉာဏ်မှူး | ၂၅၀၀ | ယဉ်မျိုး |
| ၃၈ | ဆုတောင်းကောင်းနဲ့ လာတဲ့သူ | လရောင်ကျူးရင့် | ၃၀၀၀ | ပတ္တမြားစာပေ |
| ၃၉ | ဘုန်းကြီးနားလေးတစ်ပါး၏ဘဝ ကောက်ကြောင်း တစေ့တစောင်း | အရှင်ပညာသီရိ | ၂၅၀၀ | ဓမ္မခေါင်းလောင်း |
| ၄၀ | ၂၀၁၈ ကဗျာနေ့အမှတ်တရကဗျာများ | ကလောင်စုံ | ၂၅၀၀ | နှစ်ကာလများ |
| ၄၁ | ကမ္ဘာ့ကဗျာနေ့၂၁ မတ်-၂၀၁၈ | ကလောင်စုံ | ၂၀၀၀ | နှစ်ကာလများ |
| ၄၂ | ရှေ့ဆုံးကလူဝတ္ထုတိုများ | မောင်သစ်ဆင်း | ၃၀၀၀ | နှစ်ကာလများ |
| ၄၃ | အန္တတို့ရဲ့ သုခဘုံ | ဝေယံဘုန်း | ၄၅၀၀ | ငါတို့စာပေ |
| ၄၄ | မိမိကိုယ်ကိုသတ်သေသူများ | ဒေါက်တာမတင်ဝင်း | ၁၅၀၀ | နန့်ချစ်ကြည် |
| ၄၅ | မြန်မာနိုင်ငံရေးပန်းချီထဲက ဒေါ်အောင်ဆန်းစုကြည် | မောင်ဆန်းကြည် | ၆၅၀၀ | ကိုနေမန်းစာပေ |
| ၄၆ | သက်တန့်၏ရေသောက်မြစ်များ | ချင်းတွင်း၊ ငဖေလ၊ လူသစ် | ၂၅၀၀ | နေရီရီ |
| ၄၇ | မခမ်းနားသောအလွမ်းအိပ်မက်များ | မိုးကျော် | ၂၀၀၀ | နေရီရီ |
| ၄၈ | မြန်မာ့ဒီမိုကရေစီပုံစံသစ်အထင်ကရ ဖြစ်ရပ်များ | နှောင်ရဲဦး | ၃၀၀၀ | လထက်နေစာပေ |



# ရှမ်းပြည်နယ်အတွင်းရှိ တောင်သူလယ်သမားများအား လယ်ယာသုံး စက်ကိရိယာများ ပေးအပ်

**တောင်ကြီး မတ် ၂၆**
စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး နှစ်ဆင့်ချေးငွေ စီမံကိန်း (JICA, Two Step Loan) ချေးငွေဖြင့် ဝယ်ယူသည့် စက်ကိရိယာများအား ရှမ်းပြည်နယ်အတွင်းရှိ တောင်သူလယ်သမားများသို့ ပေးအပ်ပွဲကို မတ် ၂၄ ရက် နံနက်ပိုင်းက တောင်ကြီးမြို့နယ် အေးသာယာဂေါက်ကလပ် အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) ချေးငွေအထောက်အပံ့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်မှ တောင်သူ ၃၀ အား စက်မျိုးစုံ အစီး ၃၀ အတွက် ငွေကျပ် သန်း ၁၃၀၅၈ ဒသမ ၅၀ ဖြင့် ထုတ်ချေးခွင့်ရရှိပြီး ရှမ်းပြည်နယ်အတွက် မင်္ဂလာရှိပါကြောင်း၊ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသောနိုင်ငံဖြစ်၍ နိုင်ငံ၏လူဦးရေ ၆၀ ရာခိုင်နှုန်းမှာ လယ်ယာလုပ်ငန်း လုပ်ကိုင်သူများဖြစ်ပြီး စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးအထောက်အကူပြုလုပ်ငန်းများကို ပံ့ပိုးကူညီဆောင်ရွက်ရန် တိုင်းပြည်အတွက် အရေးတကြီးလိုအပ်ကြောင်း၊ ယခုထောက်ပံ့ပေးသည့် (JICA)ချေးငွေသည် လယ်ယာကဏ္ဍအတွက် လယ်ယာသုံးစက်ကိရိယာများဖြစ်သော လက်တွန်းထွန်စက်၊ လယ်ထွန်စက်၊ ရိတ်သိမ်းခြွေလှေ့စက်များ၊ ဝန်တင်ထော်လာဂျီများ ဝယ်ယူရန်နှင့် လယ်ယာကိုအခြေခံသော စီးပွားရေးလုပ်ငန်းများအတွက် ဆန်စက်၊ ဆီစက်၊ စားသောက်ကုန် ထုတ်လုပ်သည့်စက်၊ စက်ရုံ၊ သိုလှောင်ရုံများ တည်ဆောက်မွမ်းမံခြင်းတို့အတွက် ထုတ်ချေးပေးမည်ဖြစ်၍ ထုတ်လုပ်မှုအဆင့်တိုင်းနှင့် Value Added Product တိုးတက်အောင် ထောက်ပံ့ပေးသည့် ချေးငွေဖြစ်ကြောင်း၊ (JICA, Two Step Loan) ချေးငွေမှာ တောင်သူများအတွက်ရော မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် နိုင်ငံ့အတွက်ပါ အကျိုးရှိသော ချေးငွေဖြစ်ရန်အတွက် ဆောင်ရွက်စေလိုကြောင်း ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ချေးငွေဖြင့်ဝယ်ယူမည့် တောင်ကြီး၊ ညောင်ရွှေ၊ ကလော၊ ပင်းတယ၊ ကျောက်မဲ၊ သီပေါ၊ နောင်ချိုမြို့နယ်တို့မှ တောင်သူများလက်ဝယ်သို့ လယ်ယာသုံးစက်ကိရိယာများကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်ဝန်ကြီးများ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်စံလွင်နှင့် ဦးဆောင်ညွှန်ကြားရေးမှူး တို့က အသီးသီးပေးအပ်ကြပြီး လယ်ယာသုံး စက်ကိရိယာများကို ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# ပထမအကြိမ် အခြေခံပညာကျောင်းပေါင်းစုံ ခရိုင်အလိုက် ဘော်လီဘောပြိုင်ပွဲတွင် တောင်ပိုင်းခရိုင်အသင်း ဗိုလ်စွဲ

**ရန်ကုန် မတ် ၂၆**
ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးနှင့် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် ပထမအကြိမ် အခြေခံပညာကျောင်းပေါင်းစုံ ခရိုင်အလိုက် ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲကို ယမန်နေ့နံနက်ပိုင်းက ဒဂုံမြို့သစ်(မြောက်ပိုင်း) မိုးလုံလေလုံ အားကစားရုံ၌ကျင်းပရာ တောင်ပိုင်းခရိုင် အမျိုးသားနှင့် အမျိုးသမီးအသင်း ဗိုလ်စွဲခဲ့သည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဘော်လီဘောဆပ်ကော်မတီဥက္ကဋ္ဌ ဦးအေးထွန်းက အမှာစကားပြောကြားသည်။ ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဘော်လီဘောအသင်း အောင်နိုင်ရေးနှင့် စားစရိတ်၊ ဘော်လီဘောအားကစားလေ့ကျင့်ရေးစခန်းဖွင့်ပွဲနှင့် အခြေခံပညာကျောင်းပေါင်းစုံ ခရိုင်အလိုက် ဘော်လီဘောပြိုင်ပွဲအတွက် အလှူငွေများ လှူဒါန်းရာ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဘော်လီဘောဆပ်ကော်မတီဥက္ကဋ္ဌ ဦးအေးထွန်းက ပြိုင်ပွဲတစ်လျှောက် ကူညီဆောင်ရွက်ပေးသော ရန်ကုန်တိုင်းဒေသကြီး ဘော်လီဘောနည်းစနစ် အကြံပေးနည်းပြဆရာများ၊ ဆေးအဖွဲ့နှင့် ဒိုင်လူကြီးများအား ဂုဏ်ပြုဆုချီးမြှင့်သည်။

ဆက်လက်၍ ပြိုင်ပွဲတွင်ဆုရရှိကြသည့် အမျိုးသားပြိုင်ပွဲ၌ တတိယဆုရ အနောက်ပိုင်းခရိုင်အသင်း၊ ဒုတိယဆုရ အရှေ့ပိုင်းခရိုင်အသင်း၊ ပထမဆုရ တောင်ပိုင်းခရိုင်အသင်း၊ အမျိုးသမီးပြိုင်ပွဲ၌ တတိယဆုရ မြောက်ပိုင်းခရိုင်အသင်း၊ ဒုတိယဆုရ အနောက်ပိုင်းခရိုင်အသင်းနှင့် ပထမဆုရ တောင်ပိုင်းခရိုင်အသင်းတို့အား ရန်ကုန်တိုင်းဒေသကြီး ဘော်လီဘောဆပ်ကော်မတီဥက္ကဋ္ဌ ဦးအေးထွန်းနှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်း-ရဲရင့်ရှိုင်း**
**ဓာတ်ပုံ-ဖိုးသော်ဇင်**



**ရန်ကုန်တိုင်းဒေသကြီး ဘော်လီဘောဆပ်ကော်မတီဥက္ကဋ္ဌ ဦးအေးထွန်းက အမျိုးသမီးပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သည့် တောင်ပိုင်းခရိုင်အသင်းအား ဆုဖလားချီးမြှင့်စဉ်။**



# ကြာစီအောင်ကျေးရွာ၌ သောက်သုံးရေများ လှူဒါန်း

**ဘီးလင်း မတ် ၂၆**
ဘီးလင်းမြို့နယ် တောင်စွန်းနယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ် ဟန်တင့်ပါ ပူးပေါင်းတပ်ဖွဲ့ဝင်များသည် မတ် ၂၃ ရက် က သောက်သုံးရေရှားပါးသော ဝင်းကကျေးရွာအုပ်စု ကြာစီအောင်ကျေးရွာသို့ သွားရောက်၍ ရေလှူဒါန်းမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာသည် ပင်လယ်ကမ်းစပ်ကွင်းရွာဖြစ်ပြီး အိမ်ထောင်စု ၁၆၀ ခန့်နေထိုင်ကာ နှစ်စဉ် သောက်သုံးရေရှားပါးသည့်ဒဏ်ခံရသည့် ကျေးရွာဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ် ဂတ်ဖရိုင်းဒရစ်နှင့် MFF နှစ်ဦးသဘောတူလမ်းခွဲ

**ရန်ကုန် မတ် ၂၆**
မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာ့လက်ရွေးစင်အသင်း နည်းပြချုပ် ဂျာမနီနိုင်ငံသား ဂတ်ဖရိုင်းဒရစ်အား ၂၀၁၉ အာရှဖလားခြေစစ်ပွဲ အောင်မြင်အောင် စွမ်းဆောင်နိုင်ခြင်းမရှိသည့်အတွက် လမ်းခွဲလိုက်ပြီဖြစ်ကြောင်း သတင်းထုတ်ပြန်ခဲ့သည်။

ဂတ်ဖရိုင်းဒရစ်နှင့် လမ်းခွဲလိုက်သောကြောင့် မတ် ၂၇ ရက်တွင် သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားရမည့် အာရှဖလားခြေစစ်ပွဲ နောက်ဆုံးပွဲဖြစ်သည့် မကာအိုအသင်းနှင့်ပွဲတွင် မြန်မာ့လက်ရွေးစင် အသင်းနည်းပြချုပ်အဖြစ် ဦးဇော်ဝင်းထွန်းက ယာယီကိုင်တွယ်မည်ဖြစ်သည်။ အာရှဘောလုံးအဖွဲ့ချုပ်၏ နည်းပြလိုင်စင်သတ်မှတ်ချက်ကြောင့် 'အေ' လိုင်စင်ရထားသည့် ဦးဇော်ဝင်းထွန်းအား ယာယီနည်းပြချုပ်အဖြစ် တာဝန်ပေးခဲ့ခြင်းဖြစ်ပြီး ဦးကြည်လွင်က နည်းစနစ်ပိုင်းဆိုင်ရာ လမ်းညွှန်ပေးမည်ဖြစ်သည်။ ဂတ်ဖရိုင်းဒရစ်သည် မြန်မာ ယူ-၁၉ အသင်းကို ၂၀၁၀ ပြည့်နှစ်ဝန်းကျင်ကတည်းက ကိုင်တွယ်ခဲ့ပြီး ၂၀၁၅ ခုနှစ် အောက်တိုဘာတွင် မြန်မာ့လက်ရွေးစင်အသင်း နည်းပြချုပ် ဖြစ်လာခဲ့သည်။ ဂတ်ဖရိုင်းဒရစ်သည် မြန်မာ့လက်ရွေးစင်အသင်းကို နှစ်နှစ်ကျော်ကိုင်တွယ်ခဲ့သော်လည်း အောင်မြင်မှုကြီးကြီးမားမားမရသည့်အပြင် အဓိကပြိုင်ပွဲဖြစ်သည့် ၂၀၁၉ အာရှဖလားပြိုင်ပွဲတွင် ခြေစစ်ပွဲအောင်မြင်အောင် စွမ်းဆောင်နိုင်ခြင်းမရှိ၍ ကာဂျစ္စတန်နှင့်ပွဲအပြီးတွင် လမ်းခွဲခဲ့ခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် မတ် ၂၂ ရက်က တောင်ကိုရီးယားနိုင်ငံ၌ ယှဉ်ပြိုင်ကစားခဲ့သည့် ကာဂျစ္စတန်အသင်းနှင့် အာရှဖလားခြေစစ်ပွဲ ပြန်ကန်ပွဲတွင် ခြေပြတ်၊ ဂိုးပြတ်ရှုံးပြီး ခြေစစ်ပွဲအောင်မြင်ခွင့်ဆုံးရှုံးခဲ့ရကာ ရက်ပိုင်းအကြာမှာပင် နည်းပြချုပ် ဂတ်ဖရိုင်းဒရစ်နှင့် လမ်းခွဲခဲ့ခြင်းဖြစ်သည်။

ဂတ်ဖရိုင်းဒရစ်သည် မြန်မာ ယူ-၁၉ အသင်းကို ကိုင်တွယ်စဉ်က ထိုက်သင့်သည့်အောင်မြင်မှုရခဲ့ပြီး ၂၀၁၅ ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲ ဝင်ခွင့်ရအောင် စွမ်းဆောင်ပေးနိုင်ခဲ့သော်လည်း မြန်မာ့လက်ရွေးစင်အသင်းကို ကိုင်တွယ်ရာတွင် ၂၀၁၆ အာဆီယံဆူဇူကီးဖလား ပြိုင်ပွဲတွင်သာ ဆီမီးဖိုင်နယ်ရောက်ခဲ့ပြီး အခြားပြိုင်ပွဲများတွင် အောင်မြင်မှုမရခဲ့ပေ။ ထို့ပြင် ပြီးခဲ့သည့်နှစ်တွင် ၂၀၁၈ အာရှ ယူ-၂၃ ခြေစစ်ပွဲနှင့် ၂၀၁၇ ဆီးဂိမ်းပြိုင်ပွဲ ယှဉ်ပြိုင်ခဲ့သည့် မြန်မာ ယူ-၂၂ အသင်းကို ဂတ်ဖရိုင်းဒရစ် ကိုင်တွယ်ခဲ့သော်လည်း အောင်မြင်မှုရအောင် စွမ်းဆောင်နိုင်ခြင်းမရှိခဲ့ကြောင်း သိရသည်။



မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် ဂတ်ဖရိုင်းဒရစ်တို့ ချုပ်ဆိုထားသည့် စာချုပ်သက်တမ်းမှာ ယခုနှစ်ကုန်မှ ပြီးဆုံးမည်ဖြစ်သော်လည်း ကိုးလအလိုတွင် လမ်းခွဲခဲ့ခြင်း ဖြစ်သည်။

မြန်မာအသင်းသည် အာရှဖလားခြေစစ်ပွဲတွင် မကာအိုအသင်းနှင့် ကစားရန်ကျန်ရှိနေသော်လည်း ခြေစစ်ပွဲအောင်မြင်ရန် အရေးမပါတော့ဘဲ ဂုဏ်သိက္ခာအတွက်သာ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**

# ကိုယ်ဝန်ဆောင်ချိန် ခြေ၊ လက်တွေ ဘာကြောင့်ဖောင်းနေတာလဲ၊ ဒါကို ပုံမှန်ပြန်ဖြစ်အောင် ဘယ်လိုလုပ်ရမလဲ

Wathun Myat Chal

**ခြေထောက်တွေ ဘာကြောင့်ဖောင်းနေတာလဲ။ ဒါကို ပုံမှန်ပြန်ဖြစ်သွားအောင် ဘယ်လိုလုပ်ရမလဲ။**

သင်ကိုယ်ဝန်ဆောင်တဲ့ကာလ ဒုတိယမြောက် သုံးလမှာ ခြေထောက်တွေ ရောင်လာတာကြောင့် ဖိနပ်တွေကလည်း အနည်းငယ်ကျပ်လာတယ်လို့ စပြီး ခံစားရလာပါလိမ့်မယ်။ ဒါက အဆင်မပြေဖြစ်စေနိုင်ပေမယ့် အရောင်ကျသွားအောင် လုပ်ဖို့နဲ့ ပိုပြီးနေလို့ကောင်းအောင် လုပ်လို့ရနိုင်မယ့် နည်းလမ်းတွေ တော့ရှိပါတယ်။

**ကိုယ်ဝန်ဆောင်နေစဉ်မှာ ခြေချင်းဝတ်တွေနဲ့ ခြေဖမိုးတွေ ဘာကြောင့် အရမ်းကြီးရောင်ကိုင်းနေရတာလဲ**

သင်ခံစားနေရတာကို edema လို့ခေါ်ပါတယ်။ ဒါဟာသင့်ရဲ့တစ်သျှူးတွေထဲမှာအရည်ပိုတွေ စုမိလာတဲ့အချိန်မှာ ဖြစ်တတ်ပါတယ်။ ကိုယ်ဝန်ဆောင်အမျိုးသမီး လေးပုံသုံးပုံလောက်မှာ ကိုယ်ဝန်ပတ် ၂၂ ပတ်ကနေပြီး ၂၇ ပတ်လောက်အထိ Edema ဖြစ်တတ်ပါတယ်။ ကိုယ်ဝန်ဆောင်ကာလ တတိယ သုံးလထဲ ဝင်လာတဲ့အခါမှာ သင့်မှာ amniotic fluid တွေပိုနေရင် သို့မဟုတ် အမြွှာကိုယ်ဝန်ဆောင်ထားရင် edema က ပိုဆိုးလာနိုင်ပါတယ်။ နေ့ဘက်တွေ အဆုံးသတ်ချိန်နဲ့ နွေရာသီတွေမှာ ပိုပြီးရောင်လာနိုင်ပါတယ်။ မွေးပြီးချိန်မှာတော့ ခြေထောက်ရောင်တာတွေ ကျသွားပါလိမ့်မယ်။ ဒီလိုရောင်ရမ်းခြင်းအားလုံးဟာ သင့်ခန္ဓာကိုယ်က အရည်တွေကို စုဆောင်းပြီး သင်နဲ့ သင့်ကလေးကို ထောက်ပံ့ပေးနေရတာကြောင့် ဖြစ်ရတာပါ။ ဒီအရည်တွေဟာ သင့်ရဲ့ ဆဲလ်တွေထဲမှာနေပြီး သွေးစီးဆင်းမှုကို တိုးမြင့်စေပါတယ်။ ဒါတွေက ခြေချင်းဝတ်တွေနဲ့ ခြေထောက်တွေ၊ လက်တွေကို ပိုပြီးရောင်ရမ်းလာစေပါတယ်။ ဒ့ါအပြင် သင့်ရဲ့သားအိမ်မှာ သွေးကြောတွေကို ခြေထောက်ဆီ ဦးတည်သွားအောင် ဖိအားပေးနေပါတယ်။ သွေးကြောတွေ ကျဉ်းလာတာနဲ့အမျှ ခြေထောက်တွေမှာ သွေးတွေအိုင်လာ၊ စုလာပြီး ဒါက ခြေထောက်ရောင်ခြင်းကို ဖြစ်ပေါ်စေပါတယ်။

**ကိုယ်ဝန်ဆောင်နေစဉ်မှာ ရောင်ရမ်းတာတွေလျော့ကျသွားဖို့ ဘာတွေ လုပ်နိုင်သလဲ**

ကိုယ်ဝန်ဆောင်စဉ်မှာ ရောင်ရမ်းခြင်းကိုခံစားနေရတာက သဘာဝပါပဲ။ ဒါပေမယ့် ဒါက သင့်ကို မသက်မသာဖြစ်စေတယ်ဆိုရင် သင်စမ်းကြည့်နိုင်တဲ့ အချက်တွေကို ဖော်ပြပေးထားပါတယ်။

- ခြေထောက်မှာ သွေးတွေစုမနေအောင် ဘေးစောင်းလှဲပါ။
- တတ်နိုင်သလောက် ခြေထောက်ကိုမြှောက်ထားပါ။ ဥပမာ- အိပ်ရာပေါ်မှာ လှဲနေရင်တောင် ခြေထောက်အောက်မှာ ကူရှင်တွေ ခံပေးပါ သို့မဟုတ် အလုပ်စားပွဲအောက်မှာ ခုံအသေးလေး ထားပေးပါ။
- ရောင်နေတဲ့ခြေထောက်နဲ့ ကွက်တိလောက်ဆန့်နိုင်ပြီး သက်သောင့်သက်သာရှိစေမယ့် ဖိနပ်ကိုစီးပါ။ တင်းကျပ်မာကြောတာတွေနဲ့ ခြေထောက်ကိုဖိထားနိုင်မယ့် ဖိနပ်မျိုးမစီးပါနဲ့။
- ထိုင်နေချိန်မှာခြေထောက်ချိတ်မထိုင်ပါနဲ့။
- အကြာကြီး မတ်တတ်ရပ်တာမျိုး မလုပ်ပါနဲ့။ လမ်းခဏ လျှောက်ခြင်းကို မကြာမကြာလုပ်ပေးခြင်းက သင့်ခန္ဓာကိုယ်အောက်ပိုင်းမှာ သွေးတွေစုလာခြင်းမှ ကာကွယ်ပေးနိုင်ပါတယ်။
- ခြေသလုံး သို့မဟုတ် ခြေချင်းဝတ်တစ်ဝိုက်မှာ တင်းကျပ်နေစေမယ့် အစည်းရှိနေတဲ့ ခြေအိတ်တွေ၊ stocking တွေကို မဝတ်ပါနဲ့။ နံနက်ခင်းအိပ်ရာထဲက ထမလာခင်မှာ ဝတ်လိုက်တာက သွေးတွေဟာ ခြေချင်းဝတ်နားမှာ စုလာဖို့အတွက် အခွင့်အလမ်းမရှိတော့ပါဘူး။
- ရေများများသောက်ပါ။ အံ့ဩစရာပါပဲ။ ဒီလိုရေသောက်လိုက်တာက ခန္ဓာကိုယ်ထဲမှာ ရေတွေစုဆောင်းထားခြင်းကို သက်သာစေပါတယ်။
- လမ်းလျှောက်ခြင်း သို့မဟုတ် လေ့ကျင့်ခန်းသုံးစက်ဘီးစီးခြင်းစတာတွေကို ပုံမှန်လေ့ကျင့်ပါ။ ရေကူးခြင်းနဲ့ water aerobics အတန်းတွေက ခြေထောက်ရောင်တာအတွက် ကောင်းပါတယ်။ ရေကနူးညံ့ပြီး ရောင်ရမ်းခြင်းကို လျော့ကျစေတယ်လေ။ အထူးသဖြင့် ရေလယ်ဗယ်က သင့်ပခုံးနားရှိနေရင် ပိုကောင်းပါတယ်။
- ထိုင်ခုံက ထမလာချင်တာမျိုးဖြစ်နေရင် ခြေထောက်ကို ကွေးလိုက်၊ ဆန့်လိုက်လုပ်တာ၊ အပေါ်အောက်ရွှေ့တာနဲ့ ခြေဖဝါးလှည့်နေတာမျိုး လုပ်လို့ရပါတယ်။



‘ကိုယ်ဝန်ဆောင်နေစဉ်မှာ ရောင်ရမ်းတာတွေ လျော့ကျသွားဖို့ ကောင်းကောင်းစားပါ။ Junk food တွေကို ရှောင်ပါ။ သဘာဝအတိုင်း ဗီတာမင်စီနဲ့ အီး ပြည့်ဝစွာပါဝင်တဲ့ အစာတွေကို စားသုံးပါ။’

ကောင်းကောင်းစားပါ။ Junk food တွေကို ရှောင်ပါ။ သဘာဝအတိုင်း ဗီတာမင်စီနဲ့ အီး ပြည့်ဝစွာပါဝင်တဲ့ အစာတွေကို စားသုံးပါ။ ဗီတာမင်စီ အရင်းအမြစ်ပါဝင်တဲ့ စားစရာတွေကတော့ citrus fruits တွေ၊ အနီရောင်နဲ့ အစိမ်းရောင် ငရုတ်ကောင်းတွေ၊ ဖရဲသီး၊ အာလူး၊ ခရမ်းချဉ်သီး၊ စတော်ဘယ်ရီ၊ ဂေါ်ဖီနဲ့ ပန်းပွင့်စတာတွေ ဖြစ်ပါတယ်။

ဗီတာမင်အီးပြည့်ဝစွာပါဝင်တဲ့ အစားအစာတွေကတော့ ဟင်းရွက်ဆီတွေ (အထူးသဖြင့် ပြောင်းဖူး၊ ပဲနဲ့ wheat germ oilတွေ)၊ နေကြာစေ့၊ wheat germ၊ သကြားပြောင်း၊ သီဟိုဠ်သီးနဲ့ ဗာဒံသီးတွေပါ။

ခြေထောက်ရောင်နေတာအတွက် သိပ်လည်းမစိုးရိမ်ပါနဲ့၊ မွေးပြီးတာနဲ့ edema ကလည်း အလိုလို ပျောက်သွားမှာပါ။ ။

# နှင်းခူနာ ပျောက်စေသော သဘာဝနည်းလမ်းများ

Dr. Phyu Mon Latt



‘နှင်းခူနာဟာ ယားယံစေပါတယ်။ ဒါပေမယ့် ကုတ်ခြင်းဟာ ပိုမိုယားယံစေပါတယ်။ ပြီးတော့ ကုတ်လိုက်ရင် အရေပြားကို ပျက်စီးစေပြီး ရောဂါပိုး ဝင်စေနိုင်ပါတယ်။ ဒါကြောင့် ကုတ်မယ့်အစား ယားယံခြင်းကို လျော့ကျစေတဲ့ နည်းလမ်းတွေဖြစ်တဲ့ ရေခဲကပ်ပေးခြင်း၊ moisturiser မကြာခဏသုံးပေးခြင်း၊ ရေချိုးခြင်းနဲ့ ဆေးလိမ်းခြင်းတို့ကို ပြုလုပ်သင့်ပါတယ်။’

**နှင်းခူနာဆိုတာဘာလဲ**

နှင်းခူနာဟာ အရေပြားကို နီရဲပြီး ယားယံစေတဲ့ အခြေအနေတစ်ခု ဖြစ်ပါတယ်။ ကလေးတွေမှာ အဖြစ်များပြီး အသက်အရွယ်တိုင်းမှာ ဖြစ်နိုင်ပါတယ်။ သူဟာ နာတာရှည်ဖြစ်ပြီး အချိန်ပိုင်းအလိုက် ပြန်ဖြစ်လိုက်၊ သက်သာသွားလိုက် ဖြစ်တတ်ပါတယ်။ ဒီရောဂါဟာ ပန်းနာရင်ကျပ် (သို့) ခာတ်မတည့်ရောဂါတို့နဲ့ တွဲဖြစ်တတ်ပါတယ်။

**ကုသမှု**

နှင်းခူနာကို ဘယ်လိုသဘာဝနည်းတွေနဲ့ ကုသနိုင်သလဲ။

- စိုစွတ်ပြီး အေးတဲ့အရာနဲ့ ဖိထားပါ။
- ဖြစ်ပွားတဲ့နေရာမှာ အရေပြားကိုကာကွယ်ဖို့နဲ့ ယားယံမှုကို ကာကွယ်ဖို့ ပတ်တီးစည်းထားနိုင်ပါတယ်။
- ရေနွေးနဲ့ ရေချိုးပါ။ ချိုးမယ့်ရေကို မုန့်ဖုတ်၊ ဆိုဒါ၊ မချက်ရသေးတဲ့ အုပ်ဂျုံသို့ colloidal oatmeal တွေဖြူးပေးပါ။ ၁၀ မိနစ်ကနေ ၁၅ မိနစ်အထိ စိမ်ပြီးအခြောက်သုတ်ကာ ဆေးပါတဲ့ လိုးရှင်းတွေ၊ အစိုဓာတ်ထိန်းပစ္စည်းတွေ၊ ဒါမှမဟုတ် နှစ်မျိုးလုံး ပေါင်းပြီး အသုံးပြုနိုင်ပါတယ်။
- ဆိုးဆေး (သို့) ရေမွှေးနံ့မပါတဲ့ ပျော့တဲ့ ဆပ်ပြာကို အသုံးပြုပါ။
- ရေချိုးပြီးရင် ဆပ်ပြာကိုပြောင်အောင် ရေဆေးချသင့်ပါတယ်။
- ချွတ်ဆေးနဲ့ ရေချိုးပါ။

ရေရောထားတဲ့ အရောင်ချွတ်ဆေး အပျော့တွေဟာ အရေပြားပေါ်က ဘက်တီးရီးယားပိုးတွေနဲ့ သူတို့ကြောင့် ဖြစ်စေတဲ့ ရောဂါတွေကို လျော့ကျစေပါတယ်။ အိမ်သုံးအရောင် ချွတ်ဆေးတွေကို ခွက်တစ်ဝက်လောက်ထည့်ပြီး ရေနွေး ဂါလန် ၄၀ နဲ့ ရောပြီး ရေချိုးကန်ထဲကို ထည့်သင့်ပါတယ်။ ရေချိုးကန်ဟာ စံနှုန်းနဲ့ တိုင်းတာထားခြင်းဖြစ်ပြီး အပေါက်ကို ရေလျှံမကျအောင် တွက်ချက်ထားခြင်း ဖြစ်ပါတယ်။ လည်ပင်းကနေ ဖြစ်ပွားတဲ့ အရေပြားအထိကို ဆယ်မိနစ်ခန့်စိမ်ပါ။ ခေါင်းကိုမစိမ်ပါနဲ့။ ပြီးရင် ရေဆေးချပြီး အခြောက်သုတ်ကာ အစိုဓာတ်ထိန်း moisturiser သုံးသင့်ပါတယ်။ ဒီလို ချွတ်ဆေးသုံးပြီး ရေချိုးခြင်းကို တစ်ပတ်မှာ နှစ်ခါကနေ သုံးခါထက်ပိုပြီး အသုံးမပြုသင့်ပါဘူး။

**လက်တွေကို ကာကွယ်ပါ**

ရေတွေ အခြားအရာတွေနဲ့ ထိတွေ့ရတာကြောင့် လက်တွေ ယားယံနိုင်ပါတယ်။ ပန်းကန်ဆေးရင် (သို့) လက်ရေစိုမယ်ဆိုရင် လက်အိတ်ဝတ်သင့်ပါတယ်။ ချည်သားလက်အိတ်တွေကို ပလတ်စတစ်လက်အိတ်တွေ အောက်ကဝတ်ခြင်းဟာ ချွေးကိုစုပ်ယူစေတာကြောင့် ယားယံခြင်းကို လျော့နည်းစေပါတယ်။ အခြားအလုပ်တွေ လုပ်နေရင်တောင်မှ ချည်သားလက်အိတ်တွေက ကာကွယ်ပေးပါတယ်။ အေးတဲ့ရာသီဥတုမှာ အပြင်ထွက်ရင် သားရေ (သို့) ချည်သားလက်အိတ်တွေကို လေအေးတွေနဲ့ မထိစေဖို့ အတွက် အသုံးပြုသင့်ပါတယ်။ အမွှေးတွေပါတဲ့ လက်အိတ်တွေကတော့ ယားယံစေနိုင်ပါတယ်။

**ခြောက်သွေ့ယားယံနေတဲ့ အရေပြားကိုရေဓာတ်ဖြည့်တင်းပါ**

Moisturiser လိမ်းခြင်းဟာ နှင်းခူနာ ထိန်းချုပ်ဖို့အတွက် အကောင်းဆုံးနည်းလမ်းတစ်ခု ဖြစ်ပါတယ်။ ဒါပေမယ့် moisturiserကို အဝတ်လျှော်အပြီးနဲ့ ရေချိုးအပြီးမှာ အသုံးပြုသင့်ပါတယ်။ အကောင်းဆုံးဖြစ်ဖို့အတွက် ဘာမှမပါတဲ့ အနံ့ကင်းတဲ့ moisturiser ကို လိမ်းသင့်ပါတယ်။ ထပ်ထည့်ပစ္စည်းတွေ၊ ဓာတုပစ္စည်းတွေဟာ အရေပြားကို ယားယံစေနိုင်တာကြောင့် ၎င်းပစ္စည်းတွေ မပါတဲ့ moisturiserကိုအသုံးပြုသင့်ပါတယ်။ ပိုမိုပျစ်တဲ့ အရာတွေဖြစ်တဲ့ လိမ်းဆေးတွေ၊ ခရင်မ်တွေဟာ အရေပြားကိုကာကွယ်မှု အပေးနိုင်ဆုံးဖြစ်ပါတယ်။

**နှင်းခူနာအကွက်တွေကို မကုတ်ပါနဲ့**

နှင်းခူနာဟာ ယားယံစေပါတယ်။ ဒါပေမယ့် ကုတ်ခြင်းဟာ ပိုမိုယားယံစေပါတယ်။ ပြီးတော့ ကုတ်လိုက်ရင် အရေပြားကို ပျက်စီးစေပြီး ရောဂါပိုးဝင်စေနိုင်ပါတယ်။ ဒါကြောင့် ကုတ်မယ့်အစားယားယံခြင်းကို လျော့ကျစေတဲ့ နည်းလမ်းတွေဖြစ်တဲ့ ရေခဲကပ်ပေးခြင်း၊ moisturiser မကြာခဏသုံးပေးခြင်း၊ ရေချိုးခြင်းနဲ့ ဆေးလိမ်းခြင်းတို့ကို ပြုလုပ်သင့်ပါတယ်။

**နှင်းခူနာ ပြန်ထခြင်းမှကာကွယ်ဖို့ ချွေးအလွန်အကျွံထွက်ခြင်းကို ကာကွယ်ပါ**

လူအချို့အတွက်ကတော့ ပူလွန်းခြင်း (သို့) ချွေးထွက်ခြင်းဟာ နှင်းခူနာကို ပြန်ထစေပါတယ်။ ဒီလိုလူနာတွေအတွက်ဆိုရင်တော့ လေ့ကျင့်ခန်းလုပ်ပြီးပြီးချင်း ရေချိုးသင့်ပါတယ်လို့ Cambio က ပြောပါတယ်။

**သင့်ကိုယ်သင် သေချာစွာအခြောက်ခံပါ**

ရေချိုးပြီးရင် အရေပြားကို လက်ဖဝါးနဲ့ လျင်မြန်စွာ သုတ်ပြီး ခြောက်သွေ့တဲ့ တဘက်နဲ့သုတ်ကာ moisturiser လိမ်းသင့်ပါတယ်။ ။

## ကြော်ငြာ


**စည်းစိမ်မင်း** 09-444450446, 09-444450558, 09-250144709

ကျိုက်ထီးရိုး(နေ့စဉ်) ✦ ချောင်းသာ (နေ့စဉ်) — Mar 30, Apr 6, 12, 13, 20, 27

**ရွှေလမ်းညွှန်**

ဥက္ကလာ၊ ... 115000 ... 75000 ... 45000

09-420087371, 09-259302029

**NEW MOTION** Travels & Tours

ရွှေဂျားသစ်လွှင် သင်္ကြန်ခရီးစဉ်

| | | | |
|---|---|---|---|
| ✱ ပုဂံ ခရီးစဉ် | - April 12,13 | ✱ မော်လမြိုင် - ဘားအံ ခရီးစဉ် | - April 12 |
| ✱ ချင်း ခရီးစဉ် | - April 12,14 | ✱ မြဝတီ - မဲဆောက် ခရီးစဉ် | - April 12,13 |
| ✱ တောင်ကြီး ခရီးစဉ် | - April 12,13 | ✱ တောင်ကြီး - ပုဂံ ခရီးစဉ် | - April 12 |
| ✱ ထားဝယ် - ကန်ချန်ဘူရီ ခရီးစဉ် | - April 13 | ✱ ပလောင်/ငွေဆောင်ခရီးစဉ် | - April 13 |

Ph; 09 731 489 22, 09 260 792 879, 09 260 792 878, 527 922, 538 811

**ရခိုင်ဘုရားဖူး သင်္ကြန်** Apr - 13, 20 Apr - 12

270000/- ... 220000/- ... 150000/- ... 181 ... Ph:09448003431, 0949660481

**နေကြယ်မင်း** ခရီးသွားလုပ်ငန်း သင်္ကြန်အထူး

(13-4-2018) 180000

Ph: 09-421150799, 09-799944912, 09-263614466

**ASIA MAN** 09 400343990, 400343992, 764299405 April 12/13/17

**မအိ သင်္ကြန်အထူးခရီးစဉ်** Apr-12

09.764481447, 09.421008185, 09.776356574

**Ever Clean Travel & Tour**

| | | |
|---|---|---|
| ✱ တောင်ကြီး-အင်းလေး-ပင်းတယ-ကလော | (၄ည ၅ရက်) | April-12 |
| ✱ ချင်းပြည်-ကန်ပက်လက်မြို့-ဒေါ်နုဆုမ်(ခ)ဝိတိုရိယတောင် | (၄ည ၅ရက်) | April-12 |
| ✱ ကလော(Trekking)-မိန်းမရိုးတောင်-မြသပိတ်ရေပြာအိုင် | (၄ည ၅ရက်) | April-12 |
| ✱ လွိုင်ကော်-ပန်ပက်-ဒီမောဆို-ထီးစခါးရေတံခွန် | (၄ည ၅ရက်) | April-12 |
| ✱ ပုဂံ(ရွှေစက်တော်)-ပုပ္ပါး-ပုပ္ပား | (၄ည ၅ရက်) | April-12 |
| ✱ မြဝတီ-မဲဆောက်-ဘားအံ | (၄ည ၅ရက်) | April-12 |

09-33886666, 09-795185522

**ပဒုမ္မာ** 09-444463699 09-444462599 သင်္ကြန်အထူး

**Padamyar Myat Su Mon Co., Ltd.**

| | | |
|---|---|---|
| မြဝတီ-မဲဆောက်-ဘားအံဘုရားစုံ(၄)ရက် | မဲဆောက် (၂ည) | 150000/- |
| ထားဝယ်-ရှင်ကိုးရှင်-မောင်းမကန်-ကျိုက္ကမီ(၅)ရက် | Apr12,13 | 180000/- |
| ငါးရန်ကျွန်းအထူးခရီးစဉ် | ဘန်ကရိ (၁ညအိပ်/၂ညအိပ်) | 170000/- |

**ဒဂုံမြို့သစ်** Ph:09 404663906 09-763584856

**မြေတူးစက်(Backhoe)ရောင်းမည်**

လက်ရှိအသုံးပြုနေဆဲ အပေါင်း/အကောင်း

20 Ton (Kobelco) = 260 သိန်း

4.5 Ton (Comatsu) = 160 သိန်း

Ph: 09-785084831



**၂၀၁၈-၂၀၁၉ စာသင်နှစ်အတွက်**

**ဦးညာဏ်လွင်** B.Sc(Phy), M.Sc(Thesis)

၉ တန်းနှင့် ၁၀ တန်း ◆ ဘာသာစုံဝိုင်းများ ◆ ရူပဗေဒသီးသန့်တန်းများ

ကျောင်းကြိုအပ် လက်ခံပြီ

09-425372209, 09-420737118, 01-253205

**ဗိတိုရိယဆေးရုံ** Victoria Hospital — HVC

**နှစ်သစ်ကူးအထူးသင်္ကြန် အထူးအစီအစဉ်**



**Dr. Pavlin Pavlov**

MD, Fellowship in Interventional Cardiology (Bulgaria)

**Free Consultation**

ဧပြီလ (၂၊၃၊၄၊၅၊၆) ရက်နေ့များတွင် ဗိတိုရိယဆေးရုံ၊ နှလုံးနှင့်သွေးကြောပြစ်ပလူနာဌာနတွင်

နှလုံးရောဂါဝေဒနာရှင် (၁၀၀) ဦးအား အခမဲ့ တိုင်ပင်ဆွေးနွေးပေးသွားမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

မတ်လ (၃၀)ရက်နေ့ နောက်ဆုံးထား၍ ဖုန်းနံပါတ် ၀၉-၅၅၅ ၆၆၂ ၉၃၅ နှင့် ၀၉-၅၇၈ ၉၀၀ ၆၀၃ သို့ အခမဲ့စာရင်းပေးသွင်းနိုင်ပါသည်။


**ဖုံ-၅-ကောင်** သွေးချို-ဆီးချိုကျဆေးနှင့် သွေးတိုးကျဆေး

ဒေါက်တာစိုးမြင့်အောင်(ဝါးခယ်မ) Ph.D (Alternative Medicines)

■ 2018 March 31, April 1, 2 နေ့များတွင် Novotal Hotel ၌ ကျင်းပပြုလုပ်မည့် အိမ်ရာအရောင်းပြပွဲ၌ Grand Myakanthar Condominium ရှိ အဆင့်မြင့် ပြင်ဆင်ပြီး အသင့်နေထိုင်နိုင်သော အခန်းများကို AYA Bank နှင့် ချိတ်ဆက်၍ (၁၅)နှစ် အရစ်ကျ ငွေပေးချေမှုပုံစံဖြင့် လက်ရောက်ရယူ ဝယ်ယူနေထိုင်နိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

■ (ပြပွဲကာလအတွင်း အထူးနှုန်း Discount များဖြင့် ရောင်းချပေးပါမည်။)

■ တစ်ခန်း Car Parking (၂)စီးနှုန်းအထိရရှိမည့် အဆင့်မြင့်ပြင်ဆင်ပြီး အခန်းများကို ဆောက်လုပ်ပြီး အဆောက်အဦသို့ လူကြီးမင်းတို့ကိုယ်တိုင် ကြိုတင်လာရောက် လေ့လာနိုင်ပါကြောင်း နှေးထွေးစွာဖြင့် ဖိတ်ခေါ်အပ်ပါသည်။




Develop By

**တကောင်းဘွားကုမ္ပဏီလီမိတက် TA GAUNG BWAR CO.,LTD.**

No (204), Bogyoke Aung San Road, Botahtaung Township, Yangon.

Hot Line : 09 830 2000, 09 830 2888, 09 5026504

Email:tagaungbwarcompany@gmail.com , Facebook:Ta Gaung Bwar Construction

တည်နေရာ - မြကန်သာလမ်းမကြီး၊ လှိုင်မြို့နယ်။ (ဘုရင့်နောင်လမ်းမကြီးမှလာ၍ သီရိမင်္ဂလာဈေးသစ်ရှေ့ရှိ ISM ကျောင်းဘေးမြကန်သာလမ်းမသို့ဝင်ရန်)

# KER

Kabar Aye Executive Residence

SALE GALLERY
OPEN HOUSE



သုံးလိုက်ရတာက.....
ကွန်ဒိုတန်ဖိုး

ပြန်ရလိုက်တာက.....
လုံးချင်းအိမ်တန်ဖိုး

ပထမဆုံးဝယ်ယူသူ(၁၀)ဦးအတွက်

ကျပ်သိန်းပေါင်း ၁၀,၀၀၀
အထက် ခံစားခွင့်

27th TO 31st MARCH 2018

NO.65, KABARAYE PAGODA ROAD
MAYANGONE TOWNSHIP, YANGON

10AM TO 5PM

09 799996655 09 785166291 09 420042844

FACEBOOK :
Kabaraye Executive Residence

Land Developer
LIVING SQUARE CO.,LTD.

# ဦးပိန်တံတားပေါ်တွင် ဖွင့်လှစ်ထားသည့် ဈေးဆိုင်များအား စတင်ဖယ်ရှား

**မန္တလေး မတ် ၂၆**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်အတွင်းရှိ ဦးပိန်တံတားပေါ်တွင် ဖွင့်လှစ်ထားသည့် ဈေးဆိုင်များကို မတ် ၂၆ ရက် နံနက် ၆ နာရီက စတင်ဖယ်ရှား ရှင်းလင်းခဲ့ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ သန့်ရှင်းရေးဌာနမှ သိရသည်။

"ဦးပိန်တံတားက ရှေးဟောင်း အမွေအနှစ် စာရင်းဝင် တံတားကြီးဖြစ်တာကြောင့် တံတားပေါ်မှာရှိတဲ့ ဈေးဆိုင်တွေကို ဖွင့်လှစ်ရောင်းချခြင်းမပြုလုပ်ဖို့ ရှေးဟောင်းက တာဝန်ရှိသူလက်မှတ်ရေးထိုးထားတဲ့ အကြောင်းကြားစာကို ကြိုတင်အသိပေးဖြန့်ဝေထားတယ်၊ စာထုတ်ဝေပြီး သုံးရက်အကြာမှာ ရှင်းလင်းဖို့ အစီအစဉ်ရှိပေမယ့် ရှင်းလင်းမယ့်နေ့က ရုံးပိတ်ရက်ဖြစ်နေတဲ့အတွက် ရုံးဖွင့်ရက်ဖြစ်တဲ့ ဒီနေ့မှ ဖယ်ရှားရှင်းလင်းတာပါ" ဟု အဆိုပါဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယခုကဲ့သို့ ဖယ်ရှားရှင်းလင်းခြင်းမပြုမီ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(မန္တလေးဌာနခွဲ)၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စီမံကိန်းရုံးတို့မှ တာဝန်ရှိသူများနှင့် မြို့နယ် ရပ်မိ ရပ်ဖများပါဝင်သော ပူးပေါင်းအဖွဲ့က တံတားပေါ်ရှိ ဈေးဆိုင်များကို ကနဦးစာရင်းကောက်ယူခဲ့ပြီး ကောက်ယူရရှိသည့် ဈေးဆိုင် ၆၁ ဆိုင်ကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (မန္တလေးဌာနခွဲ)မှ မတ် ၂၁ ရက်က အကြောင်းကြားစာ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်သည်။

**စာမျက်နှာ ၁၁ ကော်လံ ၃ သို့ ✳**



# ရန်ကုန်ဝါးတားဘတ်စ် တွံတေးမြို့သို့ ဘုရားဖူး အထူးခရီးစဉ် တိုးချဲ့ပြေးဆွဲ

**ရန်ကုန် မတ် ၂၆**

ရန်ကုန်ဝါးတားဘတ်စ်(Yangon Water Bus) မှ ပုံမှန်သယ်ယူပို့ဆောင်ရေးလမ်းကြောင်းဖြစ်သည့် ဗိုလ်တထောင်-အင်းစိန် ခရီးစဉ်အပြင် ကျောက်တန်းရေလယ်ဘုရားဖူးခရီးစဉ်၊ တွံတေးရွှေဆံတော်ဘုရားဖူးခရီးစဉ်တို့ကို တိုးချဲ့ပြေးဆွဲလာကြောင်း တင့်တင့်မြန်မာကုမ္ပဏီမှ သိရသည်။

**စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❖**

# မောင်တောမြို့နယ်တွင် စိုက်ပျိုးရေနှင့် သောက်သုံးရေရရှိရေး ကိုင်းကြီးကျေးရွာအနီး တစ်ဖက်ပိတ်ဆည် တည်ဆောက်

**မောင်တော မတ် ၂၆**

မောင်တောမြို့နယ်ရှိ ဒေသခံများ သောက်သုံးရေနှင့် စိုက်ပျိုးရေဖူလုံစွာရရှိစေရေးအတွက် ဆည်မြောင်းဦးစီးဌာနမှ ဆည်တမံပေါင်း ၂၆ ခု တည်ဆောက်လျက်ရှိပြီး ယခုနှစ်တွင် ပြည်နယ်အစိုးရရန်ပုံငွေဖြင့် ကိုင်းကြီးကျေးရွာအပါအဝင် အနီးအနားရှိ ကျေးရွာနေပြည်သူများအတွက် သောက်သုံးရေနှင့် စိုက်ပျိုးရေဖူလုံစွာရရှိစေရန်အတွက် ကိုင်းကြီးတစ်ဖက်ပိတ်ဆည်ကို တည်ဆောက်လျက်ရှိကြောင်း သိရသည်။ **(ယာပုံ)**

"ဒီဆည်နာမည်က ကိုင်းကြီးလျှိုပိတ်ဆည်ပါ၊ ဆည်တည်နေရာက မောင်တောမြို့ ကိုင်းကြီးကျေးရွာအရှေ့မြောက်ဘက် ပေ ၃၀၀၀ ခန့်အကွာမှာ ရှိပါတယ်၊ ဆည်အမျိုးအစားက ကျောက်ကပ်မြေသားတမံအမျိုးအစားဖြစ်ပါတယ်၊ ဒီတမံ တည်ဆောက်ရတဲ့ ရည်ရွယ်ချက်ကတော့ နွေစပါးဧက ၁၀၀ အတွက် စိုက်ပျိုးရေနဲ့ ကိုင်းကြီးကျေးရွာအပါအဝင် တခြားကျေးရွာတွေက ဒေသခံတွေ သောက်သုံးရေရရှိရေးအတွက် တည်ဆောက်ခဲ့တာဖြစ်ပါတယ်" ဟု မောင်တောမြို့နယ် ဆည်မြောင်းဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးကျော်မိုးနိုင်က ပြောသည်။

ကိုင်းကြီးတစ်ဖက်ပိတ်ဆည်သည် တမံအလျားပေ ၃၀၀၊ အမြင့်ပေ ၂၀၊ ထိပ်ဝ အကျယ် ၁၅ ပေ၊ အောက်ခြေအကျယ် ၁၃၅ ပေ၊ ရေဝပ်ဧရိယာ ဧက ၂၀ ရှိကာ မိုးရာသီတွင် ရွာသွန်းသော မိုးရေများအား သိုလှောင်ပြီး မောင်တောမြို့နယ်

**စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ○**



